အခွင့်အရေးများ
တာဝန်ယူမှုများ
ကိုယ်စားပြုခြင်း

သင်တန်းဆရာများ
လက်စွဲ

International
Labour
Organization

# ကလေးသူငယ်များ၊ လူငယ်များနှင့် မိသားစုများကို လုပ်ပိုင်ခွင့် ပေးအပ်ခြင်း

## မြန်မာနိုင်ငံအတွက် ဘဝသက်တာ ကျွမ်းကျင်မှုများကို အထောက်ကူပေးခြင်း

## သင်ရိုး ၄ – မိသားစုတွင်းရှိအလုပ်နှင့် အရင်းအမြစ်များ



3-R သင်တန်းဆရာများလက်စွဲ

# ကလေးသူငယ်များ၊ လူငယ်များနှင့် မိသားစုများကိုလုပ်ပိုင်ခွင့် ပေးအပ်ခြင်း

## အခွင့်အရေးများ ၊ တာဝန်ယူမှုများ နှင့် ကိုယ်စားပြုခြင်း

**မြန်မာနိုင်ငံအတွက် ဘဝသက်တာ ကျွမ်းကျင်မှုများကို အထောက်ကူပေးခြင်း**

သင်ရိုး ၄ မိသားစုတွင်းရှိ အလုပ်နှင့် အရင်းအမြစ်များ

Fundamental Principles and Rights at Work Branch
International Labour Organization

မူပိုင်ခွင့် © အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ၂၀၁၇
ပထမအကြိမ်ထုတ်ဝေသည်။ ၂၀၁၇

ကမ္ဘာ့တစ်လွှားမူပိုင်ခွင့်သဘောတူညီချက်ကျင့်ဝတ် ၂ အရ အိုင်အယ်လ်အို၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံးမှမူပိုင်ခွင့်အနေဖြင့်ပုံနှိပ်ထုတ်ဝေခြင်းဖြစ်သည်။ မည်သည့်မူလရင်းမြစ်မှကူးယူကြောင်းဖော်ပြပါက ခွင့်ပြုချက်ရယူမှုမရှိသော်လည်း အစိတ်အပိုင်းတို လေးများကို ထုတ်နုတ်ကိုးကားဖော်ပြခွင့်ရှိပါသည်။ ပြန်လည်ဆင့်ပွားခြင်း (သို့) ဘာသာပြန်မှုများအတွက် အိုင်အယ်လ်အို ပုံနှိပ်ထုတ် ဝေခြင်း (လုပ်ပိုင်ခွင့်နှင့်ခွင့်ပြုချက်)၊ အပြည်ပြည်ဆိုင်ရာအပြည်ပြည်ဆိုင်အလုပ်သမားရုံး၊ CH-1211 ဂျီနီဗာ ၂၂၊ ဆွီဇလန် (သို့) အီးမေးလ် - rights@ilo.org သို့လျှောက်ထားတောင်းခံရပါမည်။အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံးမှ ထိုကဲ့သို့ လျှောက်ထားမှုများကို လက်ကမ်းကြိုဆိုပါသည်။ စာကြည့်တိုက်များ၊ အဖွဲ့အစည်းများနှင့် အခြားမှတ်ပုံတင်ထားသည့် ပြန်လည်ဆင့်ပွားအဖွဲ့အသည်းများကသူတို့ အားချမှတ်ပေးထားသည့်လိုင်စင်နှင့်အညီပြန်လည်ကူးယူနိုင်ပါသည်။သင့်နိုင်ငံအတွင်းတွင်ရှိသော ပြန်လည်ဆင့်ပွားခွင့်www.ifrro.org သို့ဝင်ရောက်ကြည့်ရှုနိုင်သည်။

---

**FUNDAMENTALS**

အခွင့်အရေး၊ တာဝန်ယူမှု၊ ကိုယ်စားပြုခြင်း၊ ကလေးများ၊ လူငယ်များနှင့် မိသားစုများကို လုပ်ပိုင်ခွင့်ပေးအပ်ခြင်း၊ မြန်မာနိုင်ငံအတွက် ဘဝသက်တာကျွမ်းကျင်မှုများကို အထောက်ကူပေးခြင်း/International Labour Office, Fundamental Principles and Rights at Work Branch (FUNDAMENTALS) - Yangon: ILO, 2017.

ISBN: 978-92-2-830850-1(Print); 978-92-2-830851-8(Web PDF)

International Labour Office; Fundamental Principles and Rights at Work Branch

အင်္ဂလိပ်ဘာသာဖြင့်လည်းဖတ်ရှုနိုင်သည်။Empowerment for children, youth and families: 3-R trainers' kit on rights, responsibilities and representation - Supporting Life Skills in Myanmar(ISBN 978-92-2-130249-0 (print); 978-92-2-130250-6(Web PDF)),Yangon, 2017

အိုင်အယ်လ်အို ပုံနှိပ်ထုတ်ဝေခြင်းအချက်အလက်စာရင်းပြုစုခြင်း

## အသိအမှတ်ပြုမှု

ဤပုံနှိပ်ထုတ်ဝေခြင်းအားILO အတွက် Busakorn Suriyasarn, Nelien Haspels and Rosalinda Terhorst မှ အသေးစိတ်စီစဉ်ပြင်ဆင်ပြီး မြန်မာနိုင်ငံကလေးသူငယ်အလုပ်သမားပပျောက်ရေးအစီအစဉ် (My-PEC)၊ILO ရန်ကုန်ရုံးမှ Selim Benaissa မှညှိနှိုင်းဆောင်ရွက်သည်။
ဤ ILO ပုံနှိပ်ထုတ်ဝေခြင်းအတွက် ရန်ပုံငွေအား အမေရိကန်ပြည်ထောင်စု အလုပ်သမားဌာနမှ ထောက်ပံ့ပေးသည်။ (Project MMR/13/10/USA).
ဤပုံနှိပ်ထုတ်ဝေခြင်းသည် အမေရိကန်ပြည်ထောင်စု အလုပ်သမားဌာန၏ အမြင်(သို့) မူဝါဒများနှင့် သက်ဆိုင်မှုမရှိပါ။ (သို့) လုပ်ငန်းအမည်၊ စီးပွားရေးထုတ်ကုန်များ (သို့) အမေရိကန်ပြည်ထောင်စုအစိုးရမှ အတည်ပြုထောက်ခံထားသောအဖွဲ့အစည်း များ အဖြစ်ဖော်ပြထားခြင်းမရှိပါ။

ILO ပုံနှိပ်ထုတ်ဝေခြင်းသည် ကုလသမဂ္ဂ၏လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ဝေပြီး တင်ပြမှုများတွင် ပါဝင်သောအကြောင်းအရာများသည်လည်း ILO က မည်သည့်နိုင်ငံ၊ ဒေသ (သို့) နယ်မြေများ၏အခြေအနေပေါ်မှ မူတည်ခြင်းမရှိပဲ တင်ပြထားခြင်းဖြစ်ပါသည်။
အမည်နှင့်တကွ ရေးသားဖော်ပြထားသည့် ဆောင်းပါးများ၏တွေးခေါ်ထင်မြင်ချက်၊ လေ့လာချက်နှင့် အခြားသတင်းဆောင်းပါးများ သည် စာရေးသူနှင့်သာ သက်ဆိုင်ပြီးပုံနှိပ်ထုတ်ဝေရာတွင်လည်း ILO၏ရေးသွင်းချက် ထင်မြင်ယူဆချက်များလုံးဝမရှိပါ။
ILO အနေဖြင့်လုပ်ငန်းများ၊ စီးပွားဖြစ်ထုတ်ကုန်များနှင့် ဖြစ်စဉ်များ၏ အမည်နာမများအားထုတ်ဝေသည့် စာအုပ်တွင်ဖော်ပြရည်ညွှန်းခဲ့သော်သွယ်ဝိုက်၍ ထောက်ခံခြင်းမဟုတ်သလို မဖော်ပြပါကလည်း သဘောမကျမနှစ်သက်၍ မဖော်ပြခြင်းမဟုတ်ပါ။
ILO ပုံနှိပ်ထုတ်ဝေခြင်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ထုတ်ကုန်များကို အဓိကစာအုပ်ရောင်းသူထံမှတစ်ဆင့်နှင့် လျှပ်စစ်ပိုင်းဆိုင်ရာဖြန့်ဝေသူများထံမှရရှိနိုင်မည်။ (သို့) ilo@turpin-distribution.com မှတစ်ဆင့်မှာယူနိုင်သည်။ ပိုမိုသိရှိလိုပါက ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ်ဖြစ်တဲ့ www.ilo.org/publns or contact ilopubs@ilo.org သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ်: www.ilo.org/ipec

မြန်မာနိုင်ငံတွင် ထုတ်ဝေသည်။
K Creative House မှ စာအုပ်ဒီဇိုင်းဆွဲသည်။

# မာတိကာ


| | | |
|---|---|---|
| သင်ရိုးအကျဉ်းချုပ် | | ၁ |
| **အခန်း ၄.၁** | **မိသားစုတွင်းတွင် မည်သူကမည်သည့် အလုပ်ကိုလုပ်ရပြီး မည်သူမှာ ပြောရေးဆိုခွင့် ရှိပါသလဲ?** | **၃** |
| **လေ့ကျင့်ခန်း ၄.၁.၁** | **ကျွန်ုပ်၏ (၂၄) နာရီ** | ၅ |
| | သင်ထောက်ကူ ၄.၁.၁ က : ကျွန်ုပ်၏ ၂၄ နာရီ | ၁၄ |
| | သင်ထောက်ကူ ၄.၁.၁ ခ : ကလေးများ၏ ၂၄ နာရီခွဲခြမ်း လေ့လာမှုဇယား | ၁၅ |
| | သင်ထောက်ကူ ၄.၁.၁ ဂ : အရွယ်ရောက်ပြီးသူများ၏ ၂၄ နာရီခွဲခြမ်းလေ့လာမှုဇယား | ၁၆ |
| | သင်ထောက်ကူ ၄.၁.၁ ဃ : အမျိုးသားများနှင့် ယောက်ျားလေး များလုပ်ရသည့် အလုပ်များပြ ပုံပါကတ်များ | ၁၇ |
| | သင်ထောက်ကူ ၄.၁.၁ င : အမျိုးသမီးများနှင့် မိန်းကလေးများ လုပ်ရသည့် အလုပ်များပြ ပုံပါကတ်များ | ၁၈ |
| **လေ့ကျင့်ခန်း ၄.၁.၂** | **မိသားစုနစ်စု၏ဇာတ်လမ်းများ** | ၁၉ |
| | သင်ထောက်ကူ ၄.၁.၂ က : မိသားစုနစ်စု၏ ဇာတ်လမ်းများ : အဖွဲ့လိုက်လုပ်ဆောင်မှု လမ်းညွှန် ချက်များ | ၂၅ |
| | သင်ထောက်ကူ ၄.၁.၂ ခ : မိသားစုနစ်စု၏ ဇာတ်လမ်းများ : ဖြေရှင်းချက်များ | ၂၉ |
| | အကျဉ်းချုပ်မှတ်စု : မိသားစုတွင်းရှိ အရင်းအမြစ်များ နှင့် အကျိုးခံစားခွင့်များ | ၃၂ |
| **အခန်း ၄.၂** | **ကလေးလုပ်သားဟူသည် အဘယ်နည်း။** | **၃၅** |
| **လေ့ကျင့်ခန်း ၄.၂.၁** | **အလုပ်လုပ်နေသောကလေးများ : မည်သည်တို့ကို လက်ခံနိုင်ပြီး မည်သည်တို့ကို လက်မခံနိုင်ပါသလဲ။** | ၃၇ |
| | သင်ထောက်ကူ ၄.၂.၁ က : ကလေးလုပ်သား ဉာဏ်စမ်းပဟေဠိ | ၄၃ |

| | | | |
|---|---|---|---|
| | သင်ထောက်ကူ ၄.၂.၁ ခ | : ကလေးလုပ်သား ဉာဏ်စမ်းပဟေဠိ : အဖြေများနှင့် ဆွေးနွေးမှုများ | ၄၄ |
| | အကျဉ်းချုပ်မှတ်စု | : ကလေးလုပ်သား : အဓိကသုံးနှုန်းသည့် ဝေါဟာရများ၊ ကိန်းဂဏန်း အချက်အလက်များနှင့် အကြောင်းရင်းများ၊ သက်ရောက်မှုများ | ၅၁ |
| **လေ့ကျင့်ခန်း ၄.၂.၂** | **အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံရသော ကလေးလုပ်သားများမှာ အဘယ်နည်း။** | | ၆၅ |
| | သင်ထောက်ကူ ၄.၂.၂ က | : အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေမှုများ၏ အခြေအနေပြကတ်ပြား | ၇၁ |
| | သင်ထောက်ကူ ၄.၂.၂ ခ | : ဆောင်ရွက်ရန်စာရင်း : ထိုကလေးသည် ဘယ်သူလဲ? | ၇၃ |
| | သင်ထောက်ကူ ၄.၂.၂ ဂ | : နှစ်နှစ်ခန့်ကြာပြီးနောက် | ၇၄ |
| | အကျဉ်းချုပ်မှတ်စု | : အဆိုးဝါးဆုံးပုံစံ ကလေးလုပ်သား | ၇၅ |

**ထပ်မံဖတ်ရှုရန်အတွက် အရင်းအမြစ်များ** ၈၆

# ■ သင်ရိုး ၄ မိသားစုတွင်းရှိအလုပ်နှင့် အရင်းအမြစ်များ



## သင်ရိုးအကျဉ်းချုပ်

ဤသင်ရိုးသည်အိမ်ထောင်စုများအတွင်းရှိမိသားစုတာဝန်များ၊လက်လှမ်းမီရရှိနိုင်မှုနှင့်အရင်းအမြစ်များနှင့် သက်ဆိုင်သောသင်ရိုးဖြစ်သည်။ ပထမအခန်းတွင် ပါဝင်တက်ရောက်သူများသည် မိသားစုတွင်းရှိ အမျိုးသမီး၊ အမျိုးသား၊ မိန်းကလေး၊ ယောကျ်ားလေးများ၏ အလုပ်တာဝန်ခွဲဝေမှုနှင့် အရင်းအမြစ်များ မျှဝေသုံးစွဲမှုတို့ကို ခွဲခြမ်းလေ့လာရန်ဖြစ်သည်။ လေ့ကျင့်ခန်းများမှ မိသားစုတွင်းရှိလူတိုင်းလူတိုင်း၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများအပေါ်တွင် လွှမ်းမိုးသည့် ကျားမကွဲပြားမှုနှင့် အသက်အရွယ်များဆိုင်ရာ စံနှုန်းများနှင့် တန်ဖိုးများ၊ မတူကွဲပြားသည့် မိသားစုဝင်များ၏ မိသားစု အရင်းအမြစ်များနှင့် အကျိုးခံစားမှုများကို လက်လှမ်းမီရရှိထိန်းချုပ်နိုင်မှုအတိုင်းအတာ စသည်တို့ကို တင်ပြထားသည်။ ဒုတိယအခန်းတွင် သင်တန်းသူ၊ သင်တန်းသားများသည် ကလေးသူငယ်များအတွက် မည်သို့သောအလုပ်ပုံစံသည် သင့်လျော်ပြီး ‘ကလေးသူငယ်အတွက်အလုပ်’ ဟုသတ်မှတ်နိုင်ပြီး မည်သို့သောပုံစံသည် ကလေးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အန္တရာယ်ရှိပြီး ကလေးလုပ်သားဖြစ်စေနိုင်သည် စသည်တို့ကို စဉ်းစားဆုံးဖြတ်ရန်ဖြစ်သည်။ ပါဝင် တက်ရောက်သူများသည် မည်သည်တို့သည် ကလေးသူငယ်များအတွက် အဓိကဘေးအန္တရာယ်ရှိသောအလုပ်၊ အဆိုးဝါး ဆုံးပုံစံကလေးလုပ်သားများနှင့် အဘယ်ကြောင့်ယင်းတို့ကို ဦးစားပေးတိုက်ဖျက်ရန်လိုအပ်သည်တို့ကို သဘောပေါက်နားလည်လာမည်ဖြစ်သည်။

ဤသင်ရိုးတွင်အခန်း (၂) ခန်းပါရှိသည်။

အခန်း ၄.၁ မိသားစုတွင်းတွင် မည်သူကမည်သည့်အလုပ်ကိုလုပ်ပြီး မည်သူမှာ ပြောရေးဆိုခွင့်ရှိပါသလဲ။

အခန်း ၄.၂ ကလေးလုပ်သားဟူသည် အဘယ်နည်း။

| အခန်း ၄.၁ - မိသားစုတွင်းတွင် မည်သူကမည်သည့်အလုပ်ကိုလုပ်ပြီး မည်သူမှာ ပြောရေးဆိုခွင့်ရှိပါသလဲ? | ရည်ရွယ်ချက်များ | ကြာချိန် |
|---|---|---|
| **လေ့ကျင့်ခန်း ၄.၁.၁ ကျွန်ုပ်၏ (၂၄) နာရီ** | • မိသားစုဝင်များ၏ တနေ့တာ နေ့စဉ် လုပ်ငန်းများကို သတ်မှတ်ရန်<br>• အမျိုးသား၊ အမျိုးသမီး၊ ယောကျ်ားလေး၊ မိန်းကလေးတို့၏ တနေ့တာလုပ်ငန်းများကို နှိုင်းယှဉ်ခွဲခြမ်းလေ့လာရန်<br>• မိသားစုတွင်း အလုပ်တာဝန် ခွဲဝေမှု မညီမျှခြင်းများ ရှိပါက လက်ရှိ အလုပ် ဝန်ထုပ်ဝန်ပိုး ခွဲဝေ ထမ်းဆောင်ရခြင်း ပုံစံများကို မည်သို့ ပြောင်းလဲနိုင်မည်ကို သုံးသပ်ရန် | ၉၀ -၁၂၀ မိနစ် |

| | | |
|---|---|---|
| **လေ့ကျင့်ခန်း ၄.၁.၂ မိသားစုနစ်စု၏ ဇာတ်လမ်းများ** | • သဘောတရားများကိုနားလည်သိရှိစေရန်: အရင်းအမြစ်နှင့် အကျိုး ခံစားမှု<br>• အိမ်ထောင်စုတွင်းတွင်မည်သို့သော အရင်း အမြစ်များနှင့် အကျိုးကျေးဇူးများရရှိနိုင် သည်ကို သတ်မှတ်ရန်<br>• မိသားစုတွင်း အရင်းအမြစ်များနှင့် အကျိုး ခံစားမှုများ ခွဲဝေမှု မညီမျှခြင်းများရှိပါက လက်ရှိလက်လှမ်းမှီရရှိနိုင်မှုနှင့် ထိန်းချုပ်မှု ပုံစံများကို မည်သို့ပြောင်းလဲနိုင်မည် ကို သုံးသပ်ရန် | ၁၀၀ - ၂၀၀ မိနစ် |
| **အခန်း၄.၂ - ကလေးလုပ်သား ဟူသည် အဘယ်နည်း?** | **ရည်ရွယ်ချက်များ** | **ကြာချိန်** |
| **လေ့ကျင့်ခန်း ၄.၂.၁ အလုပ်လုပ်နေသောကလေး: မည်သည့်တို့ကို လက်ခံနိုင်ပြီးမည်သည်တို့ကို လက်သင့် မခံနိုင်ပါသနည်း?** | • ကလေးသူငယ်များအတွက် လက်သင့်ခံ နိုင်သော/လက်သင့်ခံနိုင်ဖွယ်မရှိသော အလုပ်ပုံစံကွဲပြားမှုများကို သတိပြုမိလာ စေရန်<br>• ကလေးလုပ်သားအဘယ်ကြောင့်ရှိနေရခြင်း ကိုနားလည်စေရန်<br>• မိန်းကလေး/ယောကျ်ားလေး ကလေးလုပ် သားများ၏ အကျိုးဆက်များကိုသတိ ပြုမိ လာစေရန် | မိနစ် ၉၀ |
| **လေ့ကျင့်ခန်း ၄.၂.၃ ကလေးလုပ်သား အဆိုးဝါးဆုံးပုံစံများမှာ အဘယ်နည်း?** | • ကလေးလုပ်သားအဆိုးဝါးဆုံးပုံစံများ (WFCL) နှင့် ကလေးသူငယ်များအတွက် ဘေးအန္တရာယ်ရှိသောအလုပ်များကို နား လည်လာစေရန်<br>• ကလေးလုပ်သားအဆိုးဝါးဆုံးပုံစံများ (WFCL) နှင့် ဘေးအန္တရာယ်ရှိသောအလုပ် များတွင် မည်သည့်ကလေးမဆို ဝင်ရောက် လုပ်ကိုင်ရတတ်သည်ကိုနားလည်လာစေရန်<br>• ယောကျ်ားလေးမိန်းကလေးများအနေဖြင့် ကလေးလုပ်သား အဆိုးဝါးဆုံးပုံစံများ (WFCL) အဖြစ်လုပ်ကိုင်ရခြင်းနှင့် ဘေး အန္တရာယ်ရှိသော အလုပ်များကို လုပ်ကိုင် ရခြင်း၏ အကျိုးဆက်များအား နားလည် လာစေရန် | ၁၂၀ မိနစ် |
| **သင်ရိုး (၄) စုစုပေါင်းကြာချိန် - ၆ နာရီ မိနစ် ၄၀ - ၇ နာရီ ၃၀ မိနစ်** | | |

## ■ အခန်း ၄.၁ မိသားစုတွင်းတွင် မည်သူကမည်သည့် အလုပ်ကိုလုပ်ရပြီး မည်သူမှာ ပြောရေးဆိုခွင့် ရှိပါသလဲ?

### အကြောင်းအရာ

ဤအခန်းသည် မိသားစု၏ အလုပ်ဝန်ထုပ်ဝန်ပိုးများ၊ အရင်းအမြစ်များနှင့် ခံစားမှုများ ခွဲဝေခြင်းတို့နှင့် သက်ဆိုင်သည်။ ပထမဆုံးလေ့ကျင့်ခန်းသည် အရွယ်ရောက်ပြီးသူများနှင့် ကလေးများနှစ်မျိုးလုံး အတွက် မိမိတို့မိသားစုများအတွင်း တစ်ဦးခြင်းစီသည် အလုပ်ဝန်မည်မျှထမ်းကြသည်ကို ရှင်းရှင်းလင်းလင်း မြင်ရမည်ဖြစ်ပြီး ၎င်းတို့သက်ဆိုင်ရာ လူ့အဖွဲ့အစည်းများတွင် ကျားမကွဲပြားမှု အလိုက် မိသားစုဝင်များ အလုပ်များကို သာတူညီမျှ မည်သို့ထမ်းစေလိုသည်ပါ လက်တွေ့ကျကျ သိရှိနိုင်မည်ဖြစ်သည်။ ဒုတိယလေ့ကျင့်ခန်းသည် မိသားစုအတွင်း အရင်းအမြစ်များ၊ အကျိုး ခံစားခွင့်များ နှင့် ပတ်သက်သည့် အရေးကြီးသောဆုံးဖြတ်ချက်များကို မည်သူတို့က ချမှတ်သည် ကို အရွယ်ရောက်ပြီးသူများ၊ ငယ်ရွယ်သူများနှင့် ကလေးငယ်များ နားလည်သိရှိစေရန် အကူအညီ ပေးမည်ဖြစ်ပြီး ကျားမကွဲပြားမှုနှင့် အသက်အရွယ် တို့ကြောင့် မိသားစုအရင်းအမြစ်များနှင့် အကျိုး ခံစားမှုများရရှိရာတွင် မည်သို့ကွာခြားသည်ကိုပါ ခွဲခြမ်းလေ့လာနိုင်မည် ဖြစ်သည်။

### အဓိကအသိပေးလိုသည့် အကြောင်းအရာ

- မိသားစုတွင်းရှိအလုပ်များသည် တခါတရံလူ့အဖွဲ့အစည်းတွင်းရှိကျားမကွဲပြားမှုဆိုင်ရာ ဓလေ့ထုံးစံများအတိုင်းဖြစ်ပေါ်ပြီး အမျိုးသမီးများသည် အိမ်မှုကိစ္စတာဝန်များကိုယူရခြင်း နှင့် အမျိုးသားများသည် အိမ်ပြင်ထွက် ပိုက်ဆံ ရှာဖွေရသည့်ကဏ္ဍများဖြစ်သည်။ အခြေ အနေတော်တော်များများတွင် မိသားစုဝင်ငွေပိုမိုရရှိရန်အတွက် အမျိုးသမီးများသည်အိမ် ပြင်ပရှိအလုပ်များ၊ မိသားစုလယ်ယာစိုက်ပျိုးရေးနှင့် အခြားသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများတွင် ခင်ပွန်းဖြစ်သူနှင့်အတူ စီးပွားရေးလုပ်ကြခြင်းများလည်းရှိသည်။ ထိုအခါ အမျိုးသမီးများသည် ပြင်ပဝင်ငွေရအလုပ်နှင့် မိသားစုတာဝန်များကိုပါပူးတွဲလုပ်ဆောင်ရ သောကြောင့် မည်သည့်အရွယ်ရှိသည့်အမျိုးသမီးပင်ဖြစ်စေ ယောကျ်ားများထက် အလုပ် ချိန်ပိုမိုလုပ်ကြရခြင်းကို ဖြစ်ပေါ်စေသည်။ ယောကျ်ားလေးများ ကစားချိန်ပိုမိုရရှိချိန်တွင် မိန်းကလေးများအနေဖြင့် မိခင်ကို အိမ်အလုပ်ကူကြရသည်။
- မိသားစုဝင်များအားလုံးအနေဖြင့်အိမ်ထောင်စုတွင်းအလုပ်တာဝန်ခွဲဝေမှုသည် မျှတမှန်ကန် ပြီး၊မိသားစုတာဝန်များထမ်းဆောင်ရာတွင်သာတူညီမျှရှိစေရန်အတွက်ပြောင်းလဲရန်လိုအပ် သည်များကိုလည်းစဉ်းစားသုံးသပ်သင့်သည်။ ဆိုလိုသည်မှာ အမျိုးသားများနှင့်ယောကျ်ားလေး များသည် အိမ်ထောင်တွင်းလုပ်ငန်းများကို ပိုမိုဝေမျှလုပ်ကိုင်ရန်လိုအပ်ခြင်းပင်ဖြစ်သည်။
- မိသားစုဝင်အားလုံးသည် အရင်းအမြစ်များနှင့် အကျိုးခံစားမှုများကိုလည်း သာတူညီမျှလက် လှမ်းမီခံစားခွင့် ရရှိရန်လိုအပ်သည်။ ယင်းသည် ယောကျ်ားလေးများ၊ မိန်းကလေးများနှစ်မျိုး လုံးအတွက် ပညာရေးနှင့် သင်တန်းတက်ရောက်ခြင်းများရရှိနိုင်ရန်အတွက် ဆတူအရေးကြီး

ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အရွယ်ရောက်လာပါက မိသားစုနှင့် လူ့အဖွဲ့အစည်းအတွင်း အကျိုးပြုသောသူများ ဖြစ်လာရန်လိုအပ်သောကြောင့် ဖြစ်သည်။

- အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် မိသားစုဝင်အားလုံးသည် မိသားစုအရင်းအမြစ်များနှင့် အကျိုး ခံစားမှုများကို မည်သို့သုံးစွဲမျှဝေသွားမည်ကို ဆုံးဖြတ်ရာတွင် ပါဝင်ရန်အတွက် အခွင့်အရေးရှိပါသည်။
- အကယ်၍မိသားစုပိုင်အရင်းအမြစ်များသည် အကန့်အသတ်ရှိခဲ့လျှင်ပင် မိသားစုဝင်များအနေဖြင့် အရင်းအမြစ်များနှင့် အကျိုးခံစားခွင့်များကို မျှဝေသုံးစွဲခြင်းနှင့် အလုပ်တာဝန်များ၊ မိသားစုတာဝန်များကို တက်ညီလက်ညီ ထမ်းပိုးကြခြင်းဖြင့် မိသားစု၏ ကျန်းမာသုခနှင့် ပျော်ရွှင်မှုများကို ရေရှည်တည်တံ့အောင်ထိန်းသိမ်းသွားနိုင်ပါသည်။
- ပျော်ရွှင်ဖွယ်ရာမိသားစုတစ်စုဆိုသည်မှာ မိသားစုဝင်တိုင်းတွင် အရင်းအမြစ်များနှင့် ခံစားမှုများကို မျှမျှတတ ခွဲဝေသုံးစွဲပိုင်ခွင့်နှင့် ၎င်းတို့၏ဘဝကို သက်ရောက်မှုများဖြစ်စေမည့် ဆုံးဖြတ်ချက်များတွင်လည်း ဝင်ရောက်ပြောဆိုခွင့်ရှိသောမိသားစုမျိုးဖြစ်သည်။မိသားစုတွင်း အပြန်အလှန်ကူညီခြင်းဖြင့် ကိုယ့်တာဝန်ဝေစုကို တာဝန် ကျေအောင်ဆောင်ရွက်ကူညီခြင်းသည် သင်၏မိသားစုကို ပျော်ရွှင်ဖွယ်မိသားစုတစ်ခု ဖြစ်လာစေပါသည်။

### လေ့ကျင့်ခန်းများ

၄.၁.၁ ကျွန်ုပ်၏ (၂၄) နာရီ
၄.၁.၂ မိသားစုနှစ်စု၏ ဇာတ်လမ်းများ

### သက်ဆိုင်ရာအခန်းများ

၁.၂ ကျွန်ုပ်၏မိသားစုနှင့် ရပ်ရွာအသိုက်အဝန်း
၃.၁ ယောက်ျားလေးတစ်ယောက်ဖြစ်ရခြင်း သို့မဟုတ် မိန်းကလေးတစ်ယောက်ဖြစ်ရခြင်းများ အကြား မည်သို့ကွာခြားပါသလဲ?
၃.၂ ကျားမကွဲပြားမှုကဏ္ဍများအတွက် တန်ဖိုးများနှင့် သဘောထားခံယူချက်များ
၃.၃ ပျော်ရွှင်ဖွယ်ရာမိသားစုတစ်စု ဖန်တီးခြင်း
၄.၂ ကလေးသူငယ်လုပ်သားဟူသည်အဘယ်နည်း?
၁၁.၁ တာဝန်ဝတ္တရားများ
၁၁.၂ အလုပ်ခွင်အတွင်းရှိအခွင့်အရေးများ

## ■ လေ့ကျင့်ခန်း ၄.၁.၁ ကျွန်ုပ်၏ (၂၄) နာရီ

### ရည်ရွယ်ချက်

- မိသားစုဝင်များ၏ နေ့စဉ်လုပ်ငန်းများကို သိရှိသတ်မှတ်နိုင်ရန်။
- အမျိုးသား၊ အမျိုးသမီး၊ ယောက်ျားလေး၊ မိန်းကလေးများ၏ နေ့စဉ်လုပ်ငန်းများကို နှိုင်းယှဉ်ခွဲခြမ်းလေ့လာနိုင်ရန်။
- မိသားစုအတွင်းတွင်အလုပ်တာဝန်ခွဲဝေမှု မညီမျှခဲ့ပါက လက်ရှိအလုပ်ခွဲဝေမှုပုံစံကို မည်သို့ပြောင်းလဲမည်ကို စဉ်းစားသုံးသပ်ရန်။

### ဦးတည်အုပ်စု

ကလေးငယ်များ၊ လူငယ်နှင့် အရွယ်ရောက်ပြီးသူများ

### ကြာမြင့်ချိန်

၉၀ - ၁၂၀ မိနစ်

### ထိုင်ခုံနေရာချထားမှုများ

အဖွဲ့လိုက်လုပ်ဆောင်မှုများအတွက် နေရာရှိပြီး အခန်းထောင့် (၄) ခုတွင် ကြမ်းပြင်ပေါ် သို့မဟုတ် စားပွဲဖြင့် အုပ်စုလိုက် နေရာချထားခြင်း

### သင်တန်းသုံးပစ္စည်းများ

- ကျွန်ုပ်၏ (၂၄) နာရီ (သင်ထောက်ကူ ၄.၁.၁ က) မိတ္တူကို တစ်ဖွဲ့လျှင် တရွက်စီ
- မာကာဘောပင် သို့မဟုတ် ခဲတံများ အရောင်ကွဲ ၅ စုံ ၆ စုံ (စိမ်း၊ နီ၊ ဝါ၊ ပြာ နှင့် အနက်)

### သင်တန်းအထောက်အကူပြုပစ္စည်း

၄.၁.၁ က : ကျွန်ုပ်၏ (၂၄) နာရီ
၄.၁.၁ ခ : ကလေးငယ်များအတွက် (၂၄) နာရီ ခွဲခြမ်းလေ့လာခြင်း
၄.၁.၁ ဂ : အရွယ်ရောက်ပြီးသူများအတွက် (၂၄) နာရီ ခွဲခြမ်းလေ့လာခြင်း
၄.၁.၁ ဃ : အမျိုးသားများနှင့် ယောက်ျားလေးများလုပ်ရသည့် အလုပ်များပြ ပုံပါကတ်များ
၄.၁.၁ င : အမျိုးသမီးများနှင့် မိန်းကလေးများလုပ်ရသည့် အလုပ်များပြ ပုံပါကတ်များ
အကျဉ်းချုပ်မှတ်စု : ကျားမအခွင့်အရေး တန်းတူညီမျှမှု သဘောတရားများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ (လေ့ကျင့်ခန်း ၃.၁.၁)
အကျဉ်းချုပ်မှတ်စု : မိသားစုတွင်းရှိ အရင်းအမြစ်များနှင့် အကျိုးခံစားခွင့်များ

## ဆွေးနွေးပွဲအစီအစဉ်အဆင့်များ[၁]

၁. (၂၄) နာရီကိုဖြည့်ခြင်းနှင့် လှည့်ပတ်သွားလာခြင်း - ၁၅ - ၃၀ မိနစ်
၂. (၂၄) နာရီကို အဖွဲ့ငယ်များဖြင့် ဆွေးနွေးခြင်း - ၁၀ - ၁၅ မိနစ်
၃. အချိန်မည်မျှအသုံးပြုသည်ကို ရေတွက်ခြင်း - ၁၀ မိနစ်
၄. ပုံပါကတ်များနှင့် မိသားစုတွင်း မည်သူမှ မည်သည့်အလုပ်ကိုလုပ်သည်ကို ခွဲခြမ်းလေ့လာခြင်း - ၁၀ မိနစ်
၅. (၂၄) နာရီ ခွဲခြမ်းလေ့လာခြင်းကို ဝေမျှခြင်း - ၂၀ - ၃၀ မိနစ်
၆. ပြောင်းလဲမှုများလိုအပ်ခြင်းရှိမရှိ ဆွေးနွေးခြင်း - ၁၅ မိနစ်
၇. အဓိကအသိပေးလိုသော အချက်များဖြင့် အဆုံးသတ်ခြင်း - ၅ မိနစ်

## ကြိုတင်ပြင်ဆင်ခြင်း

လေ့ကျင့်ခန်းကို အဆုံးမသတ်မီ သင်တန်းပို့ချသူများအနေဖြင့် လေ့ကျင့်ခန်း ၃.၁.၁ နှင့် ၄.၁.၁ တွင် ပါရှိသည့် အကျဉ်းချုပ်မှတ်စုများကို ဖတ်ရန်လိုအပ်သည်။ သင်တန်းကို ကျေးလက်လူထုများအတွင်း ပြုလုပ်သည်ဆိုပါက (၂၄) နာရီ လေ့ကျင့်ခန်းတွင် အရုဏ်တက်ချိန်၊ မွန်းတည့်ချိန် နှင့် နေဝင်ချိန်များသည် ရပ်ရွာအတွင်းအသုံးပြုသည့် အချိန်များနှင့် ကိုက်ညီစေရန် အလိုက်သင့်ပြောင်းလဲလုပ်ဆောင်ရမည်။

## အဆင့် ၁ (၂၄) နာရီကိုဖြည့်ခြင်းနှင့် လှည့်ပတ်သွားလာခြင်း - ၁၅ - ၃၀ မိနစ်

(၂၄) နာရီ (သင်ထောက်ကူ ၄.၁.၁ က) ကို မိတ္တူဆွဲ၍ တယောက်လျှင်တရွက်စီ၊ မာကာဘောပင်၊ ခဲတံများကို သင်တန်းသားများအား ဝေပေးပါ။ (လူ ၅ ဦး ၆ ဦးလျှင် တစ်စုံစီ)

ဤလေ့ကျင့်ခန်းတွင် လူတိုင်းသည် မိမိတို့၏ (၂၄) နာရီအတွင်းလုပ်ရသည့် အလုပ်များပြီးနာရီကို ပြုလုပ်ရမည်ဖြစ်ကြောင်း ရှင်းပြပါ။ အောက်ဖော်ပြပါအတိုင်း မတူညီသည့် အလုပ်များကို မတူညီသည့် အရောင်များဖြင့် ဖြည့်ပြီးဖော်ပြရမည် ဖြစ်သည်။

[၁] WWRGE Manual-Cambodia by Rosalinda Terhorst et al. (ILO: Bangkok, 2004), Module 3.5 Division of Work and Module 4.11 Time to Work, Overtime and Leisure Time မှရယူထားပါသည်။

| အရွယ်ရောက်ပြီးသူများ (နှင့်လူငယ်များ) | ကလေးငယ်များ (နှင့်လူငယ်များ) |
|---|---|
| **အပြာရောင်** = အလုပ်ခွင်၌ သို့မဟုတ် အိမ်၌ ဝင်ငွေရရန် အလုပ်လုပ်ချိန်၊ လုပ်ခရခြင်း သို့မဟုတ် မရခြင်း လည်းဖြစ်နိုင်သည်။<br><br>**အနက်ရောင်** = ချက်ပြုတ်ခြင်း၊ သန့်ရှင်းရေး၊ အစားအသောက်ဝယ်ခြင်း၊ အဝတ်လျှော်ခြင်း၊ ကလေးထိန်းခြင်း နှင့် လူကြီးများအားပြုစုခြင်းကဲ့သို့သော အိမ်မှုကိစ္စများ ပြုလုပ်ခြင်း။<br><br>**အဝါရောင်** = ဘဝအသက်မွေးမှုလမ်းကြောင်းဖွံ့ဖြိုး တိုးတက်ရေးအတွက် ကျောင်းတက်ခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာအရည်အချင်းသင်တန်းများတက်ခြင်း၊သို့မဟုတ်ကိုယ်ရေးကိုယ်တာသင်ယူမှု၊ပညာရေးဆိုင်ရာ စသည်တို့ ။<br><br>**အနီရောင်** = မိသားစုသို့မဟုတ် ရပ်ရွာအတွင်း တစ်ကိုယ်ရေအပန်းဖြေခြင်းသို့မဟုတ် လူမှုရေးလုပ်ငန်းများ။<br><br>**အစိမ်းရောင်** = အိပ်စက်ခြင်း | **အဝါရောင်** = ဘဝအသက်မွေးမှုလမ်းကြောင်းဖွံ့ဖြိုး တိုးတက်ရေးအတွက် ကျောင်းတက်ခြင်း၊အသက်မွေးဝမ်းကျောင်းဆိုင်ရာအရည်အချင်းသင်တန်းများတက်ခြင်း ၊ သို့မဟုတ် ကိုယ်ရေး ကိုယ်တာသင်ယူမှု၊ ပညာရေးဆိုင်ရာစသည်။<br><br>**အနက်ရောင်** = ချက်ပြုတ်ခြင်း၊ သန့်ရှင်းရေး၊ အစားအသောက်ဝယ်ခြင်း၊အဝတ်လျှော်ခြင်း၊ကလေးထိန်းခြင်းနှင့်လူကြီးများအားပြုစုခြင်းကဲ့သို့သောအိမ်မှုကိစ္စများ ပြုလုပ်ခြင်း။<br><br>**အပြာရောင်** = အလုပ်ခွင်၌ သို့မဟုတ် အိမ်၌ ဝင်ငွေရရန် အလုပ်လုပ်ချိန်၊ လုပ်ခရခြင်း သို့မဟုတ် မရခြင်းလည်း ဖြစ်နိုင်သည်။<br><br>**အနီရောင်** = ကစားခြင်း၊တစ်ကိုယ်ရေအပန်းဖြေချိန်၊ သူငယ်ချင်းများနှင့် အချိန်ဖြုန်းချိန် သို့မဟုတ် လူမှုရေး လုပ်ငန်းများလုပ်ချိန်။<br><br>**အစိမ်းရောင်** = အိပ်စက်ခြင်း |

သင်တန်းသားများကို အောက်ပါတို့အား ပြုလုပ်ခိုင်းပါ။

၁. မိသားစုအတွင်း အလုပ်များသည့်အချိန်များ (ဥပမာအားဖြင့် လယ်ယာမိသားစုများ ကောက်ရိတ်သိမ်းချိန်) တွင် ပုံမှန်အားဖြင့်နေ့ရက်တစ်ရက်တွင်မနက်အိမ်ယာထချိန်မှညအိပ်ယာဝင်ချိန်အထိသင်လုပ်ရသည့်အလုပ်များကိုစဉ်းစားပါ။

၂. ပျမ်းမျှအားဖြင့် အလုပ်တစ်ခုစီတွင် ၎င်းတို့မည်မျှကြာကြာလုပ်ကြရသည်ကို မတူညီသော အရောင်များဖြင့် နာရီပေါ်တွင် ဆေးခြယ်ပါ။ အချိန်ကို (၁၅) မိနစ် တစ်ပိုင်းစီအထိခွဲစိတ်နိုင်ပါသည်။ အရောင်များကို မှန်ကန်စွာရွေးချယ်အသုံးပြုရန် အရေးကြီးပါသည်။

၃. နာရီဆေးခြယ်ခြင်းကိုအပြီးသတ်ရန် အချိန် (၁၀) မိနစ်ရပါသည်။ သင်တန်းသူသင်တန်းသားများ အဆင်သင့်ဖြစ်လျှင် ၎င်းတို့၏နာရီများကို နံရံပေါ်တွင်ချိတ်ခိုင်းပြီး အမျိုးသမီး၊ အမျိုးသား၊ မိန်းကလေး၊ ယောက်ျား

လေးများ တစ်ပိုင်းဆီခွဲထားပါ။ တဖွဲ့ခြင်းစီကို ၎င်းတို့၏ နာရီများအား သေချာစစ်ဆေးခိုင်းပြီး အဖွဲ့ တွင်းတွင် တူညီမှု၊ ကွဲပြားမှုများ ရှိမရှိကြည့်ခိုင်းပါ။ ထို့နောက် ၎င်းတို့အဆင်သင့်ဖြစ်လျှင် အခြားအဖွဲ့များ၏ နာရီများကို လှည့်ပတ်ကြည့်ရှုခိုင်းပြီး ၎င်းတို့၏ အဖွဲ့နှင့် တူညီမှု၊ ကွဲပြားမှုရှိသည်များကို မှတ်သားခိုင်းပါ။

### သင်တန်းပို့ချသူများအတွက် အကြံပြုချက်များ

နောက်အဆင့်များတွင် သင်တန်းဆရာများပြုလုပ်သင့်သည်မှာ -

- အရွယ်ရောက်ပြီးသူ အမျိုးသမီးများနှင့် အမျိုးသားများအကြား အပြာရောင်နှင့် အနက်ရောင်အချိန်ကာလများ (အိမ်အတွက်လုပ်ရသောအလုပ်များနှင့် ဝင်ငွေအတွက်လုပ်ရသောအလုပ်များ) ကို နှိုင်းယှဉ်ချိန်ဆပြီး မှတ်သားပါ။
- မိန်းကလေးများနှင့် ယောကျ်ားလေးများအကြား အပြာ/အနက်အချိန်များနှင့် အဝါရောင်အချိန်များကို နှိုင်းယှဉ်ချိန်ဆပြီး မှတ်သားပါ။ (အဝါရောင်ထက် အပြာ/ အနက်များ များနေခြင်းသည် စာသင်ကြားလေ့လာချိန်ထက် အလုပ်ပိုလုပ်နေရခြင်းကများနေခြင်းဖြစ်သည်။)
- သင်တန်းသားများနှင့်ဆွေးနွေးခဲ့သည်များမှ အဖွဲ့များအတွင်းရှိ အခြားသော ကွဲပြားခြားနားချက်၊ တူညီချက်များကိုလည်း ရှာဖွေကြည့်ရှုပါ။

## အဆင့် ၂ (၂၄) နာရီကို အဖွဲ့ငယ်များဖြင့် ဆွေးနွေးခြင်း - ၁၀ - ၁၅ မိနစ်

### အရွယ်ရောက်ပြီးသူများ (နှင့် အလုပ်လုပ်နေသော လူငယ်များ)

- ပါဝင်တက်ရောက်သူများကို ၎င်းတို့၏ အလုပ်အကိုင်အလိုက် အဖွဲ့ငယ်များခွဲပါ။ ဥပမာအားဖြင့် လယ်သမားများ၊ စက်ရုံလုပ်သားများ၊အစိုးရအရာရှိများ၊ လမ်းဘေးဈေးသည်များ၊ နေ့စားသမားများ၊ အိမ်အကူများစသဖြင့်။ သင်တန်းတက်သူများသည် အလုပ်တူနေသူများ များပါက (လယ်သမားများ၊ တံငါသည်များ စသဖြင့်) တဖွဲ့လျှင် (၆) ယောက်ထက်မပိုပါစေနှင့်။ အဖွဲ့တိုင်းတွင် အမျိုးသား၊ အမျိုးသမီး နှစ်မျိုးလုံးပါဝင်ပါစေ။
- အဖွဲ့ခွဲပြီးပါက တစ်ဖွဲ့ခြင်းစီ ၎င်းတို့၏ နာရီများကို အပြန်အလှန်ဝေမျှခိုင်းပါ (၅ မိနစ်ခန့်)။ ထို့နောက် ၎င်းတို့၏ တနေ့တာ လက်တွေ့အလုပ်များနှင့် အနီးစပ်ဆုံးဟု ယူဆသော အမျိုးသမီး တစ်ဦး၏ နာရီနှင့် အမျိုးသားတစ်ဦး၏ နာရီတို့ကို ရွေးခိုင်းပါ။

### ကလေးငယ်များ (နှင့် ကျောင်းတက်နေသည့်လူငယ်များ)

- ကလေးငယ်များကို (၆) ယောက်တဖွဲ့အုပ်စုခွဲပါ။ အပြာရောင်နှင့် အနက်ရောင်များ များပြားသည့် ကလေးများ (၄ နာရီနှင့် အထက်) ကို အပြာရောင်နှင့် အနက်ရောင်နည်းပါးသော ကလေးများနှင့်ခွဲ၍ အုပ်စုသတ်သတ်ဖွဲ့ပါ။ အကယ်၍ ကလေး တော်တော်များများသည် ကလေးလုပ်သားများဖြစ်နေပါက ၎င်းတို့လုပ်ကိုင်ရသည့် အလုပ်အမျိုးအစားအလိုက် အဖွဲ့ဖွဲ့ပါ။ အဖွဲ့တိုင်းတွင် မိန်းကလေး၊ ယောကျာ်လေး နှစ်မျိုးလုံးပါပါစေ။
- အဖွဲ့ခွဲပြီးပါက (၅) မိနစ် (၁၀) မိနစ်ခန့်၎င်းတို့၏ နာရီများကိုအပြန်အလှန်ကြည့်ခိုင်းပြီး ၎င်းတို့၏ တနေ့တာ လက်တွေ့ လုပ်နေရသည့် အလုပ်များနှင့် အနီးစပ်ဆုံးဟုယူဆသော ယောကျ်ားလေးတစ်ဦး၏နာရီနှင့်မိန်းကလေး တစ်ဦး၏ နာရီတို့ကို ရွေးခိုင်းပါ။

## အဆင့် ၃ အချိန်မည်မျှအသုံးပြုသည်ကို ရေတွက်ခြင်း - ၁၀ မိနစ်

- အဆင့် (၂) တွင်ဖွဲ့ထားသည့်အဖွဲ့အတိုင်း ဆက်လက်လုပ်ဆောင်ပါ။ ၎င်းတို့အဆင့် (၂) တွင် ရွေးခဲ့သည့် နာရီများမှ မတူညီသော အလုပ်များအတွက် သုံးရသည့် အချိန်များကို တဖွဲ့ခြင်းစီအား ရေတွက်ခိုင်းပါ။ ၂၄ နာရီ ခွဲခြမ်းလေ့လာမှုပုံစံ ( ကလေးများအတွက် သင်ထောက်ကူ ၄.၁.၁ ခ နှင့် အရွယ်ရောက်သူများအတွက် သင်ထောက်ကူ ၄.၁.၁ ဂ) တို့မိတ္တူများကို တဖွဲ့ခြင်းစီအားပေးပါ။
- နာရီနှစ်လုံးပေါ်ရှိမတူညီသော လုပ်ငန်း/အရောင်များမှနာရီများအရေအတွက်ကို ရေတွက်ခိုင်းပြီး အမျိုးသားနှင့် အမျိုးသမီး (အရွယ်ရောက်ပြီးသူများ)၊ မိန်းကလေးနှင့် ယောက်ျားလေး (ကလေးငယ်များအုပ်စု) တို့၏ သက်ဆိုင်ရာကော်လံအတွင်း တရောင်ခြင်းစီ၌နာရီပေါင်းကို ဖြည့်သွင်းပါ။
- ထို့နောက်တဖွဲ့ခြင်းစီ၏ ၂၄ နာရီ ခွဲခြမ်းလေ့လာခြင်း ဇယားများကို Flip chart ပေါ်သို့ ကူးရေးခိုင်းပါ။

## အဆင့် ၄ ပုံပါကတ်များနှင့် မိသားစုတွင်း မည်သူမှ မည်သည့်အလုပ်ကိုလုပ်သည်ကို ခွဲခြမ်းလေ့လာခြင်း - ၁၀ မိနစ်

တဖွဲ့ခြင်းစီကို အမျိုးသား/ယောက်ျားလေးများလုပ်ရသည့်အလုပ်ပြ ပုံပါကတ်များ (သင်ထောက်ကူ ၄.၁.၁ ဃ) နှင့် အမျိုးသမီး/မိန်းကလေးများလုပ်ရသည့်အလုပ် ပုံပါကတ်များ (သင်ထောက်ကူ ၄.၁.၁ င ) မိတ္တူတစုံ၊ ကတ်ကြေး တလက်နှင့် ကပ်သည့် တိပ်ခွေတလိပ်စီပေးပါ။ ထို့နောက် တဖွဲ့ခြင်းစီကို ခိုင်းရန်မှာ -

- ပုံပါကတ်များကို တပုံခြင်းစီခွဲ၍ ညှပ်ခိုင်းပါ။ ၎င်းတို့လုပ်ရသည့်အလုပ်များကို ကတ်ပြားများပေါ်တွင် မတွေ့လျှင် ပုံများ၊ စာများပါသော ကတ်များကို ထပ်မံပြုလုပ်နိုင်သည်။
- ထို ပုံ/စာ ပါကတ်များကို အဆင့် (၃) တွင် ၎င်းတို့လုပ်ဆောင်ခဲ့သည့် ၂၄ နာရီခွဲခြမ်းလေ့လာခြင်းဇယားနှင့် အတူ Flipchart ပေါ်တွင်ကပ်ခိုင်းပါ။ အမျိုးသမီးများ (အရွယ်ရောက်သူများအုပ်စု) မိန်းကလေးများ (ကလေးများအုပ်စု) အမြဲတမ်း သို့မဟုတ် ပုံမှန်လို လုပ်ဆောင်ရသည့် လုပ်ငန်းပါကတ်ပြားများကို ဒုတိယကော်လံတွင် လည်းကောင်း၊ အမျိုးသား/ယောက်ျားလေးများလုပ်ရသည့်အလုပ်များပြကတ်ပြားများကို တတိယကော်လံတွင် လည်းကောင်း အသီးသီးကပ်ပါ။ လုပ်ရသည့် အလုပ်များသည် ကျားမ နှစ်မျိုးလုံးတန်းတူ အမြဲတမ်း သို့မဟုတ် ပုံမှန် လုပ်ဆောင်ရသည်ဟုဆိုပါက နောက်ဆုံးကော်လံတွင်ကပ်ပါ။

## အဆင့် ၅ (၂၄) နာရီ ခွဲခြမ်းလေ့လာခြင်းကို ဝေမျှခြင်း - ၂၀ - ၃၀ မိနစ်

အခြားအဖွဲ့များကြည့်နိုင်ရန်အတွက် အဖွဲ့အားလုံး၏ ၂၄ နာရီခွဲခြမ်းလေ့လာမှုဇယားကို ပြသစေပါ။ တဖွဲခြင်းစီမှ စေတနာ့ ဝန်ထမ်းတစ်ဦးစီကိုရွေး၍ ၎င်းတို့၏ ဇယားများကို ရှင်းပြခိုင်းပါ (၃ - ၅ မိနစ် အများဆုံး)။ အောက်ပါမေးခွန်းများကို မေးမြန်း၍ ဇယားတွင်ပါရှိသည်များကို ဆွေးနွေးပါ။

- သင်တို့အဖွဲ့တွင်းရှိ အမျိုးသမီးနှင့်အမျိုးသား၊ မိန်းကလေးနှင့်ယောကျ်ားလေးများ၏ တနေ့တာ အချိန်သုံးစွဲမှု တွင် တစုံတရာခြားနားမှုများရှိပါသလား။
- အရွယ်ရောက်ပြီးသူများ (အလုပ်လုပ်နေသည့်လူငယ်များ): ဘယ်သူပိုအလုပ်လုပ်ရပါသလဲ? ဘယ်သူပိုအိပ်ရပါသလဲ? အိမ်မှုကိစ္စများကို ဘယ်သူပိုလုပ်ရပါသလဲ? အပန်းဖြေချိန်၊ လူမှုရေးနှင့် လေ့လာသင်ယူ ချိန်ဘယ်သူကပိုရပါသလဲ?
- ကလေးငယ်များ (ကျောင်းတက်နေသည့်လူငယ်များ) : ဘယ်သူကကျောင်းတက်ဖို့အချိန်နှင့် အိမ်စာများလုပ်ချိန် ပိုရပါသလဲ? ဘယ်သူက ပိုအိပ်ရပါသလဲ? အိမ်အလုပ်များကို ဘယ်သူက ပိုကူရပါသလဲ? ကစားခြင်း၊တီဗီကြည့်ခြင်းများကို ပြုလုပ်ရန် ဘယ်သူက အချိန်ပိုရပါသလဲ။ ဘယ်သူက ပိုအလုပ်လုပ်ရပါသလဲ?

အဖွဲ့လိုက်လုပ်ဆောင်မှုများမှ ထွက်ပေါ်လာသည့် အဓိကရလဒ်များကိုထောက်ပြခြင်းဖြင့် ဤအဆင့်ကို အဆုံးသတ်ပါ။ တစ်ဘက်တွင် အမျိုးသမီး/မိန်းက လေးများအလုပ်လုပ်ရသည့်နာရီပေါင်းနှင့် တစ်ဘက်တွင် အမျိုးသား/ယောကျ်ားလေးများ အလုပ်လုပ်ရသည့် နာရီကွာခြားမှုနှင့် အလုပ်ခွဲဝေမှုတို့ရရှိမည်ဖြစ်သည်။ အမျိုးသမီးများ/မိန်းကလေးများသည် အလုပ်/ကျောင်းနှင့် အိမ်မှုတာဝန်များ၊ မိသားစုစောင့်ရှောက်မှုများကို ပေါင်းလုပ်ရသောကြောင့် ယောကျ်ားလေး/အမျိုးသားများထက် အလုပ်လုပ်ရသည့် နာရီ ပိုများတတ်သည် (ရိုးရာမိသားစုနှင့်ခေတ်သစ်မိသားစုများအကြား၊ တိုင်းရင်းသား၊လူမျိုးနွယ်စုများနှင့်လူဦးရေအများစုတို့၏အကြား၊ ကျေးလက်နှင့်မြို့ပြအကြား ခြားနားမှု ရှိကောင်းရှိမည် ဖြစ်သော်လည်း)
အဖြစ်များသည့် အနေအထားများမှာ အောက်ပါအတိုင်းဖြစ်သည်။

- အမျိုးသားများအနေဖြင့်အတည်တကျရှိပြီး သမားရိုးကျဖြစ်သော၊ စူးစိုက်လုပ်ကိုင်ရသောအလုပ်များကိုပိုမိုလုပ်ရဟန်ရှိပြီးဥပမာအားဖြင့်လုပ်ခလစာရသည့် အလုပ် သို့မဟုတ် ဝင်ငွေရမည့် တစ်ခုသို့မဟုတ် အဓိကအလုပ်အနည်းငယ်တို့ဖြစ်ပြီး အိမ်အလုပ်ကို အနည်းငယ်သာ သို့မဟုတ် လုံးဝမလုပ်ကြချေ။ ၎င်းတို့တွင် အပန်းဖြေရန်နှင့် လူမှုရေးကိစ္စများအတွက် အချိန်ပိုရသည်။
- အမျိုးသမီးများသည် အလုပ်တာဝန်များစွာကိုလုပ်ကြရပြီး လုပ်ခလစာရသော အလုပ်များအပါအဝင် အိမ်တွင် သို့မဟုတ် အိမ်ပြင်ပတွင် ဝင်ငွေရှာခြင်း၊ မိသားစုလယ်ယာ သို့မဟုတ် အခြား စီးပွားရေးလုပ်ငန်းများတွင် လုပ်ခြင်းများကိုလုပ်ကိုင်ကြပြီးမိသားစုကိစ္စနှင့်အိမ်မှုကိစ္စအားလုံး သို့မဟုတ် အများစုကိုလည်း တာဝန်ယူကြရသည်။ အဖွားအိုများနှင့် အဒေါ်များအပါအဝင် အသက်အရွယ်ကြီးသူ အမျိုးသမီးလြကီးများက တခါတရံ မိသားစုကိုပြုစုစောင့်ရှောက်ခြင်းနှင့်အိမ်မှုကိစ္စများကို လုပ်ဆောင်ကူညီ ကြသည်။

- အမျိုးသမီးများလုပ်ကြရသည့် အလုပ်တာဝန်များကို 'အရေးမကြီးသော' 'သေးငယ်သော' အမှုကိစ္စများဟု ယူဆဖွယ် ရှိသော်လည်း အချိန်များစွာယူသည်။ အမျိုးသားများနှင့် နှိုင်းယှဉ်ပါက စုစုပေါင်းလုပ်ရသည့် အလုပ်အရေအတွက်သည် တပြိုင်တည်းပြီးစီးကြသည့်တိုင် နာရီ ပိုမိုကြာအောင်လုပ်ကြရပြီးအပန်းဖြေချိန်၊မိမိကိုယ်ကိုဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်မှု၊ လူမှုရေးနှင့် အိပ်ချိန်များလည်း ပိုနည်းသည်။
- မိန်းကလေး/ယောကျ်ားလေးများအနေဖြင့် ၎င်းတို့၏ မိခင်ဖခင်များကို အသီးသီးကူညီကြသော်လည်း မိခင်များကို ကူညီရသည့် မိန်းကလေးများတွင်အိမ်မှုကိစ္စတာဝန်များပိုမိုများပြားပြီး ယောကျ်ားလေးများမှာကစားခြင်း၊ သူငယ်ချင်းများနှင့်တွေ့ဆုံခြင်း၊ စာသင်ကြားခြင်းဆိုင်ရာ ကိစ္စရပ်တော်တော်များများတွင် အချိန်ပိုရကြသည်။

## အဆင့် ၆ ပြောင်းလဲမှုများလိုအပ်ခြင်းရှိမရှိ ဆွေးနွေးခြင်း - ၁၅-၂၀ မိနစ်

အမျိုးသားနှင့် အမျိုးသမီးတို့ကြား အလုပ်တာဝန်ခွဲဝေမှုတွင် အပြောင်းအလဲများ ပြုလုပ်နိုင်ချေရှိမရှိ ကြည့်ကြမည်ဟု သင်တန်းသားများအားပြောပါ။ ကျားမနှစ်မျိုးလုံးအကြား လုပ်ကိုင်ရသည့်အလုပ်များ၊ အမျိုးသမီး/မိန်းကလေးများသာ လုပ်နေသည့်အလုပ်များ၊ အမျိုးသားယောကျ်ားလေးများသာ လုပ်နေသည့် အလုပ်များကို ဇယားအတွင်းကြည့်ရမည်။ အမျိုးသမီး အကွက်နှင့် အမျိုးသား အကွက်များရှိ ကျားမနှစ်မျိုးလုံးလုပ်နိုင်သည့်အလုပ်များကို ဆုံးဖြတ်ရမည်။ ထို့နောက် သက်ဆိုင်ရာလုပ်ငန်းပြကတ်များကို နောက်ဆုံး အကွက်သို့ ပြောင်းရမည်။

မည်သည့်အလုပ်ကို ယောကျ်ားလေးများ/ အမျိုးသားများ သို့မဟုတ် အမျိုးသမီး/ မိန်းကလေးများသာ လုပ်နိုင်သည်ကို သတ်မှတ်ရန် လူတိုင်းအားမေးမြန်းရမည်။ အဘယ့်ကြောင့် ယောကျ်ားလေးများ/ အမျိုးသားများ သို့မဟုတ် အမျိုးသမီး/ မိန်းကလေးများသာ လုပ်နိုင်သည်ဟုထင်သည်ကိုလည်း စတင်ဆွေးနွေးရမည်။ နောက်ဆုံးတွင် အမျိုးသမီးများ နှင့် အမျိုးသားအကွက်များတွင် နို့တိုက်ခြင်း၊ မုတ်ဆိတ်ရိပ်ခြင်းကဲ့သို့ ပြောင်းလဲ၍ မရနိုင်သော ဇီဝဗေဒဆိုင်ရာ အချက်များသာကျန်ခဲ့စေရမည်။

ဤနေရာတွင် အဓိကအချက်မှာ နေ့စဉ်ဘဝအတွင်းရှိ အမျိုးသား၊ အမျိုးသမီးများ၊ ယောကျ်ားလေး၊ မိန်းကလေးများ၏ အလုပ်တော်တော်များများမှာ အပြန်အလှန်ပြောင်းလဲနိုင်သည်ဟူသည့် အချက်ဖြစ်သည်။ အလုပ်တာဝန်ခွဲဝေမှုတွင် ဇီဝဗေဒသဘောတရားနှင့် မသက်ဆိုင်သော အိမ်ထောင်စုအလုပ်တော်တော်များများကို ကျားမနှစ်ခုလုံး လုပ်ဆောင်နိုင်ပါသည်။ ဥပမာအားဖြင့် ယောကျ်ားများသည် ပန်းကန်ဆေးနိုင်သလို အမျိုးသမီးများသည်လည်း ကျေးရွာအစည်းအဝေးများတွင် ဝင်ရောက်ပြောဆိုနိုင်သည်။ သို့သော်လည်း လူမှုရေးဆိုင်ရာလုပ်အားခွဲဝေမှုတွင် ယောကျ်ား၊ မိန်းမတို့အကြား၌ အခွင့်အရေးတန်းတူညီမျှမှု မရှိဘဲ အမျိုးသမီးများကို ထိခိုက်နစ်နာမှုလည်း ဖြစ်စေသည်။ သို့သော်လည်း ထိုသို့မညီမျှမှုများကို ပြောင်းလဲလိုပါက ပြောင်းလဲနိုင်ပါသည်။ တန်းတူညီမျှတမှုရှိသော လူ့အဖွဲ့အစည်းနှင့် ယဉ်ကျေးမှုထုံးစံများတွင် မိသားစုဝင်အားလုံးအတွင်း အလုပ်ဝန်ထုပ်ဝန်ပိုးများကိုတရားမျှတစွာ ခွဲဝေထမ်းပိုးရန် လိုအပ်သည်။

### သင်တန်းပို့ချသူများအတွက် အကြံပြုချက်များ

လိုအပ်သည့်နေရာတွင် တန်းတူတရားမျှတသော လုပ်အားခွဲဝေမှုဆိုသည်မှာ အမျိုးသားနှင့် အမျိုးသမီးတို့ အကြားရှိ လူမှုရေးဆိုင်ရာကွဲပြားခြားနားမှုအားလုံးကို တိုက်ဖျက်ရန်မဟုတ်ဘဲ အလုပ်ဝန်ကို ညီတူထမ်းကြရန်ဖြစ်သည်။ အယူသီးမှုများရှိသော သင်တန်းတက်ရောက်သူများ၏ ဓလေ့ထုံးစံကိုလည်း လေးစားရမည် ဖြစ်သည်။ ဥပမာအားဖြင့် အချို့သော လူမျိုးစုထုံးစံများတွင် အမျိုးသမီးများသည် ခေါင်မိုးပေါ်သို့မတက်ရဘဲ အမျိုးသားများသည်လည်း အမျိုးသမီးများ၏ အတွင်းခံများကို လျှော်ဖွတ်ခြင်း မပြုရပေ။

အချို့သော အမျိုးသားနှင့် အမျိုးသမီးများ ပြောလာနိုင်သည်မှာ အမျိုးသမီးများ/မိန်းကလေးများသည် လက်ရှိလုပ်အားခွဲဝေမှုနှင့် အဆင်ပြေသည်ဟု ပြောနိုင်ပါသည်။ ထိုခံစားမှုသည် အမျိုးသမီးများထံမှ ထွက်ပေါ်လာသည်ဆိုပါက လေးစားမှုရှိသင့်ပါသည်။ သို့သော်လည်း အသေးစိတ်မေးမြန်းပါက အလုပ်တာဝန်ခွဲဝေမှုမညီမျှခြင်းသည် ပျော်ရွှင်ဖွယ်မိသားစု မဖြစ်စေဟူသော အချက်ကို အများအားဖြင့် သဘောတူညီကြပါသည်။

ကလေးများသည် အိမ်မှုကိစ္စများအတွက် တနေ့လျှင် နစ်နာရီထက် အလုပ်ပိုလုပ်ကြရပြီး ၎င်းတို့၏ ပညာရေးကိုလည်း အနှောက်အယှက် ဖြစ်စေသည်ဆိုပါက ထိုကလေးများအပါအဝင် မိသားစုအရင်းအမြစ်များနှင့် အကျိုးခံစားမှုများကို မျှတမှုရှိစေရန် ဆွေးနွေးရမည်ဖြစ်သည်။ မှတ်သားရမည်မှာ ဆင်းရဲနွမ်းပါးသော မိသားစုများသည် အခြေခံအသက်ရှင်သန်ရေး လိုအပ်ချက်များ အတွက် စူးစိုက်ဆောင်ရွက်နေရစဉ်တွင် မိသားစု၏ လူမှုဘဝဖူလုံရေးသည် ပစ္စည်းဥစ္စာ အရင်းအမြစ်များနှင့် အကျိုးခံစားမှု (ဥပမာ ဝင်ငွေရအလုပ်များ) သာမကဘဲ လက်တလောတွင် ချက်ခြင်းအကျိုးမပေးနိုင်သောလည်း ရေရှည်တွင် မိသားစုကောင်းကျိုးချမ်းသာရရှိစေရန်အတွက် မြုပ်နှံရသော အခြားအရင်းအမြစ်များလည်း ရှိနိုင်သည်ဟူသည့် အချက်ဖြစ်သည်။

ပညာရေးသည် ကလေးငယ်များအတွက် အရေးကြီးသောအရင်းအမြစ်တစ်ခုဖြစ်ပါသည်။ မိသားစုတာဝန်များနှင့် အလုပ်ဝန်များကို တန်းတူညီမျှဝေမျှထမ်းဆောင်ခြင်းသည် ကလေးများအပါအဝင် မိသားစုဝင်များအကြား မျှတသော အခွင့်အလမ်းများနှင့် အကျိုးခံစားမှုများ ဝေမျှရာရောက်သည်။ အလွန်အကျူးနွမ်းပါးဆင်းရဲမှုမရှိပါက မိသားစု တော်တော်များများတွင် ကလေးများ၏ပညာရေးကို ဦးစားပေးပြီး ပညာရေးသည် မိသားစုနှင့် လူ့အဖွဲ့အစည်းများအကြား ထိုကလေးများကို တိုးတက်ကောင်းမွန်သောလူများဖြစ်လာစေသလို ကလေးငယ်နှင့် မိသားစုတစ်ခုလုံး၏ ရေရှည်ကောင်းကျိုးချမ်းသာသုခကိုလည်း ရရှိစေသည်။ (အကျဉ်းချုပ်မှတ်စု : လေ့ကျင့်ခန်း ၄.၁.၂ မိသားစုတွင်းရှိအရင်းအမြစ်များနှင့် အကျိုး ခံစားမှုများတွင်ကြည့်)


## အဆင့် ၇ ပြောင်းလဲမှုများလိုအပ်ခြင်းရှိမရှိ ဆွေးနွေးခြင်း - ၁၀ မိနစ်

အဓိကအချက်များဖြင့် အကျဉ်းချုပ်ပါ။

- အမျိုးသားနှင့် အမျိုးသမီးများ (ယောကျာ်းလေးနှင့် မိန်းကလေးများ) ၏ နေ့စဉ်ဘဝများသည် တခါတရံ မိသားစုနှင့် ရပ်ရွာအသိုက်အဝန်းတွင် မတူညီကြပေ။ ကိစ္စရပ်တော်တော်များများတွင်း မိသားစုတွင်း၌ တာဝန်မျိုးစုံရှိတတ်သောကြောင့် အမျိုးသမီးများ၊ မိန်းကလေးများသည် နာရီပိုမိုကြာအောင် အလုပ်လုပ်ကြရသည်။ တခါတရံ အိမ်ပြင်ပတွင် ဝင်ငွေအတွက် အလုပ်လုပ်ရသလို အိမ်မှုကိစ္စအတော်များများကိုလည်း လုပ်ကြရသည်။
- အမျိုးသားများနှင့် ယောကျာ်းလေးများသည် အိမ်မှုကိစ္စကို အမျိုးသမီး/မိန်းကလေးများတာဝန်ဟု ယူဆကြသောကြောင့် နည်းနည်းသာလုပ်ကြသည်။ ယောကျာ်းလေးများသည် ၎င်းတို့၏ဖခင်ကဲ့သို့ အလုပ်ထွက်မလုပ်သေးလျှင်ပင် ၎င်းတို့၏ဖခင်ကဲ့သို့ပင် မိန်းကလေးများ၏တာဝန်ဟုယူဆပြီး အိမ်မှုကိစ္စများကို ဝေမျှထမ်းဆောင်ခြင်းမပြုကြ။ ထို သဘောထားကို ကျယ်ပြန့်စွာလက်ခံကျင့်သုံးကြပြီး အမျိုးသမီးများနှင့် မိန်းကလေးများကို ဝန်ပိစေသည်။



- မိသားစုတွင်းတွင် အလုပ်တာဝန်ခွဲဝေမှု မညီမျှခြင်းရှိခဲ့ပါက မည်သည့် ပြောင်းလဲမှုမျိုးပြုသင့်သည်ကို မိသားစုအနေဖြင့် စဉ်းစားသင့်သည်။တချို့ သောအလုပ်များသည် အမျိုးသမီးများ၏ အလုပ်သာဖြစ်သည် သို့မဟုတ် အမျိုးသားများ၏ အလုပ်သာဖြစ်သည် စသဖြင့် တွေးခေါ်ကန့်သတ်မထား ဘဲ မိသားစုဝင်တိုင်းသည် အိမ်ထောင်စု အလုပ်ဝန်ထုပ်ဝန်ပိုးများနှင့်တာ ဝန်ဝတ္တရားများကို မျှတစွာ ထမ်းပိုးလုပ်ကိုင်သင့်သည်။
- မိသားစုတွင်း အလုပ်တာဝန်ခွဲဝေမှုကို ပြောင်းလဲရခြင်းသည် မလွယ်ကူ သော်လည်း လုပ်ဆောင်၍ရပါသည်။ မိသားစုဝင်တစ်ဦးဦးသည် အလွန် အမင်းအလုပ်တာဝန်များနေပါက မိသားစုများသည်လည်း အမှန်တကယ် ပျော်ရွှင်နိုင်မည်မဟုတ်ပါ။ မိသားစုတွင်း အလုပ်တာဝန်များကိုမျှတစွာဝေ မျှလုပ်ဆောင်ခြင်းသည် သင်၏မိသားစုကိုလည်း ပျော်ရွှင်သော မိသားစု တစ်စုဖြစ်လာစေသည်။

## သင်ထောက်ကူ ၄.၁.၁ က : ကျွန်ုပ်၏ ၂၄ နာရီ




## သင်ထောက်ကူ ၄.၁.၁ ခ : ကလေးများ၏ ၂၄ နာရီခွဲခြမ်းလေ့လာမှုဇယား

မိန်းကလေးများနှင့် ယောက်ျားလေးများအတွက် သင့်လျော်သောကော်လံ၌ ၂၄ နာရီအတွင်းရှိ နာရီပေါင်းနှင့် လုပ်ရသော အလုပ်များစာရင်းကိုထည့်ပါ။

| လုပ်ငန်းများ |  |  |  |
|---|---|---|---|
| **အဝါ**<br>လေ့လာသင်ယူခြင်း၊ သင်တန်းတက်ခြင်း | | | |
| **အနက်**<br>အိမ်မှုကိစ္စ | | | |
| **အပြာ**<br>အလုပ်လုပ်ခြင်း | | | |
| **အနီ**<br>ကစားခြင်းနှင့် နားခြင်း | | | |
| **အစိမ်း**<br>အိပ်စက်ခြင်း | | | |

## သင်ထောက်ကူ ၄.၁.၁ ဂ : အရွယ်ရောက်ပြီးသူများ၏ ၂၄ နာရီ ခွဲခြမ်းလေ့လာမှုဇယား

အမျိုးသမီးများနှင့် အမျိုးသားများအတွက် သင့်လျော်သောကော်လံ၌ ၂၄ နာရီအတွင်းရှိ နာရီပေါင်းနှင့် လုပ်ရသော အလုပ်များစာရင်းကိုထည့်ပါ။

| လုပ်ငန်းများ |  |  |  |
|---|---|---|---|
| **အပြာ**<br>အလုပ် | | | |
| **အနက်**<br>အိမ်အလုပ် | | | |
| **အဝါ**<br>လေ့လာသင်ယူခြင်း၊ သင်တန်းတက်ခြင်း | | | |
| **အနီ**<br>အားလပ်ချိန်နှင့် လူမှုရေး | | | |
| **အစိမ်း**<br>အိပ်စက်ခြင်း | | | |

## သင်ထောက်ကူ ၄.၁.၁ ဃ : အမျိုးသားများနှင့်ယောက်ျားလေးများ လုပ်ရသည့် အလုပ်များပြ ပုံပါကတ်များ

စာရွက်ပေါ်မှပုံအသေးများကို အစက်များအတိုင်းဖြတ်ထုတ်ပါ။ အမျိုးသား/ ယောက်ျားလေးများ အမြဲတစေ လုပ်ရသည့် အလုပ်များပြပုံများကို ရွေးချယ်ပြီး သင်ထောက်ကူ ၄.၁.၁ ခ သို့မဟုတ် ဂ ပေါ်ရှိ သင့်လျော်သောအမျိုးအစားများတွင် ကပ်ပါ။ ၎င်းတို့သည် နမူနာများသာဖြစ်သည်။ သင့်အနေဖြင့် လိုအပ်သောပုံများ လိုသလိုထပ်မံဆွဲနိုင်သည်။



## သင်ထောက်ကူ ၄.၁.၁ င : အမျိုးသမီးများနှင့် မိန်းကလေးများ လုပ်ရသည့် အလုပ်များပြပုံပါကတ်များ

စာရွက်ပေါ်မှပုံအသေးများကို အစက်များအတိုင်းဖြတ်ထုတ်ပါ။ အမျိုးသမီး/ မိန်းကလေးများ အမြဲတစေ လုပ်ရသည့် အလုပ်များပြပုံများကို ရွေးချယ်ပြီး သင်ထောက်ကူ ၄.၁.၁ ခ သို့မဟုတ် ဂ ပေါ်ရှိ သင့်လျော်သောအမျိုးအစားများတွင် ကပ်ပါ။ ၎င်းတို့သည် နမူနာများသာဖြစ်သည်။ သင့်အနေဖြင့် လိုအပ်သောပုံများ လိုသလိုထပ်မံဆွဲနိုင်သည်။



## ■ လေ့ကျင့်ခန်း ၄.၁.၂ မိသားစုနှစ်စု၏ဇာတ်လမ်းများ

### ရည်ရွယ်ချက်

- သဘောတရားများကိုနားလည်သဘောပေါက်စေရန် : အရင်းအမြစ်နှင့် အကျိုးခံစားခွင့်
- အိမ်ထောင်စုအတွင်းမည်သည့်အရင်းအမြစ်နှင့်အကျိုးခံစားခွင့်များရှိသည်ကိုသတ်မှတ်ရန်။
- လက်ရှိ မိသားစုတွင်းတွင် မညီမျှသော အရင်းအမြစ်များနှင့် အကျိုးခံစားမှုများရှိနေခဲ့ပါက ထိုလက်လှမ်းမှီ ရရှိနိုင်မှုများနှင့် ထိန်းချုပ်မှုပုံစံများအား မည်သို့ပြောင်းလဲနိုင်မည်ကိုသုံးသပ်ရန်။

### ဦးတည်အုပ်စု

ကလေးသူငယ်များ၊ လူငယ်များနှင့် အရွယ်ရောက်ပြီးသူများ

### ကြာမြင့်ချိန်

၁၀၀ - ၁၂၀ မိနစ်

### ထိုင်ခုံနေရာချထားမှုများ

မျက်နှာစုံညီဆွေးနွေးရန်အတွက် စက်ဝိုင်းခြမ်းပုံခုံနေရာချထားမှုနှင့် အဖွဲ့လိုက်လုပ်ဆောင်မှုများ အတွက် အုပ်စုလိုက် နေရာများ

### သင်တန်းသုံးပစ္စည်းများ

- Flipchart နှင့် မာကာဘောပင်များ
- အဆင့် (၁) နှင့် အဆင့် (၅) တွင် သရုပ်တူလုပ်ဆောင်ရန်လိုအပ်သော ပစ္စည်းများ (မလုပ်မနေရမဟုတ်)

### သင်တန်းအထောက်အကူပြုပစ္စည်း

| | |
|---|---|
| ၄.၁.၂ က | : မိသားစုနှစ်စု၏ ဇာတ်လမ်းများ : အဖွဲ့လိုက်လုပ်ဆောင်မှုလမ်းညွှန်ချက်များ |
| ၄.၁.၂ ခ | : မိသားစုနှစ်စု၏ ဇာတ်လမ်းများ : ဖြေရှင်းချက်များ |
| အကျဉ်းချုပ်မှတ်စု | : မိသားစုတွင်းရှိ အရင်းအမြစ်များနှင့် အကျိုးခံစားမှုများ |

## ဆွေးနွေးပွဲအစီအစဉ်အဆင့်များ

၁. သရုပ်တူလုပ်ဆောင်ခြင်းနှင့် ဆွေးနွေးခြင်း - ၂၀ ၂၅ မိနစ်
၂. မိသားစုတွင်းရှိ အရင်းအမြစ်များနှင့် အကျိုးခံစားမှုများကို သတ်မှတ်ခြင်း - ၁၅ မိနစ်
၃. အဖွဲ့လိုက်လုပ်ဆောင်ခြင်း - ၃၀ မိနစ်
၄. သရုပ်တူလုပ်ဆောင်ခြင်းနှင့် ဆွေးနွေးခြင်းထပ်မံလုပ်ဆောင်ခြင်း - ၃၀ - ၄၀ မိနစ်
၅. မိသားစုတွင်းရှိ အရင်းအမြစ်များနှင့် အကျိုးခံစားမှုများကို လက်လှမ်းမီရရှိမှုနှင့် ထိန်းချုပ်မှုများဆိုင်ရာ အဓိက အချက်များကို အကျဉ်းချုပ်ခြင်း - ၁၅ - ၂၀ မိနစ်

## သင်တန်းပို့ချသူများအတွက် အကြံပြုချက်များ

အဆင့် (၁) နှင့် (၂) သည် ပါဝင်တက်ရောက်သူများကို အရင်းအမြစ်နှင့် အကျိုးခံစားမှုဆိုင်ရာ သဘောတရားများကို စေ့စပ်သေချာရန်နှင့် နက်နဲစွာနားလည်စေရန်အတွက် ရေးဆွဲထားခြင်းဖြစ်သည်။ ထိုအဆင့်များသည် စာတတ်မြောက်မှုနိမ့်ပါး သော ကလေးသူငယ်များနှင့် အရွယ်ရောက်သူများအတွက် ရည်ရွယ်သည်။ အကယ်၍ ပါဝင်တက်ရောက်သူများသည် စာကောင်းစွာတတ်ပြီး အချိန်အကန့်အသတ်လည်းရှိပါက ထိုအဆင့် (၃) ဆင့်အတွက် အချိန်များကို လျှော့ချနိုင်သည်။ သို့သော်လည်း အဆင့် (၃) မစတင်မီ ထိုသဘောတရားနှစ်ခုကို ပါဝင်တက်ရောက်သူများ နားလည်ရန် လိုအပ်သည်။

## ကြိုတင်ပြင်ဆင်ခြင်း

သရုပ်တူလုပ်ဆောင်မှု (၅) မိနစ်ကို တွဲဖက်သင်တန်းပို့ချသူများ၊ ရွေးချယ်ထားသည့် သင်တန်းတက်ရောက်သူများနှင့် ဤအခန်းမစတင်မီ ကြိုတင်ပြင်ဆင်ထားရမည်။ သရုပ်တူလုပ် ဆောင်မှုတွင် လူ (၈) ဦးလိုအပ်သည် (အမျိုးသား (၄) ယောက်နှင့် အမျိုးသမီး (၄) ယောက်) ။ အောက် ဖော်ပြပါဇာတ်လမ်းနှစ်ခုမှ တစ်ခုကို ရွေးချယ်ပါ။ ဦးတည်အုပ်စု၏ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု များနှင့် ကိုက်ညီအောင် မိသားစုများ၏ ဇာတ်လမ်းနှင့် စရိုက်လက္ခဏာများကို အလိုက်သင့် ပြင်ဆင်ရမည်။

**ဇာတ်လမ်း ၁**[၂] : ကျေးရွာတစ်ရွာတွင် မိသားစုတစ်စုနေထိုင်ကြပါသည်။ ဖခင်သည် ဆိုက္ကားဆရာ ဖြစ်ပြီး မိခင်သည် လမ်းဘေးတွင် ဟင်းသီးဟင်းရွက်ရောင်းချပါသည်။ ထိုမိသားစုတွင် ကလေး (၄) ယောက်ရှိပြီး မိန်းကလေး (၂) ယောက်၊ ယောက်ျားလေး (၂) ယောက်ဖြစ်သည်။ အဘိုးအဘွားများသည်လည်း ထိုမိသားစုနှင့်အတူနေထိုင်သည်။ တနေ့တွင် ဖခင်ဖြစ်သူသည် ထီဆုအသေးတစ်ဆုပေါက်သောကြောင့် ညစာအတွက် ကြက်သားဒန်ပေါက် ဝယ်စားကြသည်။

**ဇာတ်လမ်း ၂** : အထက်ပါမိသားစုသည် ရီမုတ်ကွန်ထရိုးပါသော တီဗွီကိုလွန်ခဲ့ သည့် နှစ်က ဝယ်ခဲ့ သည်။ မိသားစုဝင်များသည် မတူညီသော တီဗီအစီအစဉ်များကို ကြည့်လိုကြသည်။ ဖခင်နှင့် အဘိုးဖြစ်သူတို့က လက်ဝေကြိုက်သည်။ သားဖြစ်သူများ ကဘောလုံး၊ မိခင်နှင့် အဘွားဖြစ်သူတို့

[၂] ဇာတ်လမ်းများကိုFledglings Manual by Nwe Nwe Aye & Aye Aye Tun (Save the Children UK: Yangon, June 2000), Exercise: Maths in Life, pp. 33-34. မှပြင်ဆင်ရယူထားပါသည်။

မြန်မာအိုင်ဒေါလ် အစီအစဉ်နှင့် သမီးများက ကိုရီယား ဇာတ်လမ်းတွဲများ ကြိုက်ကြသည်။ ဇာတ်လမ်းတိုအတွင်း အောက်ပါမြင်ကွင်းများပါရှိရမည်။

- မိသားစုကို မိတ်ဆက်ခြင်း
- ဇာတ်လမ်း နံပါတ် ၁ : မိသားစုသည် ကြက်သားဒန်ပေါက်နှင့် ကြက်သားတုံးများကိုမိသားစုဝင်များအတွင်း ခွဲဝေ စားသောက်ကြသည်။
- ဇာတ်လမ်းနံပါတ် ၂ : မိသားစုဝင်များသည် ၎င်းတို့၏ စိတ်ကြိုက်အစီအစဉ်များ ကြည့်နိုင်ရန်အတွက် လုနေကြသည်။

သင်တန်းတက်ရောက်သူများအတွက် မတင်ဆက်ခင် လေ့ကျင့်ထားရန် သရုပ်ဆောင်မည့်သူများအားခိုင်းပါ။ ဤဇာတ်လမ်းတို၏ ရည်ရွယ်ချက်မှာ မိသားစုအရင်းအမြစ်များနှင့် အကျိုးခံစားမှုများ၏ (အကျဉ်းချုပ်မှတ်စု : မိသားစုတွင်း ရှိအရင်းအမြစ်များနှင့် အကျိုးခံစားခွင့်များ) သဘောတရားများကို အဓိကမိတ်ဆက်လိုခြင်းဖြစ်သည်။ ဇာတ်လမ်းတို (၁) တွင် ကြက်သားဒန်ပေါက်နှင့် ကြက်သားတုံးများကို မိသားစုဝင်များသို့ ဦးစားပေးဝေငှမှုများကို ပြသလိုခြင်းဖြစ်ပြီး အကယ်၍ ကြက်သား၏ မည်သည့်အကောင်းဆုံးအပိုင်းများကို မည်သူ့အားကျွေးသည်ကို ပြလိုခြင်းဖြစ်သည် (ဥပမာ အငယ်ဆုံးကလေး၊ မိသားစုတွင်းမှ အသက်အကြီးဆုံး၊ သားများ စသဖြင့်)။ ဇာတ်လမ်းတို (၂) သည် မိသားစုတွင်း ကိုယ်ကြိုက်နစ်သက်ရာတီဗီအစီအစဉ်များ ကြည့်ရရန်အတွက် လုနေကြခြင်းနှင့် တီဗီရီမုကို မည်သူက ကိုင်ထားသည်၊ မည်သည့် အစီအစဉ်ကိုသာ မိသားစုက ကြည့်ရန်ဆုံးဖြတ်ရသည်ကို ပြသလိုခြင်းဖြစ်သည်။

## အဆင့် ၁ သရုပ်တူလုပ်ဆောင်ခြင်းနှင့် ဆွေးနွေးခြင်း - ၂၀ -၂၅ မိနစ်

လုပ်ဆောင်ပြသသည့် ရည်ရွယ်ချက်ကို မပြောဘဲ ဇာတ်လမ်းတိုကို သရုပ်တူလုပ်ဆောင်ခြင်းဖြင့် ဤအခန်းကို စတင်ပါ။ တင်ဆက်ပြသမှုပြီးနောက် အောက်ဖော်ပြပါမေးခွန်းများဖြင့် မျက်နှာစုံညီဆွေးနွေးမှုကို စတင်ပါ။

- မိသားစုအတွင်းမည်သည့်တို့ဖြစ်နေပါသလဲ?
- မိသားစုဝင်များအကြား ကြက်သားဒန်ပေါက်မျှဝေမှု/ တီဗွီကို မည်သူက ကြည့်ရသည် စသည်တို့ ဘယ်လို ဖြစ်ပျက်ခဲ့ပါသလဲ?
- ဘယ်သူကအကောင်းဆုံးကြက်သားတုံးများကို ရခဲ့ပါသလဲ? တီဗွီကို ဘယ်သူက အများဆုံးကြည့်ရပါသလဲ?
- အကောင်းဆုံးကြက်သားတုံးရရန် ဘယ်သူကဆုံးဖြတ်ပါသလဲ? တီဗွီရီမုတ်ကွန်ထရိုးကို ဘယ်သူက ကိုင်ထားနိုင် ပါသလဲ?
- သားယောက်ျားလေး၊ သမီးမိန်းကလေး၊ မိခင်နှင့် ဖခင်၊ အဘိုးနှင့် အဘွားတို့ကို ကြက်သားတုံးများ ကျွေးရာတွင် ကွဲပြားမှုရှိပါသလား?

## အဆင့် ၂ မိသားစုတွင်းရှိ အရင်းအမြစ်များနှင့် အကျိုးခံစားမှုများကို သတ်မှတ်ခြင်း - ၁၅ မိနစ်

မိသားစုအတွင်းရှိ အရင်းအမြစ်များနှင့် အကျိုးခံစားမှုများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ (အကျဉ်းချုပ်မှတ်စု : မိသားစုအတွင်းရှိ အရင်းအမြစ်များနှင့် အကျိုးခံစားမှုများကိုကြည့်) ရှင်းပြရန်အတွက် ကြက်သားဒန်ပေါက် သို့မဟုတ် တီဗွီရီမုကွန်ထရိုးဇာတ်လမ်းကို နမူနာ သရုပ်ဆောင်ပြပါ။

သင်တန်းတက်ရောက်သူများအနေဖြင့် အရင်းအမြစ်ဟူသည့် အသုံးအနှုန်းကို နားလည်ခြင်းရှိမရှိ ၎င်းတို့ကိုယ်ပိုင် အခြေအနေများမှ အရင်းအမြစ်နမူနာများကို မေးမြန်းကြည့်ပါ။ ထို့နောက် ၎င်းတို့တွင် ရှိသည် အရင်းအမြစ်များကို အသုံးပြု၍ မည်သို့သော အကျိုးခံစားခွင့်များ ရရှိနိုင်သည်ကို နမူနာများ ပြောပြခိုင်းပါ။

## အဆင့် ၃ အဖွဲ့လိုက်လုပ်ဆောင်ခြင်း - ၃၀ မိနစ်

အသက်အရွယ်၊ ကျားမကွဲပြားမှုမျိုးစုံ တို့ကို ရောနှောပါဝင်စေပြီး အဖွဲ့နှစ်ဖွဲ့ခွဲကာ အခန်း၏ မတူညီသည့် တစ်ဘက်စီတွင် ထိုင်ခိုင်းပါ။ တဖွဲ့စီကို အဖွဲ့လိုက်လုပ်ဆောင်ချက်များ လမ်းညွှန် (သင်ထောက်ကူ ၄.၁.၂ က) ကို ပေးဝေပြီး တဖွဲ့ကို မြို့ပြမိသားစု ၁ : သုခ မိသားစုနှင့် တခြားအဖွဲ့ကို ကျေးလက်မိသားစုအတွက် လမ်းညွှန် ကျေးလက်မိသားစု ၂ : ရတနာ မိသားစုကို ပေးပါ။

တဖွဲ့ခြင်းစီပြုလုပ်ရမည့် အလုပ်များကို အကျဉ်းချုပ်ရှင်းပြပြီး ပေးအပ်သည့် အလုပ်ကို ပြင်ဆင်ရန်အတွက် မိနစ် (၃၀) အချိန်ပေးပါ။ ၎င်းတို့သက်ဆိုင်ရာ မိသားစုများ ပြုလုပ်ရမည့်အရာများကို ပါဝင်သူများ ကောင်းစွာနားလည်ပါစေ။ စာတတ်မှု အဆင့်နိမ့်သည့် ကလေးများနှင့် အရွယ်ရောက်သူများအတွက် သင်တန်းပို့ချသူများမှ ထိုအုပ်စုတွင် ဝင်ရောက်ကူညီပံ့ပိုး ရန် လိုကောင်းလိုပေမည်။ မိသားစုတွင်းရှိ အခြေအနေများကို စတင်မဖြေရှင်းရသေးမီ ဇာတ်လမ်းအတွင်းပါရှိသည့် မိသားစုဝင်များနေရာဝင် ဝင်ရောက်လုပ်ဆောင်ရန် လူရွေးတာဝန်ချထားခြင်းဖြင့် စတင်သင့်ကြောင်းရှင်းပြပါ။

### သင်တန်းပို့ချသူများအတွက် အကြံပြုချက်များ

မိသားစုနှစ်ခုလုံးအတွက် သင်တန်းဆရာဖြစ်သင်တန်းပေးသည့်အချိန်တွင် ကျေးလက်အတွက်ဇာတ်လမ်းတစ်ခုနှင့် မြို့ပြ အတွက် ဇာတ်လမ်းတစ်ခုကို အသုံးပြုပြီး ခွဲခြမ်းလုပ်ဆောင်ရန်လိုအပ်သည်။ ကလေးများ၊ လူငယ်များနှင့် မိဘများ စသည် တို့နှင့်သင်တန်းပြုလုပ်မည်ဆိုပါက သင်တန်းပို့ချသူများသည် သင့်လျော်လိုက်ဖက်မည့် ဇာတ်လမ်းများကို ရွေးချယ်ပြီး အချို့သော သင်တန်းတက်ရောက်သူများနှင့် ကြိုတင်ပြင်ဆင်ထားသင့်သည်။ သရုပ်ဆောင်တင်ပြမှုများအား ခွဲခြမ်းလေ့လာခြင်းနှင့် အဆုံးသတ်သည့် အပိုင်းကို အချိန်ပို၍ ပေးနိုင်သည်။

## အဆင့် ၄ သရုပ်တူလုပ်ဆောင်ခြင်းနှင့် ဆွေးနွေးခြင်းထပ်မံလုပ်ဆောင်ခြင်း - ၃၀ - ၄၀ မိနစ်

အဖွဲ့ (၁) ကို သုခ မိသားစုအကြောင်းလာပြောပြရန် သို့မဟုတ် သရုပ်ဆောင်ပြရန် ဖိတ်ခေါ်ပါ။ ထိုအဖွဲ့တွင် အခြေအနေ (၅) မျိုးလုံးကို ဖြေရှင်းရန် ဖြေရှင်းချက်များပါပါစေ။ ထို့နောက် အဖွဲ့ (၂) ကိုလည်း ရတနာမိသားစုကို ထိုကဲ့သို့ ပြုလုပ်ပြရန် ဖိတ်ခေါ်ပါ။ တဖွဲ့စီကို ဇာတ်လမ်းသရုပ်ဆောင်ရန် (၅) မိနစ် (၁၀) မိနစ် ခန့်စီပေးပါ။

အောက်ဖော်ပြပါမေးခွန်းများဖြင့် သရုပ်တူလုပ်ဆောင်မှုကို ဆွေးနွေးပါ။ (သင်ထောက်ကူ ၄.၁.၂ ခ ကိုသင်တန်းလမ်းညွှန် အဖြစ်အသုံးပြု၍)

၁. မိသားစုတစ်စုစီတွင် မည်သည့်အရင်းအမြစ်များရှိပါသလဲ။
၂. မိသားစုများသည် အခြေအနေတစ်ခုစီတိုင်းတွင် အရင်းအမြစ်များနှင့်အကျိုးခံစားမှုများကိုအသုံးပြုရန် မည်သို့ ဆုံးဖြတ်ခဲ့ပါသလဲ။
၃. အခြေအနေတစ်ခုစီတိုင်းအတွက်ဖြေရှင်းရန်နည်းလမ်းများ မည်သို့ထွက်ပေါ်လာပါသလဲ? ကိစ္စရပ်တစ်ခုစီတိုင်းတွင် ဘယ်သူက ဆုံးဖြတ်ချက်ချခဲ့ပါသလဲ?။
၄. မိသားစုတစ်စုစီမှ အရင်းအမြစ်များနှင့် အကျိုးကျေးဇူးများ ခွဲဝေခဲ့ရာတွင် ထိရောက်မှုရှိပြီး မျှတသည်ဟုထင်ပါသလား? အဘယ်ကြောင့်ထင်/မထင်ပါသလဲ။
၅. မိသားစုအရင်းအမြစ်များနှင့် အကျိုးခံစားခွင့်များကို မည်သို့အသုံးပြုရန်အတွက်မိသားစုဝင်များအားလုံးတွင်တူညီသောအခွင့်အရေးရှိပါသလား။ မိသားစုဝင်များအတွင်း အထူးသဖြင့် အမျိုးသားများနှင့် အမျိုးသမီးများအကြားလက်လှမ်းမှီရရှိနိုင်မှုနှင့်ထိန်းချုပ်မှုအဆင့်များတွင် ကွဲပြားခြားနားမှုများရှိပါသလား။
၆. မိသားစုနှစ်စုလုံးတွင်သမီးအကြီးဆုံးသည်မိသားစုကိုပံ့ပိုးပေးရန်အတွက်ပညာရေးကိုရပ်တန့်ပြီးအလုပ်လုပ်ခဲ့ကြရသည်။သင်၏ရပ်ရွာအသိုင်းအဝိုင်းတွင်လည်းထိုသို့သောကိစ္စရပ်များရှိပါသလား။ ယင်းသည်မျှတပါရဲ့လား။ ထိုကိစ္စအတွက် ဘာလုပ်ပေးနိုင်ပါသလဲ။
၇. အရင်းအမြစ်များ ရှားပါးလာပြီး အကျိုးခံစားမှုများလည်း လျော့ကျလာသည့်အချိန်တွင် အရင်းအမြစ်များနှင့် အကျိုးခံစားမှုများကို မိသားစုများဘယ်လိုဝေမျှခဲ့ကြပါသလဲ။
၈. မိသားစုနှစ်စု အခြေအနေတစ်ခုစီတိုင်းတွင် ဖြေရှင်းခဲ့သည့်နည်းလမ်းများကို သဘောတူပါသလား။ ဘာကြောင့် သဘောတူ/မတူတာပါလဲ။
၉. မိသားစုနှစ်စုတွေ့ကြုံရသည့်အခြေအနေများသည် လက်တွေ့ဘဝတွင်လည်းဖြစ်တတ်ပါသလား။ တကယ်လက်တွေ့ဘဝတွင် လူတို့သည် ထိုအခြေအနေများအတွက် ဘယ်လိုဖြေရှင်းကြပါသလဲ။
၁၀. တခါတရံတွင် မိသားစုများအတွင်း အရင်းအမြစ်များနှင့် အကျိုးခံစားမှုများဝေမျှခြင်းကို ဆုံးဖြတ်ရာတွင် တန်းတူညီမျှခြင်း မရှိတတ်ဘဲ အရင်းအမြစ်များ ရှားပါးလာချိန်တွင် ပိုမို ဆိုးဝါးလာတတ်သည်။ ထိုမညီမျှမှုများနှင့်မမျှတမှုများကို ဖြေရှင်းလုပ်ဆောင်ရန်အတွက် ဘာလုပ်သင့်သည်ဟု သင်ထင်ပါသလဲ။

## အဆင့် ၅ မိသားစုတွင်းရှိ အရင်းအမြစ်များနှင့် အကျိုးခံစားမှုများကို လက်လှမ်းမီရရှိမှုနှင့် ထိန်းချုပ်မှုများဆိုင်ရာ အဓိက အချက်များကို အကျဉ်းချုပ်ခြင်း - ၁၅ - ၂၀ မိနစ်

အကျဉ်းချုပ်မှတ်စု ဒုတိယပိုင်းတွင် ဖော်ပြထားသည့်အတိုင်း မိသားစုအတွင်းရှိ အရင်းအမြစ်များနှင် အကျိုးခံစားမှုများကို လက်လှမ်းမီရရှိခြင်း နှင့် ထိန်းချုပ်ခြင်း ဟူသည့် သဘောတရားများကို ဆွေးနွေးပါ။ ဆွေးနွေးမှုကို အောက်ဖော်ပြပါ အဓိကအချက်များဖြင့် အကျဉ်းချုပ်ပါ။

- မိသားစုတွင်းရှိ မိသားစုဝင်အားလုံးသည် အရင်းအမြစ်များနှင့် အကျိုးခံစားမှုများကို မျှတစွာ၊ တူညီစွာ ရရှိခံစားနိုင် ရန်လိုအပ်သည်။
- အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် မိသားစုဝင်အားလုံးသည် မိသားစုအရင်းအမြစ်များနှင့်အကျိုးခံစားခွင့်များကို ဆုံးဖြတ်ရာတွင် ပါဝင်ခွင့်ရှိသည်။
- အရင်းအမြစ်များအကန့်အသတ်ရှိသည့်တိုင်အရင်းအမြစ်များကိုမျှတစွာ ခွဲဝေခြင်း၊ အလုပ်ဝန်များနှင့် တာဝန် များကို ညီညာစွာထမ်းပိုးခြင်းဖြင့် မိသားစု၏ ကောင်းကျိုးချမ်းသာနှင့် ပျော်ရွှင်မှုများကို ရေရှည်ထိန်းသိမ်း နိုင်ပါ သည်။
- ယနေ့ကမ္ဘာကြီးတွင် ယောက်ျားလေးများ၊ မိန်းကလေးများနှစ်မျိုးလုံး အတွက် ပညာရေးနှင့်သင်တန်းတက်ရောက်ခြင်းများရရှိနိုင်ရန်အတွက် ဆတူအရေးကြီးပြီး အဘယ်ကြောင့်ဆိုသော် ၎င်းတို့အရွယ်ရောက်လာ ပါက မိသားစုနှင့် လူ့အဖွဲ့အစည်းအတွင်း အကျိုးပြုသောသူများ ဖြစ်လာ ရန်လိုအပ်သောကြောင့်ဖြစ်သည်။ မိခင် နှင့် ဖခင်များတွင် ပိုမိုကောင်းမွန် သော ပညာရေးနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများရှိပါက ကလေး များအတွက် ပိုမိုကောင်းမွန်သော ပညာရေးကို ပေးအပ်နိုင်မည်ဖြစ်သည်။
- ပျော်ရွှင်ဖွယ်ရာမိသားစုတစ်စုဆိုသည်မှာမိသားစုဝင်တိုင်းတွင်အရင်းအမြစ် များနှင့် ခံစားမှုများကို မျှမျှတတ ခွဲဝေသုံးစွဲပိုင်ခွင့်နှင့် ၎င်းတို့၏ဘဝကို သက်ရောက်မှုများဖြစ်စေမည့် ဆုံးဖြတ်ချက်များတွင်လည်း ဝင်ရောက် ပြောဆို ခွင့်ရှိသောမိသားစုမျိုးဖြစ်သည်။

# သင်ထောက်ကူ ၄.၁.၂ က : မိသားစုနှစ်စု၏ ဇာတ်လမ်းများ : အဖွဲ့လိုက် လုပ်ဆောင်မှုလမ်းညွှန်ချက်များ

## မြို့ပြမိသားစု ၁ : သုခ မိသားစု

သုခမိသားစုတွင် မိသားစုဝင် (၇) ဦးရှိသည်။ ၎င်းတို့သည် မြို့ပေါ်တွင် အခန်း (၃) ခန်းပါသော အိမ်ကိုငှားနေကြသည်။ ဖခင်ဦးအေးမှာ ဆိုက်ကားဆရာဖြစ်ပြီး မိခင်ဒေါ်ချိုမှာ လမ်းပေါ်တွင် ရိုးရာမုန့်များရောင်းချသည်။ ၎င်းတို့တွင် သားနှစ်ဦး သမီးနှစ်ဦး ရှိသည်။ အလတ်နှစ်ယောက်မှာ အမွှာဖြစ်သည်။

- မဖြူဖြူသည် အသက် (၁၇) နှစ်ရှိပြီဖြစ်သည်။ သူမသည် လွန်ခဲ့သောနှစ်နှစ်က ကိုးတန်းပြီး ခဲ့ပြီးဖြစ်သည်။ သူမစာမေးပွဲအောင်ချိန်တွင် မိဘများက တပတ်ရစ်အပ်ချုပ်စက်တလုံး ကို ဝယ်ပေးခဲ့သည်။ သူမ၏မိခင်သည် လမ်းပေါ်တွင်သာစျေးရောင်းရင်း အချိန်ကုန်ရသည် က များသောကြောင့် သူမသည်အိမ်တွင်နေပြီး အိမ်ကိစ္စများကိုလုပ်ကိုင်ပေးရသည်။
- မသန္တာနှင့် မောင်သူရမှာ အမွှာများဖြစ်သည်။ သူတို့သည် အသက် (၁၅) နှစ်ရှိပြီဖြစ်သည်။ သူတို့နှစ်ဦးလုံး စာတော်ကြပြီး မကြာမီ (၉) တန်းအောင်တော့မည်ဖြစ်သည်။ မသန္တာသည် အထက်တန်းကျောင်းဆက်တက်ချင်သည်။ သူမအိမ်ပြန်ရောက်လျှင်အိမ်မှုကိစ္စများကို ကူ ညီရသည်။ မောင်သူရသည် အားလပ်ချိန်တွင် သူငယ်ချင်းများနှင့် ဘောလုံးကစားရခြင်းကို ကြိုက်နှစ်သက်သည်။
- မောင်ကျော်ကျော်သည် အသက် (၈) နှစ်ရှိပြီဖြစ်ပြီး(၃) တန်းတက်နေသည်။ သူသည်ညနေ များနှင့် စနေ၊ တနင်္ဂနွေတို့တွင် တီဗွီကြည့်ရသည်ကို ကြိုက်သည်။

၎င်းတို့မိသားစုတွင် အတူနေထိုင်သော အဘွားဒေါ်ခင်ခင်လည်းရှိသည်။ ဒေါ်ခင်ခင်မှာ (၆၇) နှစ်ရှိပြီဖြစ်သည်။

ဖခင်ဦးအေးသည် အလုပ်သို့မသွားခင် ကလေးသုံးယောက်ကို ဆိုက်ကားဖြင့်ကျောင်းသို့အရင် လိုက်ပို့သည်။ တနင်္ဂနွေမှ လွဲ၍ မနက် (၈) နာရီခန့်တွင် မိခင်ဒေါ်ချိုသည် သူမ၏လှည်းကိုထုတ်ပြီး ရိုးရာမုန့်များရောင်းရန်အတွက် သူမရောင်းချရာ လမ်းထောင့်သို့ထွက်သွားသည်။ မဖြူဖြူမှာ အိမ်တွင် အဖွားနှင့်နေခဲ့ရသည်။ အိမ်မှုကိစ္စများပြီးစီးပါက မဖြူဖြူသည် အိမ်ဝင်ငွေ ရစေရန် အလို့ငှာ အနီးနားရှိစက်ရုံမှ အရုပ်များအတွက် အဝတ်များကို အိမ်တွင်ချုပ်ပေးသည်။ တခါတရံ အဖွားဖြစ်သူ မပင်ပန်းပါက မဖြူဖြူအထည်ချုပ်သည်ကို ကူပေးပြီး အခြားအချိန်များတွင် ရေဒီယို နားထောင်ကာ မဖြူဖြူကို အဖော်လုပ်ပေးသည်။

အောက်ပါတို့ကို ပြုလုပ်ရန် မိနစ် (၃၀) အချိန်ရသည်။

၁. ဇာတ်လမ်းကို သေချာစွာဖတ်ပြီး မိသားစုတွင်ရှိသည့် အရင်းအမြစ်များကို စာရင်းပြုလုပ်ပါ။

၂. အောက်ဖော်ပြပါ အခြေအနေများကို အဖွဲ့အတွင်းဆွေးနွေးပါ။ အခြေအနေတရပ်စီကို လေ့ လာပြီး မိသားစုတွင်းရှိ အရင်းအမြစ်များနှင့် အကျိုးခံစားခွင့်များကို မည်သို့အသုံးပြုဝေမျှ မည်ကို အဖြေရှာပါ။

က) အဘွားဒေါ်ခင်ခင်သည်နာမကျန်းဖြစ်ပြီးဆေးရုံတင်ရမည့်အခြေအနေဖြစ်လာသည်။ ဆရာဝန်မှ ဆေးရုံတွင် သုံးရက်ခန့်တင်ထားစေလိုပြီး လူနာစောင့်ထားရန်လိုလာ သည်။ မိသားစုတွင် ဆေးရုံစရိတ်ပေးရန်ပင် ငွေ လုံလုံလောက်လောက် မရှိချေ။

ခ)	မိသားစုသည်အဘွားဖြစ်သူဆေးရုံတက်လိုက်ရသည့်အတွက် ငွေအမြောက်အများကုန်ကျခဲ့ပြီး ဆေးဝါးကုသမှုအတွက် ထပ်မံကုန်ကျနေဆဲဖြစ်သည်။ ယခုအချိန်တွင် ကလေးအားလုံး၏ကျောင်းစားရိတ်များပေးရန် အလွန်အခက်အခဲဖြစ်လာသည်။ ယခုအချိန်တွင် မိသားစုသည် ကလေးနှစ်ဦးကိုသာ ကျောင်းတွင် ဆက်ထားနိုင်တော့သည်။

ဂ)	မဖြူဖြူသည် ယခုအချိန်တွင် အသက် (၁၈) နှစ် ရှိလာပြီဖြစ်ပြီး သူမ၏ချစ်သူနှင့် လက်ထပ်လိုသည်။ မိသားစုသည်သူမ၏ ချစ်သူကို သဘောကျသော်လည်း စိုးရိမ်လျက်ရှိသည်မှာ ထိုကောင်လေးထံတွင် အမြဲတမ်းပုံမှန် အလုပ်မရှိ၊ မင်္ဂလာဆောင်စားရိတ်မရှိ၊ ချက်ပြုတ်ခြင်း၊ အိမ်မှုကိစ္စလုပ်ခြင်း၊ အဘွားဖြစ်သူကို ကြည့်ရှု စောင့်ရှောက်ရန်အတွက် အပိုဝင်ငွေရှာပေးခြင်း စသည်တို့ကိုပြုလုပ်ပေးနေသည့် မိသားစုအတွင်းမှ အားထားရ သူတစ်ဦးကို ဆုံးရှုံးမည်။

ဃ)	မိခင်ဖြစ်သူဒေါ်ချိုချို၏ မုန့်လုပ်ခုံသည် ပျက်သွားပြီး နောက်ထပ် (၅) ရက်ကျော်သည်အထိ ပြင်ဆင်၍ ပြီးစီးဖွယ်မရှိ။ လုပ်ငန်းအသစ်ဝယ်ရန်အတွက် မိသားစုတွင် ပိုက်ဆံမရှိသလို ဒေါ်ချိုအနေဖြင့် (၅) ရက်ခန့် ဈေးမရောင်းဘဲနေ၍ မရ။

င)	တနေ့တွင်မိသားစုကံကြမ္မာကောင်းလာသည်။ကျေးရွာရံပုံငွေမှအသေးစားချေးငွေ ချေးယူခွင့်ရရှိသည်။ ထိုချေးငွေတွင် လိုက်နာရမည်မှာ ၁) ချေးငွေကို မိသားစုဝင်ငွေ တိုးပွားရန်အတွက်သာအသုံးပြုရမည်၊ ၂)ချေးငွေကိုလစဉ်အတိုး ၂% ဖြင့် အရစ်ကျ တနှစ်အတွင်းပြန်ဆပ်သွားရမည်ဖြစ်သည်။ ထိုချေးငွေနှင့် ပတ်သက်၍ ဘာလုပ်မည်ကို မိသားစုမှ ဆုံးဖြတ်ရတော့မည်ဖြစ်သည်။

၃.	အချို့သောအဖွဲ့ဝင်များကို ဇာတ်လမ်းအတွင်းမှ ဇာတ်ဆောင်များအတိုင်းတာဝန်ပေးပြီး အခြေအနေတရပ်စီကို အဖြေရှာရာတွင် သရုပ်ဆောင်ပြရန်လေ့ကျင့်ရမည်။ သင်တို့၏အဖွဲ့သည် အခြားသောအဖွဲ့များကို ပြသရမည်ဖြစ်သလို အခြားအဖွဲ့များမှ တင်ဆက်ပြသသည်ကိုလည်း ကြည့်ရမည်ဖြစ်သည်။

## ကျေးလက်မိသားစု ၂ : ရတနာမိသားစု

ရတနာမိသားစုသည် ရွာတစ်ရွာရှိ အဘိုးဖြစ်သူ ဦးကျောက်လုံး ပိုင်ဆိုင်သော အိမ်တစ်အိမ်တွင် အဘိုးနှင့် အတူနေထိုင်ကြသည်။ ၎င်းတို့တွင် စိုက်ခင်းအသေးတစ်ခင်းပိုင်ဆိုင်သည်။ ရတနာမိသားစုတွင် ကလေး (၅) ဦးရှိပြီး ယောကျ်ားလေး သုံးယောက်၊ မိန်းကလေးနှစ်ယောက် ဖြစ်သည်။ အကြီးဆုံးနှစ်ယောက်မှာ အမြွှာဖြစ်သည်။

- မသီရိနှင့် မောင်ဇေယျာတို့မှာ အကြီးဆုံးများဖြစ်ကြပြီး အသက် (၁၅) နှစ်ရှိပြီဖြစ်သော အမြွှာများဖြစ်ကြသည်။ မိခင်ဖြစ်သူအကူအညီလိုအပ်သောကြောင့် မသီရိသည်အသက် (၁၃) နှစ်အရွယ်တွင် မူလတန်း၌ ကျောင်းထွက်လိုက်ရသည်။ မောင်ဇေယျာမှာ ယခု (၈) တန်းတက်နေသည်။ သူသည်စက်ပြင်ဆရာတစ်ဦးဖြစ်လိုသည်။ မသီရိသည်ယခုအခါအိမ်တွင် အိမ်မှုကိစ္စများလုပ်ခြင်း၊ မိခင်ဖြစ်သူနှင့်ဈေးတွင် ဟင်းသီးဟင်းရွက်ရောင်းရာတွင်ကူညီ လုပ်ကိုင်လျက်ရှိသည်။
- မစုစုသည် အသက် (၁၂) နှစ်ရှိနေပြီဖြစ်ပြီး (၆)တန်းတက်နေသည်။ သူမသည် ကျောင်းတက်ရသည်ကိုနှစ်သက်ပြီး ကျောင်းတွင် အဆင့်ကောင်းကောင်းအမြဲရသည်။ သူမသည် ဆရာမတစ်ယောက်ဖြစ်လိုသည်။
- မောင်မင်းမင်းသည် အသက် (၄) နှစ်သာရှိသေးပြီး ကျောင်းမတက်ရသေးပေ။ သူသည် များသောအားဖြင့် အိမ်တွင်ဆော့ကစားခြင်း၊ အိမ်နီးနားချင်းကလေးများဖြင့်ကစားခြင်းတို့ဖြင့်သာ အချိန်ကုန်သည်။

မနက်အရုဏ်ဦးတွင် မိခင်ဒေါ်မာလာနှင့် သီရိတို့အိပ်ယာထပြီး မိသားစုအတွက် မနက်စာနှင့် မနက်ဈေးတွင် ရောင်းချရန် ဟင်းသီးဟင်းရွက်များကို ပြင်ဆင်ကြရသည်။ ဖခင်ဖြစ်သူ ဦးအေးမောင်သည် သူ၏ မော်တော်ဆိုင်ကယ် အဟောင်းလေး ဖြင့်စိုက်ခင်းသို့သွားကာ ဟင်းသီးဟင်းရွက်များ ခူးဆွတ်ရသည်။ ဒေါ်မာလာနှင့် သီရိတို့သည် ဟင်းသီးဟင်းရွက်များကို စက်ဘီးပေါ်တွင်တင်ပြီး မနက်ဈေးတွင် တခါတရံ ညနေဈေးတွင်သွားရောက်ရောင်းချရသည်။ ကလေးများသည် အိမ်နှင့် (၂) ကီလိုမီတာခန့်ဝေးသော စာသင်ကျောင်းသို့ လမ်းလျှောက်သွားကြသည်။ အဘိုး ဦးကျောက်လုံးသည် အိမ်တွင်နေပြီး ကြိမ်ခြင်းများရက်ကာ မြေးဖြစ်သူ မောင်မင်းမင်းနှင့် ကစားသည်။ အဘိုးရက်သည့် အလွန်လှသော ကြိမ်ခြင်းများကို မသီရိက ဈေးသို့ယူသွားပြီး ရောင်းချသည်။

အောက်ပါတို့ကို ပြုလုပ်ရန် မိနစ် (၃၀) အချိန်ရသည်။

၁. ဇာတ်လမ်းကို သေချာစွာဖတ်ပြီး မိသားစုတွင်ရှိသည့် အရင်းအမြစ်များကို စာရင်းပြုလုပ်ပါ။

၂. အောက်ဖော်ပြပါအခြေအနေများကို အဖွဲ့အတွင်းဆွေးနွေးပါ။ အခြေအနေတရပ်စီကိုလေ့လာပြီး မိသားစုတွင်းရှိ အရင်းအမြစ်များနှင့် အကျိုးခံစားခွင့်များကို မည်သို့အသုံးပြုဝေမျှမည်ကို အဖြေရှာပါ။

   က) အငယ်ဆုံးသား မောင်မင်းမင်းသည် သစ်ပင်ပေါ်မှပြုတ်ကျပြီး ခြေထောက်ကျိုးသွားသည်။ ကျေးရွာဆေးခန်းမှ ကုသမပေးနိုင်သောကြောင့် (၂၅) မိုင်ခန့်အကွာတွင်ရှိသည့်အနီးဆုံးဆေးရုံသို့ပို့ရသည်။သူ၏ခြေထောက်ကိုတစ်လခန့်ကျောက်ပတ်တီးစည်းထားရမည်ဖြစ်သည်။

   ခ) ယခုနှစ်တွင်စိုက်ခင်းမှအထွက်နှုန်းမကောင်း။ထို့ကြောင့်ကလေးများ၏ကျောင်းစားရိတ်ကို ပေးရန်ခက်ခဲလာသည်။ မိသားစုမှ ကလေးနှစ်ယောက်ကိုသာ ကျောင်းထားနိုင်တော့သည်။

ဂ) ကျေးရွာတွင် မိသားတစ်စုလျှင်ကလေးတစ်ဦးအား (၃) နှစ်ကျောင်းထားရန် သို့မဟုတ် အသက်မွေးဝမ်းကျောင်းသင်တန်းတက်ရန် အခမဲ့ပညာသင်ဆုပေးသည့်အစီအစဉ် ရှိသည်။ သူတို့မိသားစုအနေဖြင့် မည်သည့် ကလေးအား ပညာသင်ဆုလျှောက်ထားစေမည်ကို ဆုံးဖြတ်ရမည်ဖြစ်သည်။

ဃ) အဖေဖြစ်သူဦးအေးမောင်၏ဆိုင်ကယ်ပျက်သွားသည်။ပြင်ဆင်ရန်အတွက်ဈေးကြီးသော အပိုပစ္စည်းဝယ်ရမည်ဖြစ်သည်။ မိသားစုတွင် ထိုပစ္စည်းဝယ်ရန် ပိုက်ဆံလုံလုံလောက်လောက်မရှိ။ သို့သော် ဒေါ်မာလာနှင့် သီရိတို့အိမ်မှ (၅) ကီလိုမီတာခန့်ဝေးသောဈေးတွင် ဟင်းသီးဟင်းရွက်များရောင်းချရန်အတွက် ဦးအေးမောင် သည် အိမ်မှ (၁၀) မိုင်ခန့်ဝေးသော စိုက်ခင်းသို့နေ့စဉ်သွားရောက်ရန် လိုအပ်သည်။

င) သူတို့မိသားစု ကျေးရွာရံပုံငွေမှ အသေးစားချေးငွေ ချေးယူခွင့်ရရှိသည်။ ထိုချေးငွေတွင် လိုက်နာရမည်မှာ ၁) ချေးငွေကို မိသားစုဝင်ငွေတိုးပွားရန်အတွက်သာ အသုံးပြုရမည်၊ ၂) ချေးငွေ ကိုလစဉ်အတိုး ၂% ဖြင့် အရစ်ကျ တနှစ်အတွင်းပြန်ဆပ်သွားရမည်ဖြစ်သည်။ ထိုချေးငွေနှင့် ပတ်သက်၍ ဘာလုပ်မည်ကို မိသားစုမှ ဆုံးဖြတ်ရတော့မည်ဖြစ်သည်။

၃. အချို့သောအဖွဲ့ဝင်များကို ဇာတ်လမ်းအတွင်းမှ ဇာတ်ဆောင်များအတိုင်းတာဝန်ပေးပြီး အခြေအနေတရပ်စီကို အဖြေရှာရာတွင် သရုပ်ဆောင်ပြရန်လေ့ကျင့်ရမည်။ သင်တို့၏အဖွဲ့သည် အခြားသောအဖွဲ့များကို ပြသရမည်ဖြစ်သလို အခြားအဖွဲ့များမှ တင်ဆက်ပြသသည်ကိုလည်း ကြည့်ရမည်ဖြစ်သည်။

# သင်ထောက်ကူ ၄.၁.၂ ခ : မိသားစုနှစ်စု၏ ဇာတ်လမ်းများ : ဖြေရှင်းချက်များ

## မြို့ပြမိသားစု ၁ : သုခမိသားစု

၁. သုခမိသားစုတွင် အောက်ပါအရင်းအမြစ်များရှိသည်။

- **ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများ** -(အငှား)အိမ်တစ်လုံး၊ ဆိုက်ကားတစီး၊ တွန်းလှည်းတစ်ခု၊ အပ်ချုပ်စက်တစ်လုံး၊ တီဗွီတစ်စုံ၊ ရေဒီယိုတစ်လုံး။
- **ဝင်ငွေ** - ဖခင်ရသောဆိုက်ကားခများ၊ မိခင်မုန့်ရောင်းရငွေ၊ မဖြူဖြူ၏ စက်ချုပ်ခ။
- **လူစွမ်းအားအရင်းအမြစ်များ** - သက်ဆိုင်ရာကျွမ်းကျင်မှုများရှိသော အလုပ်လုပ်နေသူသုံးဦး (မိခင်၊ ဖခင်၊ မဖြူဖြူ) နှင့် အကူ (၂) ဦး (မသန္တာနှင့် ဒေါ်ခင်ခင်)၊ ကူညီနိုင်ချေရှိသူတစ်ဦး (အချိန်အားသောမောင်သူရ)
- **စိတ်ပိုင်းဆိုင်ရာ အရင်းအမြစ်များ** - မိသားစုဝင်များ၏ လုံ့လဝီရိယ၊ အလုပ်နှင့် သင်ကြားလေ့လာမှုများကို စွဲမြဲစွာလုပ်ခြင်း၊ မိသားစုအပေါ်ထားရှိသော ချစ်ခြင်းမေတ္တာ နှင့် ပြုစုဂရုစိုက်မှုများ စသည်ဖြင့်။

၂. အခြေအနေတရပ်စီတွင် အရင်းအမြစ်များနှင့် အကျိုးခံစားမှုများကို ခွဲဝေအသုံးချနိုင်မည့်နည်းလမ်းများစွာရှိသည်။ ဥပမာအားဖြင့် -

က) ဦးအေးမှ ဒေါ်ခင်ခင်ကို ဆေးရုံသို့ ဆိုက်ကားဖြင့်ပို့နိုင်သည်။ မဖြူဖြူသည်အဘွားနှင့် ဆေးရုံတွင် အစောင့်လုပ်ပေးပြီး မသန္တာနှင့် မောင်သူရသည် အဘွားဖြစ်သူနှင့်နေရန် သို့မဟုတ် မဖြူဖြူအမြဲလုပ်ရသည့် အိမ်မှုကိစ္စများကို အလှည့်ကျလုပ်ဆောင်ရန် ပြုလုပ်နိုင်သည်။ အဘွားဖြစ်သူ၏ ဆေးကုသစားရိတ်များပေးရန် အတွက်မိတ်ဆွေများ သို့မဟုတ် ဆွေမျိုးသားချင်းများထံမှ ငွေချေးနိုင်သည်။ ထို့အပြင်သက်ကြီးရွယ်အိုများ အတွက် အထူးအကူ အညီပေးသော အစီအစဉ်များရှိမရှိ ခံစားခွင့်ရရှိနိုင်ရန် ရှာဖွေနိုင်သည်။

ခ) မောင်ကျော်ကျော်သည် (၂) တန်းသာရှိသေးသည်။ အထက်တန်းဆက်မတက်နိုင်ချေများသူများမှာ အလယ်တန်းပြီးဆုံးတော့မည့် မသန္တာနှင့် မောင်သူရတို့ အမြွာနစ်ယောက်ဖြစ်သည်။ သို့သော်လည်း အကောင်းဆုံးအဖြေမှာ ကလေးများကိုကျောင်းဆက်ထားရန်သာဖြစ်သည်။ အနည်းဆုံးလုပ်ဆောင်ရန် နည်းလမ်းနစ်ရပ်ရှိသည်။ က) နစ်ယောက်လုံးစာတော်ကြသည့် မသန္တာ သို့မဟုတ်မောင်သူရအတွက်ပညာသင်ဆုရှာဖွေရန်ဖြစ်သည်။ ခ) မိဘများပိုမိုအချိန်ရစေရန်အတွက် မသန္တာနှင့်မောင်သူရတို့သည် အိမ်အလုပ်များပိုမိုကူညီနိုင်ပြီး မဖြူဖြူလည်းဝင်ငွေပိုရလာရန်အလုပ်ပိုလုပ်နိုင်မည်ဖြစ်သည်။

ဂ) မဖြူဖြူအဘယ်ကြောင့်လက်ထပ်လိုသည်ကိုမေးရမည်ဖြစ်သည်။ အသက်(၁၈)နှစ်အရွယ်တွင် လက်ထပ်ခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးများကို မိဘများနှင့် အဘွားဖြစ်သူတို့က ရှင်းပြနိုင်သည်။ အကယ်၍ သူမကမဖြစ်မနေ လက်ထပ်လိုသည် ဆိုပါကရိုးရှင်းသော မင်္ဂလာပွဲကိုသာ ပြုလုပ်ပေးပြီး စောစီးစွာကလေးမယူကြရန် အကြံပေးနိုင်သည်။

ဃ) မုန့်တွန်းလှည်းပြင်ဆင်ရန်စောင့်မည်။ ထိုအချိန်အတန်တွင် ဦးအေးမှ ဒေါ်ချိုနှင့် သူမုန့်များကို ဆိုက်ကား ဖြင့်တင်ခေါ်သွားပြီး ရောင်းနေကျနေရာတွင် စင်တစ်ခု ဆောက်ပေးနိုင်သည်။

င) အပိုရရှိသည့်ငွေကို မည်သို့အသုံးပြုမည်နှင့် ပတ်သက်၍ မိသားစုအားလုံး စုပေါင်း ဆွေးနွေးနိုင်သည်။ ထိုငွေကို မိသားစုအတွက် အကျိုးရှိစေရန်အတွက် အသုံးချ ရန် နည်းလမ်းများစွာရှိသည်။ ဥပမာအားဖြင့် မဖြူဖြူ သည်အိမ်ထောင်ပြုရန်ဆုံးဖြတ် ပါက သူ၏ယောက်ျားကို မိသားစုအလုပ်ဝင်ရောက်လုပ်ကိုင်ရန် ပြောနိုင်သည်။ က) အခြား မုန့်တွန်းလှည်းတစ်စီးထပ်ဝယ်ပြီး မဖြူဖြူ သို့မဟုတ် သူ၏ ခင်ပွန်းတို့ မုန့်များရောင်းချနိုင်သည်။ သို့မဟုတ် ခ) မဖြူဖြူ၏ ခင်ပွန်းအတွက်နောက်ထပ် ဆိုက်ကားတစ်စီးဝယ်နိုင်သည်။ အကယ်၍ မဖြူဖြူ အိမ်ထောင်မပြုပါက ဂ) သူမ အနေဖြင့် ပိုကောင်းသောအလုပ်လုပ်ရန် သို့မဟုတ် စီးပွားရေးလုပ်ငန်းအသေး တစ်ခု စတင်ရန်အတွက် ငွေထုတ်ပေးနိုင်သည်။

## ကျေးလက်မိသားစု ၂ : ရတနာမိသားစု

၁. ရတနာမိသားစုတွင် အောက်ပါအရင်းအမြစ်များရှိသည်။
- **ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများ** - အိမ်တစ်လုံး၊ စိုက်ခင်းအသေးတစ်ခု၊ ဆိုင်ကယ် အဟောင်းတစ်စီး၊ စက်ဘီးတစ်စီး၊ ဟင်းသီးဟင်းရွက်များ၊ ကြိမ်ခြင်းများ။
- **ဝင်ငွေ** - ဟင်းသီးဟင်းရွက်နှင့် ဦးကျောက်လုံး၏ကြိမ်ခြင်းများ ရောင်းရငွေများ။
- **လူစွမ်းအားအရင်းအမြစ်များ** -သက်ဆိုင်ရာအရည်အချင်းများဖြင့် အလုပ်လုပ်နေသူ (၄)ဦး (အဖေနှင့်အမေ သည်စိုက်ခင်း၊ အမေနှင့် မသီရိတို့ ဟင်းသီးဟင်းရွက် ရောင်းတတ်သည်။ အဘိုးဖြစ်သူမှာ ကြိမ်ရက်တတ်သည်)နှင့် အကူအညီ ရနိုင်ချေရှိသူ (၃) ဦး (မောင်ဇေယျာ၊ မစုစုနှင့် မောင်ဝင်းထွန်း)။
- **စိတ်ပိုင်းဆိုင်ရာ အရင်းအမြစ်များ** - မိသားစုအတွင်းရှိ ချစ်ခြင်းမေတ္တာနှင့် ဂရုစိုက်မှု၊ မောင်ဇေယျာနှင့် မစုစု တို့၏ ကိုယ်ပိုင် ရည်မှန်းချက်ဆန္ဒများ စသဖြင့်။

၂. အခြေအနေတရပ်စီတွင် အရင်းအမြစ်များနှင့် အကျိုးခံစားမှုများကို ခွဲဝေအသုံးချနိုင်မည့် နည်းလမ်းများစွာရှိသည်။ ဥပမာအားဖြင့် -

က) ဖခင်ဦးအေးမောင်သည် သူ၏ဆိုင်ကယ်ဖြင့် မောင်မင်းမင်းကို ဆေးရုံသို့တင်ပို့နိုင် သည်။ မောင်မင်းမင်း၏ ဆေးကုသစားရိတ်အတွက် မိတ်ဆွေ၊ ဆွေမျိုးများထံမှ ပိုက်ဆံချေးနိုင်သလို ဝင်ငွေနည်းမိသားစုများအတွက် အထူးဆေးဝါးကုသစားရိတ် ပေးသော အစီအစဉ်များရှိမရှိ ရှာဖွေသင့်သည်။ အသက်ပိုကြီးသော မွေးချင်းများ သည် မောင်မင်းမင်းဆေးရုံဆင်းလျှင် အိမ်၌ကူညီပြုစုနိုင်သည်။

ခ) ကလေးများကိုကျောင်းထုတ်ခြင်းသည်မကောင်းပါ။ထို့ကြောင့်အကောင်းဆုံး အဖြေ သည် ကလေးများကို ကြိုးစားပြီး ကျောင်းဆက်ထားရန်သာဖြစ်သည်။ အနည်းဆုံး လုပ်ဆောင်နိုင်မည့် နည်းလမ်းသုံးသွယ်ရှိသည်။ ကလေး တစ်ဦး သို့မဟုတ်တစ်ဦး ထက်ပို၍ပညာသင်ဆု/ထောက်ပံ့ကြေးရခြင်း၊ခ)အသက်ပိုကြီးသောမောင်ဇေယျာ အနေဖြင့် အိမ်အလုပ်များကို ပို၍ကူညီခြင်း (သူ၏ညီမ မစုစုအနေဖြင့် ပန်းကန်များ ကူဆေးခြင်း စသဖြင့်) တို့ဖြင့် မိဘများနှင့် မသီရိတို့ ဝင်ငွေပိုရရန် ကူညီခြင်း၊ ဂ) ကြက်မွေးခြင်း၊ ဘဲမွေးခြင်း သို့မဟုတ် အဘိုးဖြစ်သူကြိမ်ခြင်းများရက်ခြင်းကိုကူညီ ခြင်းဖြင့် မောင်ဇေယျာသည်လည်း ကိုယ်ပိုင်ဝင်ငွေရရန် အချိန်ပိုင်း အလုပ်စတင် လုပ်ခြင်း။

ဂ) မသီရိအပါအဝင် အသက်ကြီးသည့် ကလေးသုံးယောက်နှင့် ပညာသင်ဆု အခွင့်အရေးကိုဆွေးနွေးမည်။ ၎င်းတို့လုပ်လိုသည်များကို နားထောင်ပေးပြီးပညာသင်ဆုရယူလိုခြင်းရှိမရှိ ကိုယ်တိုင်စဉ်းစားဆုံးဖြတ်စေရမည် ဖြစ်သည်။ အသင့်လျော်ဆုံးကလေးအတွက် ပညာသင်ဆုလျှောက်ပေးရမည်။

ဃ) မိသားစုတွင် စက်ဘီးရှိသေးသည်။ ဦးအေးမောင်သည် ဟင်းသီးဟင်းရွက်များခူးဆွတ်ရန် စိုက်ခင်းသို့စက်ဘီးဖြင့်သွားနိုင်သည်။ အသွားအပြန်ခရီးအတွက်အချိန်ပိုပေးရန်သာလိုသည်။ ခရီးလမ်းအတူသွားသည့် အိမ်နီးချင်းများရှိပါကလည်း လမ်းကြုံလိုက်နိုင်သလို ဆိုင်ကယ်လည်းငှားရမ်းနိုင်သည်။

င) ချေးငွေကို အကျိုးရှိရှိအသုံးပြုရန် မိသားစုအားလုံး ပါဝင်ဆွေးနွေးသင့်သည်။ဖြစ်နိုင်ချေများစွာရှိပါသည်။ ဥပမာ အားဖြင့် က) သီးနှံများတိုးချဲ့စိုက်ပျိုးမည် ခ) အဘိုးဦးကျောက်လုံးထံမှ ကြိမ်ခြင်းရက်သည့် ပညာကို သင်ယူပြီး ဈေးကွက်ကို လေ့လာခြင်းဖြင့် အသေးစား စီးပွားရေးလုပ်ငန်းတစ်ခု စတင်နိုင်သည် ဂ) ရွာအတွင်း မုန့်ဆိုင်တစ်ခုဖွင့်ခြင်းကဲ့သို့ အသေးစား စီးပွားရေးလုပ်ငန်းတစ်ခု စတင်နိုင်သည်။

## အကျဉ်းချုပ်မှတ်စု : မိသားစုတွင်းရှိ အရင်းအမြစ်များနှင့် အကျိုးခံစားခွင့်များ

**အရင်းအမြစ်** ဟူသည်မှာ အနာဂတ်တွင် ပစ္စည်းဥစ္စာများ တိုးတက်ကြီးပွားလာရန်အတွက် သော်လည်းကောင်း၊ အနာဂတ်တွင်အကျိုးကျေးဇူးရရှိခံစားနိုင်ရန်လုပ်ငန်းများအတွက်သော်လည်းကောင်း လူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၊ ကုမ္ပဏီတစ်ခု သို့မဟုတ် နိုင်ငံတစ်နိုင်ငံမှ အသုံးပြုနိုင်သည့် ကုန်စည်၊ ပစ္စည်းအထောက်အပံ့ သို့မဟုတ် ပိုင်ဆိုင်သည့် အရာများ ကိုဆိုလိုသည်။ အရင်းအမြစ်များမှာ အိမ်၊ မြေ၊ ဆိုက်ကား၊ ကုန်တင်ကား၊ မော်တော်ဆိုင်ကယ်၊ အလုပ်ခွင်သုံးကိရိယာများ၊ ဝင်ငွေ၊ လျှပ်စစ်ဓာတ်အား စသည့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုများ၊ အစားအသောက်များ၊ စပါး၊ ကောက်ပဲသီးနှံ၊ ထင်း၊ ရေနှင့် ဓာတ်ငွေ့အစရှိသည့် ကုန်ကြမ်းပစ္စည်းများ၊ မမြင်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် အသိပညာ ဗဟုသုတ၊ ပညာရေး၊ ပညာရှင်အဆင့်ကျွမ်းကျင်မှုများ၊ လူမှုရေးအခြေအနေ နှင့် သြဇာအာဏာ စသည်တို့ပါဝင်သည်။ ဥပမာအားဖြင့် လယ်သမားများ၏ အရင်းအမြစ်များမှာ ၎င်းတို့ပိုင်ဆိုင်သည့် လယ်မြေ၊ လယ်ယာသုံးကိရိယာများ၊ စပါးများ၊ လယ်လုပ်သားငှားရန်အတွက် ငွေ (မြင်နိုင်သော)နှင့် လယ်သမားများ လယ်ယာစိုက်ပျိုးရာတွင် သိရှိထားရမည့် ဗဟုသုတ နှင့် ကျွမ်းကျင်မှုများ (မမြင်နိုင်သော) စသည်တို့ဖြစ်သည်။

**အကျိုးခံစားခွင့်** သည် အရင်းအမြစ်တစ်ခုကို ထည့်သွင်းအသုံးပြုခြင်းဖြင့် ရရှိလာမှု သို့မဟုတ် အကျိုးအမြတ် ဖြစ်သည်။ အရင်းအမြစ်ကဲ့သို့ပင် အကျိုးခံစားရရှိမှုသည်လည်း မြင်နိုင်သော/ မမြင်နိုင်သော အရာများရှိသည်။ ပစ္စည်းဥစ္စာ ရရှိမှုများ ဖြစ်သည့် ဝင်ငွေ၊ အစားအသောက်၊ အဝတ်အစားနှင့် ပိုမိုကောင်းမွန်သော ကိရိယာတန်ဆာပလာများ၊ မမြင်သာသော ရရှိမှုများဖြစ်သည့် ကောင်းမွန်သောကျန်းမာရေး၊ ပညာရေး၊ အသိပညာ၊ အဆင့်အတန်း၊ သြဇာအာဏာ၊ လူမှုရေးအရ အသိအမှတ်ပြုခံရခြင်းနှင့် ပျော်ရွှင်ချမ်းမြေ့မှု စသည်တို့ဖြစ်သည်။ ဥပမာအားဖြင့် လယ်သမားများသည် ၎င်းတို့ မိသားစု အတွက် စားနပ်ရိက္ခာများရရှိရန်အတွက် သို့မဟုတ် စားနပ်ရိက္ခာနှင့် ပိုမိုကောင်းမွန်သော လယ်ယာသုံးကိရိယာများ ဝယ်ယူရန်အတွက် ပိုက်ဆံရရှိရန်၊ လုပ်သားများ ပိုမိုငှားရမ်းနိုင်ရန် (မြင်သာသော)၊ ကလေးများ၏ ပညာရေးအတွက် သုံးစွဲရန် (မမြင်သာသော) ၎င်းတို့၏လယ်ယာထွက် အရင်းအမြစ်များကို အသုံးပြုကြသည်။

**အကျိုးခံစားမှုများသည် အနာဂတ်အကျိုးကျေးဇူးရရှိရန်အတွက်အရင်းအမြစ်များအဖြစ်ပြောင်းလဲနိုင်** သည်။ ဥပမာ -

- အစားအသောက်များ သည်ကလေးသူငယ်များကို ဗိုက်ပြည့်ရန်၊ ကျန်းမာသန်စွမ်းပြီး ပိုမိုလေ့လာသင်ယူနိုင်စေရန် အကူအညီပေးသည်။
- ပိုမိုကောင်းမွန်သောလယ်ယာသုံးကိရိယာများသည်ကောက်ပဲသီးနှံများပိုမိုထွက်ရှိစေသည်။
- ကလေးငယ်များ၏ပညာရေး သည်၎င်းတို့အတွက် ပိုမိုကောင်းမွန်သော အလုပ်အကိုင်များ၊ ကောင်းမွန်သည့် ဝင်ငွေနှင့် ဘဝတွင် ဘဏ္ဍာရေးအရလုံခြုံမှုများကို ပေးစွမ်းသည်။

မိသားစု၏ ချမ်းသာသုခကို တိုးတက်ဖြည့်စွမ်းပေးနိုင်သောကြောင့် လူအများနှင့် မိသားစုတော်တော်များများသည် ပစ္စည်းဥစ္စာအရင်းအမြစ် ပိုမိုတိုးပွားလာအောင် ကြိုးပမ်းကြသည်။ အသိအမှတ်ပြုလက်ခံရမည့် အရေးကြီးသောအချက်မှာ အိမ်ယာ၊ စားနပ်ရိက္ခာနှင့် ကြေးစသည့် ပစ္စည်းဥစ္စာခံစားပိုင်ဆိုင်မှုများမှာ မိသားစု၏ အခြေခံလိုအပ်ချက်ကို ပြည့်မီ ရမည်ဖြစ်သည်။ သို့သော်လည်း မိသားစုအားလုံးသည် မိသားစု၏ရေရှည် ချမ်းသာပျော်ရွှင်မှုနှင့် ဘဝအရည်အသွေး ပြည့်မီစေရန် မမြင်ရသော အကျိုးကျေးဇူးများဖြစ်သည့် ကလေးများအတွက် ပညာရေး၊ ကောင်းမွန်သည့် ကျန်းမာရေး၊ ပျော်ရွှင်မှုနှင့် မိသားစုတွင် သဟဇာတရှိမှု စသည်တို့လည်း ရှိရန်လိုအပ်သည်။

## အရင်းအမြစ်များနှင့် အကျိုးခံစားခွင့်များကို လက်လှမ်းမှီရရှိမှုနှင့် ထိန်းချုပ်မှု

မိသားစုအများစုတွင် အရွယ်ရောက်ပြီးသူများသည် အရင်းအမြစ်များကို လက်လှမ်းမှီ ထိန်းချုပ်နိုင်မှုရှိကြပြီး ဆိုလို သည်မှာ အရွယ်ရောက်ပြီးသူများသည် ၎င်းတို့အလိုရှိချိန်တွင် အရင်းအမြစ်များကို မည်သည့်အချိန်တွင် မည်သို့ အသုံးပြု မည်ကို ဆုံးဖြတ်ကြသည်။ ကလေးများသည် အရင်းအမြစ်များကိုအသုံးပြုရန်နှင့် အကျိုးခံစားခွင့်များရရှိရန် တခါတရံ ခွင့်ပြု ချက်လိုအပ်သည်။ ဥပမာ ကလေးများသည် ၎င်းတို့၏ ကျောင်းစားရိတ်များပေးရန်နှင့် အဝတ်အစားသစ်များ၊ အရုပ်များ ဝယ်ရန်အတွက် မိဘများထံတောင်းကြရသည်။

အရွယ်ရောက်ပြီးသူများအကြားတွင် အရင်းအမြစ်များကို လက်လှမ်းမှီရရှိမှုနှင့် ထိန်းချုပ်မှုသည် ဓလေ့ထုံးစံတစ်ခုခြင်းစီရှိ ယဉ်ကျေးမှုနှင့် တန်ဖိုးများအလိုက် ကွဲပြားကြသည်။ အချို့သော လူ့အဖွဲ့အစည်းများတွင် အထူးသဖြင့် အဆင့်အတန်း မြင့်မားသောမိသားစုများတွင် အမျိုးသမီးများနှင့် မိန်းကလေးများသည် ယောကျ်ားလေး/ အမျိုးသားများ ကဲ့သို့ပင် အရင်းအမြစ်များကို တန်းတူနီးပါးမျှ လက်လှမ်းမှီရရှိကြသည်။ ကျားမအခွင့်အရေးမညီမျှသော လူ့အဖွဲ့အစည်းများ (ဥပမာ အမျိုးသမီးများ အမွေ သို့မဟုတ် ကိုယ်ပိုင်ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်မရှိသော၊ အမျိုးသမီးများနှင့် မိန်းကလေးများသည် ဖခင် နှင့် ခင်ပွန်းဖြစ်သူတို့၏ ပိုင်ဆိုင်မှုဖြစ်သည်ဟုယူဆသော) တွင် အမျိုးသမီးများနှင့် မိန်းကလေးများသည် အရင်းအမြစ်များ ကို အနည်းငယ်သာရခြင်း၊ ထိန်းချုပ်ပိုင်ခွင့်မရှိခြင်းများ ရှိသည်။

ကျားမအခွင့်အရေးအတော်အတန် တန်းတူညီမျှမှုရှိသောလူ့အဖွဲ့အစည်းများတွင်ပင် မိသားစုတွင်းအရင်းအမြစ်များ အကန့်အသတ်ဖြင့်သာရှိခဲ့ပါက အရင်းအမြစ်များနှင့် အကျိုးခံစားခွင့်များကို လက်လှမ်းမှီထိန်းချုပ်နိုင်မှုအပေါ်တွင် ကျားမ အခွင့်အရေးတန်းတူညီမျှမှု အခြေအနေ အမှန်ထွက်ပေါ်သည်။ အားလုံးအတွက် လုံလောက်သော အရင်းအမြစ်များ ရှိခဲ့ပါက ကျားမ နှစ်ဘက်လုံးသည် ညီတူညီမျှ တန်းတူခံစားကြမည်ဖြစ်သည်။ သို့သော်လည်း အရင်းအမြစ်များ မလုံလောက်ခဲ့ပါက အမျိုးသမီးများနှင့် မိန်းကလေးများ ဆုံးရှုံးတတ်ကြသည်။ ဥပမာအားဖြင့် ဓလေ့ထုံးစံတော်တော်များများတွင် ယောကျ်ားလေးများသည် အနာဂတ်တွင် အဓိကဝင်ငွေရှာပြီး မိဘများ၏ ချမ်းသာသုခကို စောင့်ရှောက်ကြမည့်သူများဖြစ်ပြီး မိန်းကလေးများသည် အိမ်ထောင်ပြုပြီး ခင်ပွန်းဖြစ်သူ၏ မိသားစုဝင်ဖြစ်သွားမည်ဟု ထုံးစံအရစဉ်းစားလေ့ရှိကြသောကြောင့်ပညာရေး နှင့် သင်တန်းတက်ရောက်ခြင်းများတွင် ယောကျ်ားလေးများကို မိန်းကလေးများထက်ပို၍ မျက်နှာသာပေးကြသည်။ ယောကျ်ားလေးများ ပညာသင်ကြားရခြင်းသည် ကောင်းသော အချက်ဖြစ်သော်လည်း မိန်းကလေးများကို အနစ်နာခံခိုင်းပြီး ယောကျ်ားလေးကိုသာ ပညာသင်ကြားခွင့်ပေးခြင်းသည် အကောင်းဆုံးရွေးချယ်မှု ဟုတ်မဟုတ်ကိုမူ မိသားစုအနေဖြင့် စဉ်းစားသင့်သည်။ ယနေ့ခေတ်လူ့အဖွဲ့အစည်းတွင်မူ မိန်းကလေးများအနေဖြင့် လက်ထပ်ပြီးသည့်တိုင်အောင် သူတို့သည်လည်း မိသားစုနှင့် လူ့အဖွဲ့အစည်းအတွက် အကျိုးပြုပြီး ဝင်ငွေရှာဖွေနိုင်သော သူများဖြစ်လာရန် လိုအပ်ပါသည်။ ထို့ကြောင့် မိန်းကလေးများအတွက် ပညာရေး၊ သင်တန်းတက်ရောက်မှုနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းတို့ အရေးမပါခြင်းမှာ မဟုတ်ပါ။ တခါတရံ မိန်းကလေးများသည် လက်ထပ်ပြီးသည့်တိုင်အောင် မိဘများကို ပြုစု စောင့်ရှောက်သည်များလည်း ရှိသည်။ ထို့အတူ ပညာတတ်မိန်းကလေးများသည် အမျိုးသမီးများ၊ မိခင်များ ဖြစ်လာပါက လည်း ၎င်းတို့၏ ကလေးများကို ပညာတတ်များဖြစ်လာရန် ပို၍ပံ့ပိုးနိုင်သော အနေအထားသို့ ရောက်ရှိလာကြသည်။

မိသားစု၏ ချမ်းသာသုခနှင့် ဘဝအရည်အသွေးများတိုးတက်ရန်အတွက် အရင်းအမြစ်များ၊ အကျိုးခံစားခွင့်များ ခွဲဝေမှုများ အားဆုံးဖြတ်ချက်ချမှတ်ရာတွင် အမျိုးသားများနှင့်အတူ အမျိုးသမီးများနှင့် ကလေးများသည်လည်း အတူတကွပါဝင်ကြရန် အရေးကြီးသည်။ အဘယ့်ကြောင့်ဆိုသော် မိသားစု၏ လူမှုဖူလုံရေး၊ ဘဝအရည်အသွေးနှင့် ပျော်ရွှင်မှုတို့သည် အရင်းအမြစ်များနှင့် အကျိုးခံစားမှုများအား ညီတူညီမျှခွဲဝေချထားမှုအပေါ်တွင် မူတည်သောကြောင့် ဖြစ်သည်။ ပျော်ရွှင်သောမိသားစုတစ်ခုဆိုသည်မှာ မိသားစုဝင်များအားလုံးသည် အရင်းအမြစ်များနှင့် အကျိုးခံစားမှုများကို ညီတူ မျှတူခံစားခွင့်ရှိပြီး ၎င်းတို့ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အနာဂတ်အပေါ်တွင် သက်ရောက်နိုင်သည်များ အပေါ်၌ ပြောရေးဆိုခွင့်ရှိခြင်းပင်ဖြစ်သည်။
ကျားမနှစ်မျိုးလုံးအပေါ်တွင် တန်းတူညီမျှမှုရှိခြင်း သို့မဟုတ် ကျားမအခွင့်အရေး တန်းတူညီမျှခြင်းသည် အမျိုးသမီး၊ အမျိုးသား၊ မိန်းကလေးနှင့် ယောက်ျားလေးတို့အကြား ၎င်းတို့၏ ဘဝနှင့် အလုပ်များတွင်တန်းတူညီမျှသော အခွင့်အရေး၊ တာဝန်ယူမှုများ၊ အခွင့်အလမ်းများ၊ ပြုမူဆက်ဆံခြင်း၊ တန်ဖိုးထားမှုများ ရှိခြင်းပင်ဖြစ်သည်။ ဆိုလိုသည်မှာ အသက်အရွယ် အားလုံး ကျားမနှစ်မျိုးလုံးသည် ဘဝတွင် အောင်မြင်ရန် တန်းတူအခွင့်အရေးရှိသင့်သည်။ ထို့ကြောင့် လူသားအားလုံးသည် တန်းတူညီမျှသော၊ အခြားနည်းဖြင့်ဆိုသော် အရင်းအမြစ်များနှင့် အကျိုးခံစားခွင့်များကိုတရားမျှတ၊ ညီမျှသော ထိန်းချုပ်ခွင့်ရရှိသင့်ပြီး သို့မှသာ ဖွံ့ဖြိုးတိုးတက်ရေးမှ အားလုံး အကျိုးခံစားရမည်ဖြစ်သည်။

**ကျားမအခွင့်အရေးတန်းတူညီမျှမှု မြှင့်တင်ရေး** သည် အမျိုးသား/အမျိုးသမီး၊ ယောက်ျားလေး/မိန်းကလေးများအကြား တူညီသော အကျိုးရလဒ်နှင့် ဝေမျှခြင်းများရှိစေရန်ဖြစ်ပြီး လူသားအားလုံးကို ဂုဏ်သိက္ခာရှိစွာဖြင့် ပြုမူဆက်ဆံပြီး အားလုံး အတွက် မြင့်မားသော ဘဝအရည်အသွေးထွက်ပေါ်ရရှိစေကာ ၎င်းတို့ဘဝရှေ့အလားအလာများကို အပြည့်အဝဖြစ်ပေါ်ရရှိစေမည်ဖြစ်သည်။ အမျိုးသား/အမျိုးသမီး၊ ယောက်ျားလေး/မိန်းကလေးများအားလုံး ထပ်တူဖြစ်လာရမည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ ကျားမနှစ်မျိုးလုံးသည် ကွဲပြား မှုများရှိမည်ဖြစ်သော်လည်း ဘဝတွင် တူညီသောအခွင့်အရေး၊ တာဝန်ယူမှုနှင့် အခွင့် အလမ်းများ ရှိသင့်ပါသည်။ ယောက်ျားလေး/မိန်းကလေး၊ အမျိုးသား/အမျိုးသမီးများကို ပြုမူတန်ဖိုးထားပုံသည် ၎င်းတို့ ယောက်ျား၊ မိန်းမအဖြစ်မွေးဖွားလာရသည့် အချက်ပေါ်တွင် မမူတည်သင့်ပါ။ ထို့ကြောင့် ကျားမအခွင့်အရေး တန်းတူညီမျှမှုတွင် လူသားနှင့် အလုပ်သမား အခွင့်အရေးတူညီမှုနှင့် တန်းတူ တန်ဖိုးထားမှု၊ အောက်ပါတို့ကိုမျှတစွာ ခွဲဝေထမ်း ဆောင်မှုများ ပါဝင်သည်။

- တာဝန်ယူမှုများနှင့် အခွင့်အလမ်းများ
- အလုပ်တာဝန်၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ဝင်ငွေ

သတင်းအချက်အလက်များထပ်မံရယူလိုပါက လေ့ကျင့်ခန်း ၃.၁.၁ ရှိ အကျဉ်းချုပ်မှတ်စု : ကျားမအခွင့်အရေး တန်းတူ ညီမျှမှု သဘောတရားများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များတွင် ကြည့်နိုင်သည်။ ကျားမအခွင့်အရေးမြှင့်တင်မှုများ အတွက် အဓိကသဘောတရားများနှင့် နည်းဗျူဟာများကို Haspels, Nelien & Suriyasarn, Busakorn, Promotion of Gender Equality in Action against Child Labour and Trafficking, ILO: Bangkok, 2003 and Gender Mainstreaming Strategies in Decent Work Promotion: Programming Tools – GEMS Toolkit, ILO: Bangkok, 2010 တွင် ရယူ လေ့လာနိုင်ပါသည်။

## ■ အခန်း ၄.၂ ကလေးလုပ်သားဟူသည် အဘယ်နည်း။

### အကြောင်းအရာ

ဤအခန်းတွင် ကလေးသူငယ်များအတွက် လက်ခံနိုင်သောအလုပ်နှင့် ကလေးလုပ်သား သို့မဟုတ် ကလေးသူငယ်များအတွက် လက်သင့်မခံနိုင်သောအလုပ်များအကြား ခြားနားမှုများကို အဓိကတင်ပြထားသည်။ ပထမလေ့ကျင့်ခန်းသည် ထိုကွဲပြားမှုများဖြစ်စေသည့် ကလေးလုပ်သားများ ဖြစ်လာစေသော အဓိက တွန်းပို့သည့် အရာများနှင့် ကလေးသူငယ်များနှင့် ၎င်းတို့ကျန်းမာကြံ့ခိုင်စွာ ဖွံ့ဖြိုးတိုးတက်စေရန်အချက်များအပေါ်တွင် အနှုတ်သဘောသက်ရောက်စေမှုများကိုရှင်းပြထားသည်။ သင်တန်းတက်ရောက်သူများအနေဖြင့် ကလေးလုပ်သားများ တဖြည်းဖြည်းခြင်း ပပျောက်စေခြင်းနှင့် အနာဂတ် လူ့စွမ်းအားအရင်းအမြစ်များအပေါ်တွင် မြှုပ်နှံခြင်းသည် ကလေးသူငယ်၊ ၎င်းတို့၏ ရပ်ရွာအသိုက်အဝန်းနှင့် တိုင်းပြည်အပေါ်တွင် မည်မျှ အရေးပါသည်ကို နားလည်သိရှိလာကြမည်ဖြစ်သည်။ ဒုတိယ လေ့ကျင့်ခန်းသည် အဆိုးဝါးဆုံးပုံစံဖြင့် ကလေးလုပ်သားများ (WFCL) ကိုပိုမိုနက်နဲစွာ သိရှိသဘောပေါက်လာကြမည်ဖြစ်သည်။ သင်တန်းသူသင်တန်းသားများသည် အဆိုးဝါးဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသောကလေးလုပ်သားကို လုပ်ငန်းခွင်ပေါင်းများစွာ၌ တွေ့ရှိဖြစ်ပွားနေကြောင်းသိရှိနားလည်လာကြမည်ဖြစ်သည်။ အဆိုးဝါးဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံရသောကလေးလုပ်သားများ၏ အန္တရာယ်နှင့် ယောကျ်ားလေး၊ မိန်းကလေးများအပေါ်တွင် ဘေးဖြစ်စေမည့်သက်ရောက်မှုများ၊ ထိုအဆိုးဝါးဆုံးပုံစံဖြင့် ခိုင်းစေခြင်း ခံရသော ကလေးလုပ်သားများ ကိုအဘယ်ကြောင့် ဦးစားပေးပပျောက်စေရန်လိုအပ်သနည်းဟူသည့် အချက်များကို လေ့လာသင်ယူရမည်ဖြစ်သည်။

### အဓိကအသိပေးလိုသည့် အကြောင်းအရာ

- ကလေးများ ၎င်းတို့၏အိမ်ထောင်စုအတွင်း တနေ့လျှင် (၂) နာရီထက်မပိုသောအလုပ်များ လုပ်ခြင်းသည် ပုံမှန် သာဖြစ်သည်ဟုယူဆပြီး ကြီးပြင်းလာမှု၏ အရေးကြီးသောအစိတ်အပိုင်းလည်းဖြစ်ကာ မိသားစုအတွင်း ကလေးများအနေဖြင့် တာဝန်ယူပါဝင်ပံ့ပိုးပေးသည်ဟူသော ခံစားချက်ကို ဖြစ်ပေါ်စေသောကြောင့်ဖြစ်သည်။
- ကလေးလုပ်သား ဆိုသည်မှာ ကလေးငယ်၏ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး၊ စိတ်ဓာတ် သို့မဟုတ် ၎င်းတို့၏ကျောင်းတက်ခြင်း၊ သင်တန်းတက်ခြင်းများကိုထိခိုက်စေသောအလုပ်ကို ရည်ညွှန်းသည်။ ကလေးလုပ်သားဖြစ်ရခြင်းသည် ကလေးငယ်များ၏ ငယ်ဘဝ၊ ၎င်းတို့၏ အလားအလာနှင့် ဂုဏ်သိက္ခာများအတွက် တားဆီးပိတ်ပင်မှုများဖြစ်စေပြီး ရုပ်ပိုင်း ဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း ဘေးဖြစ်စေသည်။ ထို့ကြောင့် ကလေးလုပ်သား ပုံစံအားလုံးသည် တဖြည်းဖြည်းခြင်း တိုးတက်ပပျောက်သွားစေရမည်ဖြစ်သည်။
- ကလေးလုပ်သားသည်တခါတရံ မိသားစုများဆင်းရဲနွမ်းပါးမှုအတွက် ရှင်သန်နိုင်ရန် နည်းဗျူဟာတစ်ရပ် ဖြစ်သော်လည်း ယင်းသည် အနာဂတ်၏ လူ့စွမ်းအားအရင်းအမြစ်များကို

ဖြုန်းတီးရာရောက်သောကြောင့် လက်ခံနိုင်စရာမဟုတ်ပါ။ ၎င်းသည်ကလေးသူငယ်များ၏ ကျန်းမာစွာဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းများကို ပျောက်ကွယ်စေပြီး ဆင်းရဲနွမ်းပါးမှု ထောင်ချောက်အတွင်း၌သာ ပိတ်မိစေသည်။

- အဆိုးဝါးဆုံးပုံစံဖြင့်ကလေးလုပ်သားများမှာ အသက် (၁၈) နှစ်အောက်ကလေးသူငယ်များကို ကျွန်ပြုခိုင်းစေသော အနေအထားများနှင့် ပြည့်တန်ဆာလုပ်ငန်း၊ လိင်အပြာစာအုပ် စာပေ၊ ရုပ်ရှင်လုပ်ငန်းများတွင် အသုံးပြုခြင်း၊ လက်နက်ကိုင်ပဋိပက္ခများတွင် အသုံးပြုခြင်း နှင့် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းနှင့်ရောင်းဝယ်ခြင်းကဲ့သို့တရားမဝင်လုပ်ငန်းများ၊ဘေးအန္တရာယ်ရှိသောအလုပ်များတွင် အသုံးပြုခြင်းတို့ဖြစ်သည်။[၇]
- အဆိုးဝါးဆုံးပုံစံဖြင့်ကလေးလုပ်သားများ၏အကျိုးဆက်များမှာမိန်းကလေးများနှင့် ယောကျ်ားလေးများ၏ခန္ဓာကိုယ်တွင်အလွန်ပြင်းထန်သောရုပ်ပိုင်းဆိုင်ရာ၊စိတ်ပိုင်း-လူမှုရေးဆိုင်ရာများနှင့် စိတ်ခံစားများကို ထိခိုက်စေသည်။
- အဆိုးဝါးဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံရသောကလေးလုပ်သားများကို လျင်မြန်စွာပပျောက်အောင် ဆောင်ရွက်ရမည့်ကိစ္စ ဖြစ်သည်။

## လေ့ကျင့်ခန်းများ

၄.၂.၁ အလုပ်လုပ်နေသောကလေးများ : မည်သည်တို့ကို လက်သင့်ခံနိုင်ပြီး မည်သည်တို့ကို လက်သင့်မခံနိုင်ပါသလဲ?

၄.၂.၁ အဆိုးဝါးဆုံးပုံစံကလေးလုပ်သားများမှာ အဘယ်နည်း။

## သက်ဆိုင်ရာအခန်းများ

၂.၁ လူတိုင်းတွင် အခွင့်အရေးရှိသည်။

၂.၂ ကလေးသူငယ်များ၏ အခွင့်အရေးများ

၂.၄ ကျွန်ပ်၏အခွင့်အရေး၊ ကျွန်ပ်တို့၏ စည်းရုံးနိုင်ခွင့် အခွင့်အရေး

၄.၁ မိသားစုတွင်းတွင် မည်သူက မည်သည့်အလုပ်ကိုလုပ်ကိုင်ပြီး မည်သူတွင် ပြောရေးဆိုခွင့်ရှိပါသလဲ။

၉.၂ ဘဝပန်းတိုင်များရရှိအောင်မြင်နိုင်ရန်အတွက် အသုံးစားရိတ်သတ်မှတ်ခြင်း

၉.၃ ငွေစုဆောင်းခြင်းနှင့် ကြွေးမြီများကို အမြော်အမြင်ရှိစွာ ကိုင်တွယ်ဆောင်ရွက်ခြင်း

၁၁.၂ အလုပ်ခွင်ရှိ အခွင့်အရေး

၁၁.၃ အလုပ်ခွင်တွင်း ကျန်းမာရေး

[၇]အဆိုးဝါးဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်၊ အပိုဒ် (၃), ၁၉၉၉၊ (အမှတ် ၁၈၂): http://www.ilo.org/dyn/normlex/en/f?p=NORMLEXPUB:12100:0::NO::P12100_INSTRUMENT_ID:312327 (accessed 27 Feb. 2017) တွင်ကြည့်နိုင်သည်။

## ■ လေ့ကျင့်ခန်း ၄.၂.၁ အလုပ်လုပ်နေသောကလေးများ : မည်သည်တို့ကို လက်ခံနိုင်ပြီး မည်သည်တို့ကို လက်မခံနိုင်ပါသလဲ။

### ရည်ရွယ်ချက်

- ကလေးငယ်များလုပ်ရသည့် အလုပ်များတွင် လက်သင့်ခံနိုင်ဖွယ်ရှိသော အလုပ်များနှင့် လက်သင့်မခံနိုင်သော အလုပ်များအကြားကွဲပြားမှုများကို သိမြင်နားလည်မှုရှိလာစေရန်။
- ကလေးလုပ်သားများ အဘယ်ကြောင့်ရှိနေရသည်ကို သဘောပေါက်နားလည်စေရန်နှင့် မိန်းကလေး၊ ယောကျ်ားလေးများ ကလေးလုပ်သားဖြစ်လာရသည့် အကျိုးဆက်များကို နားလည်သိရှိစေရန်။

### ဦးတည်အုပ်စု

ကလေးသူငယ်၊ လူငယ်နှင့် အရွယ်ရောက်ပြီးသူများ

### ကြာမြင့်ချိန်

မိနစ် ၉၀

### ထိုင်ခုံနေရာချထားမှုများ

ကြမ်းပြင်ပေါ်တွင် စက်ဝိုင်းကြီးပုံစံ ထိုင်ခုံများချထားခြင်း သို့မဟုတ် ထိုင်ခြင်း

### သင်တန်းသုံးပစ္စည်းများ

Flipchart စက္ကူများ၊ မာကာဘောပင်များနှင့် ကပ်သည့် တိပ်ခွေများ

### သင်တန်းအထောက်အကူပြုပစ္စည်း

| | |
|---|---|
| ၄.၂.၁ က | : ကလေးလုပ်သား ဉာဏ်စမ်းပဟေဠိ: မေးခွန်းများနှင့် ဖော်ပြချက်များ |
| ၄.၂.၁ ခ | : ကလေးလုပ်သား ဉာဏ်စမ်းပဟေဠိ: အဖြေများနှင့် ဆွေးနွေးခြင်း |
| အကျဉ်းချုပ်မှတ်စု | : ကလေးလုပ်သား : အဓိက သုံးနှုန်းသည့်ဝေါဟာရများ၊ ကိန်းဂဏန်း အချက်အလက်များနှင့် အကြောင်းရင်းများ၊ သက်ရောက်မှုများ |

### ဆွေးနွေးပွဲအစီအစဉ်အဆင့်များ

၁. မိတ်ဆက် : ကလေးလုပ်သားဆိုတာဘာလဲ? - မိနစ် ၃၀

၂. ကလေးလုပ်သားဆိုင်ရာ ဉာဏ်စမ်းပဟေဠိ - မိနစ် ၅၀

၃. ပြန်လည်ဝိုင်းဖွဲ့ဆွေးနွေးခြင်း - ၁၀ မိနစ်

## ကြိုတင်ပြင်ဆင်ခြင်း

- သင်ထောက်ကူ ၄.၂.၁ က မှ မေးခွန်းများနှင့် ဖော်ပြချက်များကို ဖြတ်ထုတ်ထားပါ။ပရိတ်သတ်နှင့် အကိုက်ညီဆုံး ဖြစ်မည့် မေးခွန်း ၁၀ - ၁၂ ခုခန့်ကို ရွေးချယ်ပါ။ တစ်ရွက်စီကို နှစ်ခေါက်ခေါက်ထားပါ သို့မှသာ စာသားများကို မမြင်နိုင်စေမည်ဖြစ်ပြီး ၎င်းတို့ကို ထည့်စရာတစ်ခုခုအတွင်းသို့ ထည့်ပါ။ (ဥပမာ ခရား၊ ပန်းကန်လုံး၊ ပုံး၊ ပလတ်စတစ်အိတ်)
- အဆင့် (၁) တွင် အောက်ပါအတိုင်းအသုံးပြုရန်အတွက် Flipchart စက္ကူတရွက်ကို ပြင်ဆင်ပါ။ အဆင့် (၁) တွင် အသုံးပြုရန်အတွက် Flipchart ကို ဒေါင်လိုက်မျဉ်းနှစ်ခုဖြင့် ကော်လံ (၃) ခုခွဲပါ။ ထိုစက္ကူကားချပ်ကို အဆင့် (၂) ဉာဏ်စမ်းများမေးသည့်အခါ ရမှတ်ရေးရန်အတွက် သိမ်းထားပါ။
- အကျဉ်းချုပ်မှတ်စုနှင့် သင်ထောက်ကူများကို ဖတ်ထားပြီး ဖြည့်စွက်အချက်အလက်များကိုလည်း စုဆောင်း ထားပါ၊ ဥပမာအားဖြင့် ဒေသတွင်းရှိ သက်ဆိုင်ရာ ကလေးလုပ်သားအခြေအနေများ။

## အဆင့် ၁ မိတ်ဆက် : ကလေးလုပ်သားဆိုတာဘာလဲ။ - မိနစ် ၃၀

ကလေးလုပ်ရသည့်အလုပ်နှင့် ကလေးလုပ်သားများအကြောင်း နှင့် သူတို့၏ မိသားစုများအပေါ်တွင် မည်သည့်သက်ရောက်မှုများဖြစ်စေသည်ကို ဆွေးနွေးကြရမည်ဖြစ်ကြောင်း သင်တန်းတက်ရောက်သူများကိုပြောပါ။ တခါတရံကလေးလုပ်သားသည်မည်သည်ဖြစ်သည်၊ ကလေးများအတွက် မည်သို့သော အလုပ်များကသာ သင့်လျော်သည်၊ ကလေးများအတွက် မည်သို့သောအလုပ်များသည်လက်ခံနိုင်ဖွယ်မရှိ စသည်တို့အပေါ်တွင် နားလည်ရခက်ရှုပ်ထွေးမှုများရှိသည်ဟူသောအချက်ဖြင့် ဆွေးနွေးမှုကို စတင်ရမည်။ ကလေးသူငယ်ဟူသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ၎င်းတို့သည် အရွယ်ရောက်ပြီးသူများနှင့် မည်သို့ခြားနားသည်ကို မေးမြန်းရမည်။ ပြန်လည်တုံ့ပြန်ဖြေဆိုမှုအနည်းငယ်ပြီးနောက် ရှင်းပြရန်မှာ -

- ကလေးသူငယ်တစ်ဦးဆိုသည်မှာ နိုင်ငံတကာဥပဒေအရ အသက် (၁၈) နှစ်အရွယ်အောက်ရှိသူ တစ်ဦးတစ်ယောက်ဖြစ်သည်။
- မြန်မာနိုင်ငံတွင်ကလေးသူငယ်ဆိုသည့်အဓိပ္ပာယ်ဖွင့်ဆိုချက်သည်ဥပဒေတစ်ခုနှင့်တစ်ခု ကွဲပြားမှုရှိသည်။ ကလေးသူငယ်ဥပဒေနှင့် လူကုန် ကူးမှုတားဆီးဆန့်ကျင်ရေးဥပဒေတွင် ကလေးသူငယ်ဟူသည်မှာ အသက် (၁၆) နှစ်အောက်ရှိသူဖြစ်ပြီး အသက် (၁၆) နှစ်မှ (၁၈) နှစ်အတွင်းရှိသူကို လူငယ်ဟုခေါ်သည်။ သို့သော်လည်း စက်ရုံများဆိုင်ရာအက်ဥပဒေပြင်ဆင်ချက်အရ ကလေးသူငယ်ဟူသည်မှာ အသက် (၁၄) နှစ်မှ (၁၆) နှစ်အတွင်း ဖြစ်သည်။

ပို၍နက်နဲစွာ သိရှိနိုင်ရန်အတွက် ကလေးသူငယ်နှင့် လူငယ်များက တစ်ဘက်၊ အရွယ်ရောက်ပြီးသူများကတစ်ဘက် ထား၍ မည်သည့်ကွာခြားမှုများရှိကြောင်းကို မေးမြန်းပါ။ ပြန်လည်တုံ့ပြန်ဖြေဆိုမှု အနည်းငယ် ပြီးနောက် ရှင်းပြရန်မှာ -

- နိုင်ငံတကာဥပဒေအရအသိအမှတ်ပြုထားသည်မှာ ကလေးသူငယ်များသည် အသက် (၁၈) နှစ်အရွယ်အောက်ရှိ အထူး ကာကွယ်စောင့်ရှောက်

မှုလိုအပ်နေသေးသောသူများဖြစ်သည်။ ကလေးသူငယ်များသည်၎င်းတို့ ဆယ်ကျော်သက်အရွယ်ရောက်သည်အထိ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးနေဆဲအဆင့်သာဖြစ်ပြီး ၎င်းတို့တွင် အရွယ်ရောက်ပြီးသူများကဲ့သို့တရားဝင်ဥပဒေအခွင့်အရေး အပြည့်အဝမရှိပါ။ နိုင်ငံတကာအလုပ်သမားရေးရာ စံနှုန်းများမှာ အသက် (၁၈) နှစ်အောက်ရှိသူများအားလုံးကို ကလေးသူငယ်ဟုသာရည်ညွှန်းသတ်မှတ်သည်။ လူငယ်ဟူသည့်ဝေါဟာရသည် များသောအားဖြင့် အသက် (၁၄) နှစ်မှ (၂၅) နှစ်အရွယ် ကြားရှိသူများအတွက် အသုံးများသောဝေါဟာရဖြစ်သည်။

- မြန်မာနိုင်ငံတွင် အသက် (၁၈) နှစ်အောက်ရှိသူများမှာ အရွယ်ရောက်ပြီးသူများဟု မသတ်မှတ်ပေ။ ကလေးသူငယ်ကို အသက် (၁၆) နှစ်အောက်ဟု သတ်မှတ်ထားပြီး လူငယ်ဆိုသည်မှာ (၁၆) နှစ်မှ (၁၈) နှစ် အတွင်းဖြစ်သည်။
- အကယ်၍ သက်ဆိုင်မှုရှိပါက အကျယ်တဝင့်ဆွေးနွေးမှုများကို အောက်တွင်ပါရှိသည့် သင်တန်းပို့ချသူများ အတွက် အကြံပြုချက်များအားအသုံးပြု၍ သင်တန်းတက်ရောက်သူများနှင့် ထပ်မံဆွေးနွေးနိုင်သည်။
- အသက် (၁၈) နှစ်အောက်ရှိသူများသည် ခန္ဓာကိုယ်နှင့် စိတ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးဆဲဖြစ်သောကြောင့် အထူး ကာကွယ်စောင့်ရှောက်မှုများလိုအပ်နေသေးသည်ဟူသည့် အချက်ကိုဖော်ပြ၍ ကလေးသူငယ်/လူငယ်များနှင့် အရွယ်ရောက်ပြီးသူများအကြား ခြားနားမှုများကို ဆွေးနွေးခြင်းဖြင့် အဆုံးသတ်ရမည်ဖြစ်သည်။
- မှတ်သားရန်အချက်မှာ သင်ရိုးများတွင် ပို၍ငယ်သော ကလေးနှင့် ကြီးသော ကလေးများကိုပါ ထည့်သွင်း စဉ်းစားပြီး မြန်မာနိုင်ငံတွင် ကလေးသူငယ်နှင့် လူငယ်ဟု ခေါ်ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို နိုင်ငံတကာ၌ ကလေးသူငယ်ဟု အဓိပ္ပာယ် ဖွင့်ဆိုပြီး ထိုဖွင့်ဆိုချက်ကို သာရယူထားပါသည်။

## သင်တန်းပို့ချသူများအတွက် အကြံပြုချက်များ

ကလေးငယ်ဆိုသည်မှာ ကျောင်းတက်နေသည့်အရွယ်ဟုသာ လူအများထင်တတ်ကြသောကြောင့် သင်တန်းပို့ချသူအနေဖြင့် အသက် (၁၈) နှစ်အရွယ်အထိကို ကလေးသူငယ် သို့မဟုတ် လူငယ် သာဖြစ်သေးကြောင်း အထူးပြုရှင်းပြရမည်ဖြစ်သည်။ အကယ်၍ သင်တန်းသား တစ်ဦးဦးမှ "ကျွန်ုပ်တို့ထုံးစံတွင် ကလေးတစ်ယောက်ပျိုဖော်ဝင်သည်နှင့် ကလေးမဟုတ်တော့" ဟုဆိုလာပါက အောက်ပါအတိုင်းရှင်းပြပါ။ ထုံးစံအားဖြင့် မတူကွဲပြားသော လူ့အဖွဲ့အစည်းများတွင် ကလေးဘဝကို မတူညီသော အဓိပ္ပာယ်ဖွင့်ဆိုမှုများရှိသည်။ အချို့မှာ အလွန်ငယ်သလို အချို့မှာလည်း အလွန်ကြီးသည်။ သို့သော်ယခုလက်ရှိ စက်မှုလူ့အဖွဲ့အစည်းသို့ ပြောင်းလဲလာရာတွင် ကလေးများနှင့် လူငယ်များသည်လည်း ပြောင်းလဲနေသည့်ကမ္ဘာကြီးနှင့်အတူ ပညာရေးနှင့် သင်တန်းများ လေ့လာတက်ရောက်ရန်လိုအပ်ပြီး ထို့အတူ ထိုသို့ကွဲပြားနေသည့် ကလေးဘဝအဓိပ္ပာယ်ဖွင့်ဆိုချက်များသည်လည်း အသုံးဝင်တော့မည်မဟုတ်ပေ။

လူတိုင်းသည် ကလေးသူငယ်/လူငယ်ဟူသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ထိုသူများအတွက် အထူးကာကွယ်စောင့်ရှောက်မှုလိုအပ်သည်ဟူသည့်အချက်ကို ကောင်းစွာနားလည်ပြီဆိုပါက မေးရန်မှာ "ပို၍ငယ်သောကလေးများနှင့် ပိုကြီးသောကလေးများပါဝင်လုပ်ကိုင်နေကြသည့် လုပ်ငန်းများကို နမူနာပြောပြနိုင်ပါသလား" ဟုမေးပါ။ Flipchart ရှိ ပထမကော်လံအကွက်တွင် ဖြေကြားသည့် အဖြေများစာရင်းကို ရေးပါ။ ထိုသို့ကလေးသူငယ်များနှင့် လူငယ်များ အလုပ်လုပ်နေကြသည့် ဝင်ငွေရ/ ဝင်ငွေမရ အလုပ်အကိုင်အမျိုးအစားများစာရင်းရရှိပြီးနောက် အလုပ်တစ်ခုခြင်းစီကို သင်တန်းတက်ရောက်သူများနှင့် အတူဖတ်သွားပြီး အလုပ်တစ်ခုခြင်းစီသည် ကလေးသူငယ်/လူငယ်များနှင့် သင့်လျော်မှု/လက်သင့်ခံနိုင်မှုရှိမရှိကို

မေးမြန်းသွားပါ၊ အဘယ်ကြောင့် သင့်လျော်မှုရှိမရှိကိုလည်း မေးမြန်းပါ။
(၁၅) မိနစ်ခန့်ပြီးနောက် မည်သည့် တွေးတောထင်မြင်ချက်အသစ်များ ထပ်ထွက်မလာတော့လျှင် ဆွေးနွေးမှုကို ရပ်ပါ။

- **လက်သင့်ခံနိုင်သောအလုပ်အမျိုးအစားများ**မှာ ပထမဆုံးအနေဖြင့် ကလေးများ ၎င်းတို့၏ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်တစ်ကိုယ်ရေအရည်အချင်းများအတွက် ကျောင်းတက်ချိန် သို့မဟုတ် သင်တန်းတက်ချိန် များကို အနှောင့်အယှက်မဖြစ်စေဘဲ သူတို့၏ မိသားစုကို ကူညီရန် တနေ့လျှင် နာရီအနည်းငယ်မျှ လုပ်ပေးသောအိမ်အလုပ်များဖြစ်သည် (အများဆုံး ၂ နာရီ)။ ဒုတိယအနေဖြင့် သတ်မှတ်ထားသည့် အခြေအနေတခုအောက်တွင် နိုင်ငံတကာဥပဒေများနှင့် နိုင်ငံတော်တော်များများ၏ အလုပ်သမားဥပဒေများမှ အလုပ်ခွင်ဝင်သည့်အနေဖြင့် ပို၍အသက်ကြီးသော ကလေးများအတွက် အနိမ့်ဆုံးအသက်ကို သတ်မှတ်ပေးပြီး အလုပ်အမျိုးအစားများအပေါ်တွင် မူတည်ကာ လုပ်ခွင့်ရသည့် ပေါ့ပါးသောအလုပ်များဖြစ်သည်။
- **လက်သင့်မခံနိုင်သည့်အလုပ်အမျိုးအစားများ**မှာ နိုင်ငံတကာနှင့် အမျိုးသားအဆင့် ဥပဒေများမှ သတ်မှတ်ထားသောအလုပ်လုပ်ကိုင်ခွင့်ပြုသည့်အနိမ့်ဆုံးအသက်အောက်ရှိကလေးများကိုစီးပွားရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများတွင် ခိုင်းစေခြင်းနှင့် အသက် (၁၈) နှစ်အောက်ရှိ ကလေးများအတွက် အဆိုးဝါးဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံရသော ကလေးလုပ်သားများ၊ ဘေးအန္တရာယ်ရှိသောအလုပ်များဖြစ်သည်။
- ကလေးလုပ်သား ဆိုသည်မှာ ကလေးငယ်၏ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး၊ စိတ်ဓာတ် သို့မဟုတ် ၎င်းတို့၏ ကျောင်းတက်ခြင်း၊ သင်တန်းတက်ခြင်းများကိုထိခိုက်စေသောအလုပ်ကို ရည်ညွှန်းသည်။
- ကလေးလုပ်သားဖြစ်ရခြင်းသည် ကလေးငယ်များ၏ ငယ်ဘဝ၊ ၎င်းတို့၏အလားအလာနှင့် ဂုဏ်သိက္ခာများအတွက် တားဆီးပိတ်ပင်မှု များဖြစ်စေပြီး ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း ဘေးဖြစ်စေသည်။ ထို့ကြောင့် ကလေးလုပ်သားပုံစံအားလုံးသည် ပပျောက်သွားသင့်သည်။
- ILO သဘောတူညီချက် အမှတ် (၁၈၂) (အက် ၃) တွင်သတ်မှတ်ထားသည့် အဆိုးဝါးဆုံးပုံစံ ကလေးလုပ်သားများမှာ -
    - ကျွန်ပြုခိုင်းစေခြင်းပုံစံအားလုံး သို့မဟုတ် ကျွန်ကဲ့သို့ အလားသဏ္ဍာန်တူ ကျင့်သုံးခိုင်းစေမှုများ
    - ကလေးသူငယ်များကို ရောင်းချခြင်းနှင့် လူကုန်ကူးခြင်း
    - အကြွေးဖြင့်သိမ်းခြင်း၊ ကျွန်ပြုခြင်း
    - အဓမ္မ သို့မဟုတ် မလုပ်မနေရအတင်းအကြပ်ခိုင်းစေခြင်း
    - လက်နက်ကိုင်ပဋိပက္ခများအတွက် ကလေးသူငယ်များကို အတင်းအဓမ္မစုဆောင်းခြင်း
    - ပြည့်တန်ဆာလုပ်ငန်း၊ အပြာလုပ်ငန်းများ ထုတ်လုပ်ခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အပြာလုပ်ငန်း ဖျော်ဖြေတင်ဆက်မှုများ (လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်းများ) တွင် ကလေးသူငယ်များကို အသုံးပြုခြင်း၊ ရောင်းဝယ်ခြင်း သို့မဟုတ် ကမ်းလှမ်းခြင်း
    - တရားဥပဒေနှင့်ဆန့်ကျင်သော အထူးသဖြင့် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းများတွင် ကလေးသူငယ်များကို အသုံးပြုခြင်း၊ ရောင်းဝယ်ခြင်း သို့မဟုတ် ကမ်းလှမ်းခြင်း
    - ကလေးများ၏ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး သို့မဟုတ် စိတ်ဓာတ်များကို ထိခိုက်ဘေးဖြစ်စေမည့် အလုပ်သဘာဝ သို့မဟုတ် အခြေအနေများရှိသည့် အလုပ်အမျိုးအစားများ (ဘေးအန္တရာယ်ရှိသော အလုပ်)

## သင်တန်းပို့ချသူများအတွက် အကြံပြုချက်များ

'ကလေးအလုပ်' ဟူသော အသုံးအနှုန်းကိုရှောင်ကြဉ်ပါ။ ထိုအသုံးအနှုန်းသည်စီးပွားရေး ၊ ထုတ်လုပ်ရေးလုပ်ငန်းများတွင်ကလေးသူငယ်များအတွက်လက်သင့်ခံနိုင်သောလုပ်ငန်းများကိုရည်ညွှန်းပြီးကလေးအလုပ်သားများလည်းမဟုတ်ပါ။ သို့သော်လည်း ဘာသာစကားတော်တော်များများတွင် အလုပ် ဟူသောစကားနှင့် လုပ်သား ဟူသောစကားလုံးအကြားတွင် မကွဲပြားကြဘဲ အလွယ်တကူရှုပ်ထွေးသွားနိုင်သည်။
အဆိုးဝါးဆုံးပုံစံဖြင့်ကလေးလုပ်သားများကို ဆွေးနွေးရာတွင် အကျဉ်းချုပ်စာရင်းပြုလုပ်ပြနိုင်ပြီး ထိုအကြောင်းကို ဤလေ့ကျင့်ခန်း နောက်ပိုင်းအဆင့်များနှင့် နောက်လေ့ကျင့်ခန်းများတွင် ပြုလုပ်မည်ဖြစ်ကြောင်းပြောပါ။

## အဆင့် ၂ ကလေးလုပ်သားဆိုင်ရာ ဉာဏ်စမ်းပဟေဠိ - မိနစ် ၅၀

လူ (၅) ယောက် (၆) ယောက်ပါသောအဖွဲ့ငယ်များခွဲ၍အတူထိုင်ကြရန်ပြောပါ။ ကလေးလုပ်သားများနှင့် ပတ်သက်၍ ပိုမိုသိရှိနိုင်ရန်အတွက် ကလေးလုပ်သားဆိုင်ရာဉာဏ်စမ်းပဟေဠိတစ်ခုပြုလုပ်မည်ဖြစ်ကြောင်း၊ကမ္ဘာတစ်ဝန်းလုံးနှင့် မြန်မာနိုင်ငံရှိ အသက် (၁၈) နှစ်အောက်ကလေး၊ လူငယ်များ မည်မျှကလေးလုပ်သားဖြစ်နေရကြောင်း၊ အဘယ်ကြောင့် ကလေးလုပ်သားများရှိနေရခြင်းနှင့် ကလေးများအပေါ်တွင်မည်သည့် သက်ရောက်မှုများဖြစ်ကြောင်း စသည်တို့အား လေ့လာသွားမည်ကိုရှင်းပြပါ။ အုပ်စုအားလုံးကို အဖွဲ့ငယ်များပုံစံဖွဲ့ပြီး နံပါတ်တခုစီ (သို့မဟုတ် အမည်တစ်ခုစီ ပေးပါ)။

### သင်တန်းပို့ချသူများအတွက် အကြံပြုချက်များ

အောက်တွင်ဖော်ပြထားသည့် ဉာဏ်စမ်းစည်းကမ်းများအရ သင်တန်းသားများသည် ထည့်ထားသည့်ပုံးထဲမှ မေးခွန်းများကိုကျပန်းကောက်ယူရမည်ဖြစ်သည်။ မေးမြန်းမည့်မေးခွန်းအစီအစဉ်ကို သင့်အနေဖြင့်ထိန်းချုပ်လိုပါက သင်တန်းပို့ချသူတစ်ဦးသည် မေးခွန်းများ သို့မဟုတ် ဖော်ပြချက်များကို တစ်ခုခြင်းဖတ်ပြပြီး အခြားသင်တန်းပို့ချသူတစ်ဦးမှ အမှတ်များပေးနေချိန်တွင် ဆွေးနွေးမှုကို ဦးဆောင်သွားနိုင်သည်။

ဉာဏ်စမ်းပွဲစည်းကမ်းများမှာ -

- အခန်းအလယ်တွင် မေးခွန်း သို့မဟုတ် ထုတ်ပြန်ဖော်ပြချက်များကို စက္ကူဖြင့် လိပ်ပြီး ထည့်ထားသည့် ထည့်စရာ ပုံး တစ်ခုရှိမည်။
- အဖွဲ့များအနေဖြင့် ထိုပုံးထဲမှ စက္ကူလိပ်များကို တစ်ကြိမ်တွင်တစ်ခုအလှည့်ကျနှိုက်ရမည်ဖြစ်ပြီး စက္ကူလိပ်တွင်ပါဝင်သည့် မေးခွန်း သို့မဟုတ် ဖော်ပြထားချက်ကို ဖတ်ပြရမည်။ ထိုအဖွဲ့ဝင်များအတွင်းတွင်လည်း တစ်ပတ်ပတ် ချိန်တွင် အလှည့်ကျလူပြောင်းပြီး မေးခွန်း သို့မဟုတ် ဖော်ပြထားချက်များကို ဖတ်ပြကြရမည်။
- မေးခွန်းများကို သင်စဉ်းစားနိုင်သမျှ အကောင်းဆုံးအဖြေများဖြေပေးရမည်ဖြစ်ပြီး တခါတရံ အဖြေမှန်မှာတစ်ခု၊ တခါတရံအဖြေမှန်များစွာရှိပြီး အဖြေမှန်တစ်ခုကို တစ်မှတ်ရသည်။ ဖော်ပြချက်များမှာမူ အမှန် သို့မဟုတ်အမှား ဖြစ်နိုင်သည်။ တခါတရံ အခြေအနေပေါ်မူတည်၍ နှစ်မျိုးလုံးလည်းဖြစ်နိုင်သည်။ ထို့ကြောင့် သေချာ နက်နဲစွာစဉ်းစားရန်လိုသည်။
- သင်တန်းပို့ချသူမှလည်း တခါတရံ နောက်ဆက်တွဲမေးခွန်းများမေးမည်ဖြစ်သည်။ ၎င်းသည် လူတိုင်းအမှတ်ပိုရနိုင်ရန်အတွက် အခွင့်အရေးဖြစ်သည်။ သင်ဖြေလိုပါက လက်ထောင်ပြီး သင့်အလှည့်ကိုစောင့်ပါ။ အကယ်၍ တခြားသူတစ်ဦးတစ်ယောက်မှ အဖြေမှန်ကို ဖြေဆိုပြီးခဲ့ပါက သင့်လက်ကိုပြန်ချပါ။ တခြားအခွင့်အလမ်း ရှိလာဦးမည်ဖြစ်သည်။
- ပုံးထဲမှ စက္ကူလိပ်နှိုက်သူ၏အဖွဲ့သည် အဖြေကို ပထမဆုံးဖြေဆိုရန် အခွင့်အလမ်းရှိသည်။ အဖွဲ့ဝင်များသည် ခပ်မြန်မြန်တိုင်ပင်ပြီး မည်သည့်အဖြေကို ရွေးချယ်ရန်အတူတကွဆုံးဖြတ်နိုင်သည်။ အကယ်၍ မသိပါက မှန်းဆ၍ လည်းရပါသည်။
- ထို့နောက်အခြားအဖွဲ့ဝင်များမှ ဝေဖန်အကြံပြုခြင်း၊ သို့မဟုတ် ဆန္ဒရှိပါက သဘောတူခြင်း/မတူခြင်းတို့ကို ဆွေးနွေးနိုင်သည်။
- သင်တန်းပို့ချသူအနေဖြင့် အဖြေမှန်ကိုပေးပြီး အကယ်၍ မရှင်းလင်းသည်များ သို့မဟုတ် အငြင်းပွားဖွယ်ရာများ ရှိလျှင် ဆက်လက်ဆွေးနွေးကြရန်ဖိတ်ခေါ်ပြီး တစ်ဖွဲ့ခြင်းစီ၏ ရမှတ်များကို ချရေးရမည်။

စည်းကမ်းများနှင့်ပတ်သက်၍ အားလုံးရှင်းလင်းပြီဆိုပါက ပထမဆုံးအဖွဲ့ကို ဖိတ်ပြီး ဉာဏ်စမ်းကို စတင်ရမည် (ဥပမာအားဖြင့် အသက်အကြီးဆုံးသင်တန်းသူသင်တန်းသားများ အဖွဲ့မှစတင်ပြီး နာရီလက်တံပတ်ခြင်း)။ အဖွဲ့ဝင်တစ်ဦးမှ စက္ကူလိပ်ကိုနှိုက်ပြီး အဖွဲ့များကိုဖတ်ပြရမည်။ ဉာဏ်စမ်းစည်းကမ်းများကို လိုအပ်သလိုသတိပေးပြီး အားလုံးသေချာစွာ

နားထောင်စေရမည်။ အဖွဲ့များအနေဖြင့် အချင်းချင်းဆွေးနွေးပြီး အဖြေမှန်ကို ရအောင်ရှာရမည်ဖြစ်သည်။ အကယ်၍ လမ်းကြောင်းလွဲသွားသည်ဆိုပါက အဖြေမှန်ကို တိုက်ရိုက်ပေးခြင်းထက် အရိပ်အမြွက်အနည်းငယ်ပေးပြီး တည့်မတ်ပေးရမည်။ သို့သော်လည်း ဆွေးနွေးမှုကို လိုအပ်သည့်အချက်ရောက်အောင်ထိန်းသိမ်းပေးရမည်။ အမှတ်ပေးစာရွက်ပေါ်တွင် အဖြေမှန်တစ်ခုအတွက် တစ်ခုစီပေးရမည် (သင်ထောက်ကူ ၄.၂.၁ ခ နှင့် အမှတ်ပေးပုံကိုကြည့်)။ နောက်တဖွဲ့ကို မေးခွန်းမမေးခင် အဖြေမှန်နှင့်ပတ်သက်၍ သေချာစွာဆွေးနွေးပြောဆိုရမည်။ ဉာဏ်စမ်းဖြေဆိုခြင်းကို သက်တောင့်သက်သာ အေးအေးဆေးဆေးပြုလုပ်ပါ။ ယင်းသည် စာမေးပွဲစစ်နေခြင်းမဟုတ်ပါ။ ခပ်သွက်သွက်လုပ်ရန်လိုသော်လည်း အဖြေမှန်များကို ဆွေးနွေးပြီး ကောင်းသောအဖြေများ၊ အတွေးအခေါ်များအတွက် အဖွဲ့များကို အမှတ်ပေးပါ။

မိနစ် (၃၀ -၄၀) ခန့်တွင် ဉာဏ်စမ်းကို ရပ်ပြီး အမြင့်ဆုံးအမှတ်ရသည့်အဖွဲ့ကို တွက်ပါ။ အနိုင်ရသည့်အဖွဲ့ကို ၎င်းတို့လုပ်ခဲ့သည့်အလုပ်အတွက် ဂုဏ်ပြုစကားပြောပါ။ အကျဉ်းချုပ်မှတ်စုတွင် ပေးထားသည့် အချက်အလက်များနှင့် ပတ်သက်၍ မေးမြန်းရန်ရှိမရှိ မေးပါ။

## အဆင့် ၃ ပြန်လည်ဝိုင်းဖွဲ့ဆွေးနွေးခြင်း - ၁၀ မိနစ်

- ကလေးများအတွက် အိမ်မှုကိစ္စလုပ်ငန်းများ သို့မဟုတ် အခြားတာဝန်များကိုပြုလုပ်ခြင်းဖြင့် မိသားစုတာဝန်ကို ဝိုင်းဝန်းကူညီခြင်း၊ သို့မဟုတ် မုန့်ဖိုးရရန်အတွက် အလုပ်လုပ်ခြင်း (ကျောင်းမတက်မီနှင့် ကျောင်းဆင်းချိန်၊ ကျောင်းအားရက်များအတွင်း)များမှာ ပုံမှန်သာဖြစ်ပါသည်။ထိုအလုပ်များသည်တနေ့လျှင် (၂) နာရီထက် မပိုသင့်ဘဲ သို့မဟုတ်ပါက ၎င်းတို့၏ စာသင်ချိန်၊ အနားယူချိန်နှင့် လူမှုရေးလုပ်ငန်းများကို အနှောက်အယှက်ဖြစ်စေမည်ဖြစ်သည်။ ထိုကဲ့သို့ မိန်းကလေး၊ ယောကျ်ားလေးများအလုပ်လုပ်ကြခြင်းသည် ကြီးပြင်းလာမှု၏ အရေးကြီးသောအပိုင်းဖြစ်ပြီးကလေးသူငယ်များကိုလည်း တာဝန်ယူလိုစိတ် ဖြစ်ပေါ်စေသည်။
- အလုပ်လုပ်ရန်အတွက် အနိမ့်ဆုံးအသက်သတ်မှတ်ချက် အောက်ငယ်သောကလေးများ၏ ကျန်းမာရေး၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့်လူမှုရေးရာ ဖွံ့ဖြိုးတိုးတက်မှုများကို ဘေးဖြစ်စေသော သို့မဟုတ် ၎င်းတို့၏ ပညာသင်ကြားမှု၊ သင်တန်းတက်ရောက်သင်ကြားမှုတို့ကိုအနှောက်အယှက်ဖြစ်စေမည့် ကလေးလုပ်သားများ မဖြစ်စေရန် အကာအကွယ်ရပိုင်ခွင့်ရှိသည်။
- အသက် (၁၈) နှစ်အောက်ကလေးအားလုံးသည် ILO သဘောတူညီချက် (၁၈၂) တွင် ပြဋ္ဌာန်းထားသည့် အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံရသောကလေးလုပ်သားများအဖြစ်မှ အကာအကွယ်ပေးရန် သို့မဟုတ် ဖယ်ရှားရန်ဖြစ်သည်။
- မိမိအိမ်တွင်ဖြစ်ပေါ်နေသည့် ဆင်းရဲနွမ်းပါးမှု သို့မဟုတ် ပဋိပက္ခများမှ လွတ်မြောက်နိုင်ရန်အတွက် အသက်ရှင်သန်ရေး နည်းဗျူဟာအဖြစ်မိဘများမှ မိမိတို့၏ကလေးများကို ကလေးလုပ်သား အဖြစ်လုပ်ခိုင်းခြင်းအား နောက်ဆုံးအဆင့်အဖြစ်သာ စဉ်းစားသင့်သည်။ ဆင်းရဲနွမ်းပါးခြင်းသည် ကလေးလုပ်သားများ ဖြစ်စေသည့် အဓိကအကြောင်းအရင်းဖြစ်သလို အနာဂတ်မျိုးဆက်များတွင်လည်း ဆင်းရဲနွမ်းပါးမှုကိုသာ ဆက်လက်ဖြစ်ပေါ်စေမည်ဖြစ်သည်။

## သင်ထောက်ကူ ၄.၂.၁ က : ကလေးလုပ်သား ဉာဏ်စမ်းပဟေဠိ

**မေးခွန်းများနှင့် ဖော်ပြချက်များစာရင်း**

၁. ကျောင်းဆင်းပြီးနောက် ကလေးများအနေဖြင့် တနေ့လျှင် နှစ်နာရီခန့် သူတို့၏ မိသားစုများကို ကူညီခြင်းသည် ၎င်းတို့အတွက်ကောင်းသည်။ (ဖော်ပြချက်)
၂. ကလေးသူငယ်များအတွက်ဘေးအန္တရာယ်ရှိသောအလုပ်များလုပ်ကိုင်ရန်အနိမ့်ဆုံးအသက်မှာ ဘယ်လောက်ဖြစ်ပါ သလဲ? မေးခွန်း
၃. ကလေးသူငယ်များသည် အရွယ်ရောက်ပြီးသူလူကြီးများကဲ့သို့ အလုပ်အမျိုးအစားအားလုံးကို လုပ်နိုင်သည်။ (ဖော်ပြချက်)
၄. ကမ္ဘာပေါ်တွင် အလုပ်လုပ်နေသည့် အသက် (၁၈) နှစ်အောက် ကလေးဘယ်လောက်ရှိပါသလဲ။မေးခွန်း
၅. မြန်မာနိုင်ငံတွင် အသက် (၁၈) နှစ်အောက်ကလေးလုပ်သား ဘယ်လောက်ရှိပါသလဲ။ မေးခွန်း
၆. မြန်မာနိုင်ငံတွင် ကလေးတစ်ယောက်သည် ကျောင်းတက်နေသော်လည်း အလုပ်များသည့် မိသားစု စားသောက်ဆိုင် ကို နေ့စဉ် (၁၆:၀၀) မှ (၂၂:၀၀) နာရီအထိ ညတိုင်း ကူနေရပါက ကလေးလုပ်သားဖြစ်သည်။ (ဖော်ပြချက်)
၇. ကျောင်းသည် အမြဲတမ်း အရေးကြီးသောအရာဖြစ်သည်။ (ဖော်ပြချက်)
၈. ကလေးများသည် အကယ်၍ အလုပ်လုပ်လိုပါက ၎င်းတို့ကိုယ်တိုင် ရွေးချယ်သင့်သည်။ (ဖော်ပြချက်)
၉. မြန်မာနိုင်ငံရှိကလေးလုပ်သားအများစုမှာ စက်ရုံအလုပ်များတွင် လုပ်ကိုင်နေကြသည်။ (ဖော်ပြချက်)
၁၀. ကလေးငယ်များအနေဖြင့် ကျောင်းထွက်ပြီး မိဘများဝင်ငွေရရန်အတွက် ပံ့ပိုးကူညီကြခြင်းမှာ ကောင်းသည်။ (ဖော်ပြချက်)
၁၁. ကျွန်ပြုခိုင်းစေခြင်းသည် အဆိုးဝါးဆုံးပုံစံကလေးလုပ်သားတစ်မျိုး ဖြစ်သည်။ (ဖော်ပြချက်)
၁၂. ကလေးအိမ်ဖော်အလုပ်ဆိုတာ ဘာပါလဲ။(မေးခွန်း)
၁၃. ကလေးလုပ်သားများသည် သူတို့လုပ်သည့်အလုပ်အတွက် လုပ်ခရကြသည်။ (ဖော်ပြချက်)
၁၄. မြန်မာနိုင်ငံတွင် ယောကျ်ားလေးများ၏အလုပ်ချိန်ပိုပြီး မိန်းကလေးများထက် ပိုက်ဆံပိုရကြသည်။ (ဖော်ပြချက်)
၁၅. ကျွန်ုပ်တို့ရပ်ရွာတွင်းရှိ ကလေးအများစုသည် ကျောင်းတက်ရမည့်အစား အလုပ်ထွက်လုပ်နေကြခြင်းသည် အဆင်ပြေသောကိစ္စဖြစ်သည်။ (ဖော်ပြချက်)
၁၆. ကလေးများအလုပ်လုပ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ ဘာပါလဲ။ (မေးခွန်း)
၁၇. အလုပ်ရှင်များသည် အဘယ်ကြောင့် ကလေးလုပ်သားများကို လိုချင်ကြတာပါလဲ။(မေးခွန်း)
၁၈. ကလေးလုပ်သားသည် အမြဲတမ်း မကောင်းသောအရာတစ်ခုမဟုတ်ပါ။ (ဖော်ပြချက်)
၁၉. ကလေးလုပ်သားများသည် ညဥ့်နက်သည့် တိုင်အောင်အလုပ်မလုပ်ကြရပါ။ (ဖော်ပြချက်)
၂၀. မိန်းကလေးများသည်ယောကျ်ားလေးများထက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့်လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ် ခံရရန် ပို၍ထိခိုက်လွယ်သူများဖြစ်သည်။ (ဖော်ပြချက်)
၂၁. ကလေးစစ်သားများမှာ ကလေးလုပ်သားများ ဖြစ်ပါသလား။ (မေးခွန်း)
၂၂. (ယေဘုယျအားဖြင့်) ကလေးလုပ်သားများသည် ကလေးများကို ဘယ်လိုထိခိုက်စေပါသလဲ။(မေးခွန်း)
၂၃. ကလေးလုပ်သားများသည် မည်သို့သောရုပ်ပိုင်းဆိုင်ရာထိခိုက်မှုများ ခံစားရနိုင်ပါသလဲ။ (မေးခွန်း)
၂၄. ကလေးလုပ်သားများသည် မည်သို့သောစိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ ခံစားရနိုင်ပါသလဲ။ (မေးခွန်း)

## သင်ထောက်ကူ ၄.၂.၁ ခ : ကလေးလုပ်သား ဉာဏ်စမ်းပဟေဠိ : အဖြေများနှင့် ဆွေးနွေးမှုများ

**လမ်းညွှန်ချက်များ :**

- ဤသင်ထောက်ကူသည် ဆွေးနွေးမှုများအတွက် အချက်အလက်များနှင့် မေးခွန်းများ၊ ဖော်ပြချက်များ အတွက် အဖြေများလည်းဖြစ်သည်။ အသေးစိတ်သိရှိလိုပါက အကျဉ်းချုပ်မှတ်စုတွင် ကြည့်ရမည်ဖြစ်သည်။
- ဉာဏ်စမ်းမေးခွန်းများ၊ အဖြေများနှင့် အမှတ်ပေးခြင်းဆိုင်ရာ လမ်းညွှန်ချက်များမှာ ပုံမှန်စာသားများသာဖြစ်ပြီး ထပ်မံဆွေးနွေးရန် သို့မဟုတ် နောက်ဆက်တွဲမေးခွန်းများအတွက် အဖြေများနှင့် အကြံပြုချက်များပါဝင်သည်။

**၁. ကျောင်းဆင်းပြီးနောက် ကလေးများအနေဖြင့် တနေ့လျှင် နစ်နာရီခန့် သူတို့၏ မိသားစုများကို ကူညီခြင်းသည် ၎င်းတို့အတွက်ကောင်းသည်။ (ဖော်ပြချက်)**

အဖြေ : မှန်သည် (အဖြေမှန်ပါကတစ်မှတ်)

အချက်အလက် : ကလေးများကျောင်းဆင်းချိန်တွင် မိဘများကို ကူညီရာတွင် အလုပ်သည် မပင်ပန်းဘဲ၊ကစားရန်၊ စာကြည့်ရန်၊ အိပ်စက်ရန်အချိန်များရှိနေသမျှမမှားပါ။ ထိုအလုပ်များကိုကလေးအလုပ်ဟု စဉ်းစားနိုင်သည်။ ယင်းသည်ကလေးများကို ကျန်းမာစေသလို တာဝန်ယူစိတ်လည်း ဖြစ်ပေါ်လာစေသည်။

**၂. ကလေးသူငယ်များအတွက် ဘေးအန္တရာယ်ရှိသော အလုပ်များလုပ်ကိုင်ရန် အနိမ့်ဆုံး အသက်မှာ ဘယ်လောက်ဖြစ်ပါ သလဲ။ (မေးခွန်း)**

အဖြေ : ဘေးအန္တရာယ်ရှိသောအလုပ်များမှာ အဆိုးဝါးဆုံးပုံစံဖြင့် ကလေးလုပ်သားဖြစ်ပြီး အသက် (၁၈) နှစ် အောက်ရှိသော ကလေးအားလုံးအတွက်တားမြစ်သင့်သည်အရာဖြစ်သည်။ ILO သဘောတူညီချက် (၁၈၂) အရအဖွဲ့ဝင်နိုင်ငံများသည် အလုပ်သမားနှင့် အလုပ်ရှင်အဖွဲ့များနှင့် ဆွေးနွေးတိုင်ပင်၍ ဘေးအန္တရာယ်ရှိသောအလုပ်ကိုသတ်မှတ်ရသည်(ဘေးအန္တရာယ်ရှိသော အလုပ်များစာရင်း)။ မြန်မာနိုင်ငံတွင် ဘေးအန္တရာယ်ရှိသောအလုပ်များအတွက် ဥပဒေမှာ ပီပြင်ရှင်းလင်းမှုမရှိသေးသော် လည်း ဘေးအန္တရာယ်ရှိသော အလုပ်စာရင်းမှာ အကြမ်းထွက်ပေါ်လာပြီး ဆက်လက်လုပ်ဆောင်နေဆဲ ဖြစ်သည်။ (လက်ရှိတွင် မြန်မာအလုပ်သမားဥပဒေမှ ဖော်ပြထားရာတွင် အသက် (၁၆) နှစ်မှ (၁၈) နှစ် ကြားကလေးများကို အရွယ်ရောက်သူများအတိုင်း အလုပ်လုပ်ခွင့်ပေးထားသော်လည်း အချိန်ပို လုပ်ခွင့်မရှိပေ)။

**၃. ကလေးသူငယ် များသည် အရွယ်ရောက်ပြီးသူ လူကြီးများကဲ့သို့ အလုပ်အမျိုးအစားအားလုံးကို လုပ်နိုင်သည်။ (S) (ဖော်ပြချက်)**

အဖြေ : မှားပါသည်။

အချက်အလက် : ကလေးသူငယ်များသည် အထူးအကာအကွယ်ပေးရန် လိုအပ်ပါသည်။ ကလေးများမှာဆယ်ကျော်သက်ရွယ်နှောင်းပိုင်း ရောက်သည်အထိရုပ်ပိုင်း/စိတ်ပိုင်းဆိုင်ရာများ ကြီးထွားဖွံ့ဖြိုးဆဲသာဖြစ်ပြီး အရွယ်ရောက်သူများကဲ့သို့တရားဝင် ဥပဒေအခွင့်အရေး အပြည့်အဝမရှိပါ။

**၄. ကမ္ဘာပေါ်တွင် အလုပ်လုပ်နေသည့် အသက် (၁၈) နှစ်အောက် ကလေးဘယ်လောက် ရှိပါသလဲ။(မေးခွန်း)**

အဖြေ : အသက် (၅) နှစ်မှ (၁၇) နှစ်အတွင်းရှိ ကလေးငယ် (၁၆၈)[၄] သန်းနီးပါး ဖြစ်ပါသည်။ ဆိုလိုသည်မှာ ကလေးငယ်စုစုပေါင်းလူဦးရေ၏ (၁၀) ရာခိုင်နှုန်းရှိပါသည်။

အချက်အလက် : အဖြေများသည်အမျိုးမျိုးကျယ်ပြန့်နိုင်ပါသည်။ (၁၆၈)သန်းဟူသောဂဏန်းနှင့် အနီးဆုံးဖြစ်အောင် ခန့်မှန်းနိုင်သော အဖွဲ့က အမှတ်တစ်မှတ်ရပါမည်။

**၅. မြန်မာနိုင်ငံတွင် အသက် (၁၈) နှစ်အောက်ကလေးလုပ်သား ဘယ်လောက်ရှိပါသလဲ။ (မေးခွန်း)**

အဖြေ : ၂၀၁၅ တွင် မြန်မာနိုင်ငံ၌ ကလေးလုပ်သား (၁.၁) သန်းကျော်ရှိပါသည်။

အချက်အလက် : ယင်းသည် နိုင်ငံတွင်းရှိ အသက် (၁၈) နှစ်အောက် ကလေးအားလုံး၏ (၉%) ကျော်မှာ ၂၀၁၅ တွင် ကလေးလုပ်သားများဖြစ်နေသည်ဟု ဆိုလိုခြင်းဖြစ်သည်။

**၆. မြန်မာနိုင်ငံတွင် ကလေးတစ်ယောက်သည် ကျောင်းတက်နေသော်လည်း အလုပ်များသည့် မိသားစု စားသောက်ဆိုင်ကို နေ့စဉ် (၁၆:၀၀) မှ (၂၂:၀၀) နာရီအထိ ညတိုင်း ကူနေရပါက ကလေး လုပ်သားဖြစ်သည်။ (ဖော်ပြချက်)**

အဖြေ : ဤဖော်ပြချက်တွင် အဖြေသည် ကလေး၏ အသက်အရွယ်အပေါ်မူတည်၍ အမှန်ကော အမှားကော ဖြစ်နိုင်ပါသည်။ မည်သည့်အသက်အရွယ်သည် အမှန် ဖြစ်ပြီး မည်သည့်အသက်သည် အမှား ဖြစ်သည် ကို သင်တန်းတက်ရောက်သူများအား မေးမြန်းပါ။ အသက် (၁၄) နှစ်အောက်ကလေးအားလုံးအတွက် ဆိုလျှင်မြန်မာနိုင်ငံရှိအလုပ်လုပ်နိုင်သည့်အနိမ့်ဆုံးအသက်သည် (၁၄) နှစ်ဖြစ်သောကြောင့် အဖြေသည် အမှန် ဖြစ်ပြီး ဥပဒေအတွင်း၌ အသက် (၁၃) နှစ်မှ (၁၄) နှစ်သို့ (၂၀၁၆) ခုနှစ် အစောပိုင်းတွင်မှ တိုးမြှင့်ခဲ့သောကြောင့်ဖြစ်သည်။ အသက် (၁၄) မှ (၁၆) အတွင်းရှိကလေးများအတွက်လည်း ထိုဥပဒေပါအတိုင်းပင်ဖြစ်သောကြောင့် အဖြေသည် အမှန်ပင်ဖြစ်ပြီး ၎င်းတို့ကို တနေ့လျှင် (၄) နာရီ အလုပ်လုပ်ခွင့်ပေးထားသည်။ အသက် (၁၆) မှ (၁၈) အရွယ် ပိုမိုအသက်ကြီးသောကလေးများ အတွက်ဆိုလျှင် အဖြေ သည်အမှားဖြစ်ပြီး (၂၀၁၆) ဥပဒေသည် ၎င်းတို့ကို အရွယ်ရောက်သူများကဲ့သို့အလုပ်လုပ်ခွင့်ပြုထားသောကြောင့်ဖြစ်သည်။အဖြေမှန်အားလုံးကို အမှတ်များပေးပြီး တနေ့ကို (၆) နာရီအလုပ်လုပ်ရသည့် ကလေးသည် သူ၏ ပညာရေး/သင်တန်းနှင့် အနားယူချိန်များကို အနှောင့်အယှက်ဖြစ်စေမည်ဟု ထောက်ပြသော အဖွဲ့ရှိပါက ထိုအဖွဲ့ကိုလည်း တစ်မှတ်ပေးပါ။

**၇. ကျောင်းသည် အမြဲတမ်း အရေးကြီးသောအရာဖြစ်သည်။ (ဖော်ပြချက်)**

အဖြေ : မှန်ပါသည်။

အချက်အလက် : အရွယ်မရောက်ခင်အလုပ်လုပ်ရသောကြောင့် နှစ်တိုင်းနှစ်တိုင်း ကျောင်းတက်သည့်ကလေးအရေအတွက်မှာသိသိသာသာကျဆင်းလျက်ရှိသည်။

[၄]Global Child Labour Trends 2008-2012 (ILO: Geneva, 2013).

ကျောင်းတက်ခြင်းသည် ကလေးငယ်၏ အနာဂတ်အတွက် အလွန် အရေး ကြီးသည်။

**၈. ကလေးများသည် အကယ်၍ အလုပ်လုပ်လိုပါက ၎င်းတို့ကိုယ်တိုင် ရွေးချယ်သင့်သည်။ (ဖော်ပြချက်)**

အဖြေ : မှားပါသည်။

အချက်အလက် : ဤဖော်ပြချက်သည်အဘယ်ကြောင့်မှားသည်ကို နောက်ဆက်တွဲ မေးမြန်းပါ။ အောက်ပါအဖြေများအတွက် အမှတ်များပေးပါ။ ကလေးများသည်အလုပ်ကိုကိုယ်တိုင်ရွေးချယ်နိုင်သော်လည်းငယ်ရွယ်သောသူများသည်တခါတရံသူတို့ကိုသူတို့ 'အနိုင်မခံအလွှမ်းမိုးမခံသော' သူများဖြစ်သည် ဟုယုံကြည်ကြသည်။ ၎င်းတို့ကို အလုပ်တွင်းရှိမည်သည့်အရာမှ မထိခိုက်စေဘဲ အလုပ်သည်လည်း အရေးမကြီးလှသောအရာအဖြစ်ထင်တတ်ကြသည်။ တချို့သော အခြေအနေများတွင် ကလေးများ သည် ၎င်းတို့၏မိသားစုကို ကူညီရန်တာဝန်ရှိသော ကြောင့် အလွန်ပင်ပန်းစွာ အလုပ်လုပ်ရခြင်း၊ သို့မဟုတ် ကလေးသူငယ်ညှင်းပမ်းနှိပ်စက်မှု သို့မဟုတ် မိသားစု ပြဿနာများကြောင့်ဖြစ်သည့်နည်းဖြင့်ထွက်ပြေးလိုသောကလေးများလည်းရှိသည်။ သို့သော်လည်း ကလေးသူငယ်များ သည်သူတို့ကိုယ်တိုင်၏ အဆိုးဝါးဆုံးရန်သူများ ဖြစ်သွားတတ်သည်။ ၎င်းတို့သည် အလုပ်လုပ်ရသည့် ပုံစံများကြောင့် ရေလတ် သို့မဟုတ် ရေရှည်ထိခိုက်ဘေးဖြစ်စေမှုများကို နားမလည်ကြပါ။ သို့မဟုတ် ၎င်းတို့သည် မိသားစုကို ကူညီရန်အတွက် ကိုယ့်ကိုယ်ကို စတေးအနစ်နာခံခြင်း၊ ခက်ခဲပင်ပန်းစွာ အလုပ်လုပ်လိုခြင်းများလည်း ရှိသည်။

**၉. မြန်မာနိုင်ငံရှိကလေးလုပ်သားအများစုမှာ စက်ရုံအလုပ်များတွင် လုပ်ကိုင်နေကြသည်။ (ဖော်ပြချက်)**

အဖြေ : မှားပါသည်။

အချက်အလက် : မြန်မာနိုင်ငံရှိ ကလေးအများစုမည်သည့်နေရာများတွင် အလုပ်လုပ်နေကြသည်ကို မေးပါ။ အဖြေသည် ကလေးအများစုမှာ ကျေးလက်ဒေသစိုက်ပျိုးရေးလုပ်ငန်းများတွင် ပိုက်ဆံမရသောမိသားစုလုပ်သားများအဖြစ်လုပ်ကိုင်နေကြသည်။

**၁၀. ကလေးငယ်များအနေဖြင့် ကျောင်းထွက်ပြီး မိဘများဝင်ငွေရရန်အတွက် ပံ့ပိုးကူညီကြခြင်းမှာ ကောင်းသည်။ (ဖော်ပြချက်)**

အဖြေ : မှားပါသည်။

အချက်အလက် : ကျောင်းတက်ခြင်းသည် ကလေးတိုင်း၏ အနာဂတ်အတွက် အလွန်အရေးကြီးသည်။

**၁၁. ကျွန်ပြုခိုင်းစေခြင်းသည် အဆိုးဝါးဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးလုပ်သား တစ်မျိုးဖြစ် သည်။ (ဖော်ပြချက်)**

အဖြေ : မှန်ပါသည်။

အချက်အလက် : ကလေးများ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် စိတ်ဓာတ်ကို ထိခိုက်စေသော (ကျွန်ပြုခိုင်းစေခြင်း၊ ပြည့်တန်ဆာနှင့် လိင်အပြာလုပ်ငန်းများအ

ပါအဝင်)အလုပ်အားလုံးသည်ဦးစားပေးအနေဖြင့်ပပျောက်အောင်ဆောင်ရွက်သွားရမည့် အဆိုးဝါးဆုံးပုံစံ ကလေးလုပ်သားများဖြစ်သည်။

အကြံပြုချက် : ကွဲပြားသည့်ပုံစံများကို အကျဉ်းချုပ်ရှင်းပြပါ။ အသေးစိတ်သိရှိရန်အတွက် လေ့ကျင့်ခန်း ၄.၂.၂ အဆိုးဝါးဆုံးပုံစံကလေးလုပ်သားဟူသည်မှာအဘယ်နည်း ဟူသည့်အခန်းမှ အဆိုးဝါးဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေး လုပ်သားများ အကျဉ်းချုပ်မှတ်စုကိုကြည့်ပါ။

## ၁၂. ကလေးအိမ်အကူအလုပ်ဆိုတာ ဘာပါလဲ။ (မေးခွန်း)

အဖြေ : ကလေးအိမ်အကူအလုပ်ဆိုသည်မှာ တခြားအိမ်ထောင်စုများသို့သွား၍ အိမ်မှုကိစ္စများ၊ မိသားစု ပြုစု စောင့်ရှောက်ရန်များ သွားရောက်လုပ်ကိုင်ပေးရခြင်းဖြစ်သည်။

အချက်အလက် : နောက်ဆက်တွဲမေးခွန်းများမေးပါ။ကလေးအိမ်အကူလုပ်သားကိုယောကျ်ားလေးသို့မဟုတ်မိန်းကလေးအများစုလုပ်ကြပါသလား။အဖြေ၊ မိန်းကလေးများ။ တခြားမေးခွန်း : အဘယ်ကြောင့် မိန်းကလေးအများစုလုပ်ကြပါ သလဲ။ အောက်ဖော်ပြပါအဖြေများအတွက်တစ်မှတ်စီပေးပါ။ အိမ်အကူအလုပ်များကို များသောအားဖြင့် အမျိုးသမီးအလုပ်အဖြစ်သတ်မှတ်ကြသည်။ အိမ်မှုကိစ္စများကို သဘာဝအားဖြင့် အမျိုးသမီးများ၊ မိန်းကလေးတတ်ကြသည်ဟု ယူဆကြသည်။ အိမ်မှုကိစ္စအလုပ်များ အတွက် အမျိုးသမီးများ၏ ကျွမ်းကျင်မှု သို့မဟုတ် သင့်လျော်မှုများနှင့် ပတ်သက်၍ ကျားမ ကွဲပြားမှု ဆိုင်ရာ ပုံသေကားကျမှတ်ယူမှုများစွာရှိသည်။ မိဘများသည် မိန်းကလေးများအနေဖြင့် အလုပ်ခွင်တွင်လုပ်သည်ထက်ပုဂ္ဂလိကမိသားစုများတွင်အလုပ်လုပ်သည်က ပို၍လုံခြုံသည်ဟု စဉ်းစားကြသည်များလည်းရှိသည်။ နောက်ဆုံးမေးခွန်း : အိမ်အကူလုပ်ငန်းများတွင် ဘေးအန္တရာယ်ရှိသော ကလေးလုပ်သားဆိုသည်မှာ ဘာပါလဲ။ အောက်ပါအဖြေများအတွက်တစ်မှတ်စီပေးပါ။ အလွန် ရှည်ကြာသော အလုပ်ချိန်၊ သီးသန့်အထီးကျန်အလုပ်လုပ်ရခြင်း၊ ကလေးအသက်အရွယ်နှင့် နှိုင်းစာလျှင် အလွန်ရှုပ်ထွေးသော အလုပ်များ၊ အလုပ်ရှင်မိသားစုမှ ကျူးလွန်စော်ကားမှုမျိုးစုံနှင့်လိင်ပိုင်းဆိုင်ရာ ကျူးလွန်စော်ကားခံရခြင်းများ။

## ၁၃. ကလေးလုပ်သားများသည် သူတို့လုပ်သည့်အလုပ်အတွက် လုပ်ခရကြသည်။ (ဖော်ပြချက်)

အဖြေ : မှားပါသည်။

အချက်အလက် : တခါတရံတွင် ကလေးများအနေဖြင့် အိပ်ရန်နေရာနှင့် အစားအသောက်ကိုသာရကြပါသည်။ တချို့သော ကိစ္စများတွင် လစာရသည်လည်းရှိပါသည်။ အကြွေးဆပ်ရန်အတွက် အလုပ်လုပ်ပေးရ သည်လည်းရှိသည်။

အကြံပြုချက် : အကယ်၍ လေ့ကျင့်ခန်း ၄.၂.၂ ကို ကျော်လိုက်ပါက ကလေးသူငယ်အခမဲ့လုပ်သားများ၏ အခြေအနေ ကိုရှင်းပြပါ။ (အသေးစိတ်သိရှိရန်အတွက် လေ့ကျင့်ခန်း ၄.၂.၂ အဆိုးဝါးဆုံးပုံစံဖြင့်ကလေးလုပ်သား ဟူသည်မှာအဘယ်နည်းဟူသည့်အခန်းမှ အဆိုးဝါးဆုံးပုံစံ ကလေးလုပ်သားများအကျဉ်းချုပ် မှတ်စု ကိုကြည့်ပါ။

**၁၄. မြန်မာနိုင်ငံတွင် ယောကျ်ားလေးများ၏အလုပ်ချိန်ပိုပြီး မိန်းကလေးများထက် ပိုက်ဆံပိုရကြသည်။ (ဖော်ပြချက်)**

အဖြေ : ဖော်ပြချက်တစ်ခုသည်မှန်ကန်ပြီး တခြားတစ်ခုသည် အမှားဖြစ်ပါသည်။ အောက်ပါအတိုင်း အမှတ်ပေးပါ။ မြန်မာနိုင်ငံ ကလေးလုပ်သားစစ်တမ်း (၂၀၁၅) အရတွေ့ရှိရသည်မှာ ဒေသ သို့မဟုတ် တည်နေရာ၊ နေ့စား သို့မဟုတ် လခစား စသည်တို့နှင့် မဆိုင်ဘဲ မြန်မာနိုင်ငံတွင် ယောကျ်ားလေးများ သည်မိန်းကလေးများထက် ပိုရသည်ဆိုသည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့သော်လည်း ယောကျ်ားလေး များသည် မိန်းကလေးများထက် နာရီပိုကြာအောင်အလုပ်လုပ်ရသည်ဆိုသည့်အချက်မှာ မှားပါသည်။ (၈) နာရီထက်ပိုလုပ်ရသည့်ကလေးများတွင်ယောကျ်ားလေးထက် မိန်းကလေး က ရာခိုင်နှုန်းပိုများ ပါသည်။ မြို့ပြရှိ မိန်းကလေးများအတွက် အပတ်စဉ် အလုပ်ချိန်မှာ ပိုရှည်ပြီး (၅၇.၅ နာရီ) မြို့ပြနေ ယောကျ်ားလေးများမှာ (၅၀.၉ နာရီ) သာရှိပါသည်။ ကျေးလက်မိန်းကလေးများမှာ (၅၁.၂ နာရီ) ဖြစ်ပြီး ကျေးလက်ယောကျ်ား လေးများမှာ (၅၁ နာရီ) သာဖြစ်သည်။

**၁၅. ကျွန်ုပ်တို့ရပ်ရွာတွင်းရှိ ကလေးအများစုသည် ကျောင်းတက်ရမည့်အစား အလုပ်ထွက်လုပ်နေကြခြင်းသည် အဆင်ပြေသောကိစ္စဖြစ်သည်။ (ဖော်ပြချက်)**

အဖြေ : မှားပါသည်။

အချက်အလက် : ကျေးရွာများရှိ ကလေးတိုင်း သို့မဟုတ် အိမ်နီးချင်းကလေးများ အလုပ်လုပ်နေကြခြင်းသည် ပုံမှန် မဟုတ်ပါ။ သင့်လျော်သော ပညာရေးကိုရရှိရန်နှင့် မည်သည့်ကလေးလုပ်သားပုံစံမျိုးမဆို မဖြစ်စေရန်အတွက် ကလေးများတွင် အကာအကွယ်ရှိသင့်ပါသည်။

**၁၆. ကလေးများအလုပ်လုပ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ ဘာပါလဲ။ (မေးခွန်း)**

အဖြေ : ဆင်းရဲနွမ်းပါးမှု။

အဖြေများ : ဓလေ့ထုံးစံအရ။ ကလေး၏ တာဝန်။

အချက်အလက် : ကလေးများအလုပ်လုပ်ရခြင်း၏ အဓိက မလွှဲမရှောင်သာ အကြောင်းရင်းမှာ ဆင်းရဲနွမ်းပါးမှုဖြစ်သည်။ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများသည် ဝင်ငွေရရန်လိုအပ်သည်။ အစားအသောက်နှင့် အခြေခံ လိုအပ်ချက်များအပေါ်တွင် ၎င်းတို့၏ဝင်ငွေကို အများအပြားသုံးလိုက်ရသော ဆင်းရဲသည့် အိမ်ထောင်စုများသည် ၎င်းတို့၏ ရှင်သန်ရပ်တည်ရေးအတွက် ဝင်ငွေရရှိနိုင်ရန် ကလေးများကို အလုပ်လုပ်စေရခြင်းသည် ရှင်းလင်းသည့် အချက်ဖြစ်ပါသည်။ သို့သော်လည်း ကလေးလုပ်သားများကို အသုံးပြုခြင်းသည် ဆင်းရဲနွမ်းပါးမှုကိုဆက်လက်တည်တံ့နေစေမည်ဖြစ်ပြီး ဆင်းရဲသည့် ကလေးလုပ်သားများသည် ဆင်းရဲနွမ်းပါးသည့် အရွယ်ရောက်ပြီးသူများ ဖြစ်လာမည် ဖြစ်သောကြောင့် ဖြစ်သည်။

**၁၇. အလုပ်ရှင်များသည် အဘယ်ကြောင့် ကလေးလုပ်သားများကို လိုချင်ကြတာပါလဲ။ (ဖော်ပြချက်)**

အဖြေ : ထိန်းသိမ်းရန်လွယ်သောကြောင့်။

အဖြေများ : ကလေးသူငယ်များသည် ဈေးပေါသောကြောင့်၊ ကလေးများတွင် အထူး

တလည် ကျွမ်းကျင်မှုများ ရှိသောကြောင့်။

အချက်အလက် : များသောအားဖြင့် ပြောတတ်ကြသည်မှာ စားရိတ်နည်းပြီး ကလေးများတွင် ရှိသည့် အရည်အချင်းများကြောင့်ဟူ၍ ဖြစ်သည်။ 'လက်သွက်ခြေသွက် ရှိခြင်း' နှင့် 'မျက်စိစူးခြင်း' စသည်တို့ကြောင့်ဖြစ်သည်။ သို့သော်လည်း ထိုသို့အငြင်းပွားမှုများမှာအကျုံးမဝင်ပါ။ အခြေခံအားဖြင့်ကလေးများသည် ၎င်းတို့၏ ကိုယ်ပိုင်အခွင့်အရေးများကို မသိရှိကြခြင်း၊ တောင်းဆိုမှုနည်းပါး ခြင်း၊ ဒုက္ခပေးမှုနည်းခြင်း ၊ ပို၍ကျိုးနွံခြင်း ၊ ပိုမိုယုံကြည်စိတ်ချရခြင်း နှင့် အလုပ်ခွင်မှပျက်ကွက်မှုနည်းပါးခြင်းစသည့်အချက်များကြောင့်ထိန်းသိမ်း ရန် ပိုမိုလွယ်ကူသည်။

အကြံပြုချက် : ကလေးလုပ်သားများကို လိုလားချက်များနှင့် ပတ်သက်၍ အသေးစိတ်ပိုမို ဆွေးနွေးပါ။ (အကျဉ်းချုပ်မှတ်စုကိုကြည့်)

## ၁၈. ကလေးလုပ်သားသည် အမြဲတမ်း မကောင်းသောအရာတစ်ခုမဟုတ်ပါ။ (ဖော်ပြချက်)

အဖြေ : မှားပါသည်။

အချက်အလက် : အချို့သူများအနေဖြင့် ကလေးလုပ်သားသည် ထိုမျှလောက်ဆိုးသောအရာ မဟုတ်ဟု ထင်ကောင်း ထင်ပေမည်။ တချို့မှလည်း 'ငွေဝင်ငွေဆော မနေသာ သောကြောင့်'မလုပ်ချင်ဘဲလုပ်ရခြင်းဖြစ်ပြီးကလေးများအလုပ်မလုပ်လျှင် သူတို့၏ မိသားစုများ ငတ်မွတ်ကုန်ကြမည်ဟု ပြောသူများလည်း ရှိသည်။

အကြံပြုချက် : ကလေးလုပ်သားများမရှိအောင်လုပ်ဆောင်သင့်သည့်အချက်များနှင့် မည် သို့သော အခြေအနေပင် ဖြစ်ပါစေ ကလေးများအနေဖြင့် ကလေးဘဝတွင် အခြေခံအခွင့်အရေးများဖြစ်သော ကစားရန်၊ ကျောင်းတက်ရန်နှင့်မိသားစု မေတ္တာတရားကို ခံစားကြနိုင်ကြရန် အခွင့်အရေးရှိသင့်သည်ဟူသည့် အ ချက်များကို အဖွဲ့လိုက်ဆွေးနွေးပါ။

## ၁၉. ကလေးလုပ်သားများသည် ညဥ့်နက်သည့် တိုင်အောင်အလုပ်မလုပ်ကြရပါ။ (ဖော်ပြချက်)

အဖြေ : မှားပါသည်။

အချက်အလက် : ကလေးလုပ်သားများသည်ညအချိန်အပါအဝင်ရှည်လျားပင်ပန်းစွာအလုပ် လုပ်ကြရသည်။ ကလေးများစွာသည်ညနေခင်းပိုင်းတွင်လည်း အလုပ်လုပ် ကြရသည်။အိမ်အကူလုပ်ကြသည့်မိန်းကလေးများ သည်လည်းအလုပ်ရှင် ၏ အိမ်မှုကိစ္စများကို ညအချိန်တွင်လည်း လုပ်ကြရပြီး လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုအပါအဝင် အမျိုးမျိုးသော နှိပ်စက်ကျူးလွန်မှုများကိုလည်း ခံစားကြရသည်။ စီးပွားရေး အရ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းခံရသော ကလေးသူငယ်စားခံများသည်လည်း ညအချိန်များ တွင်ပါ အလုပ်လုပ် ရန် အဓမ္မခိုင်းစေခြင်းခံကြရသည်။

## ၂၀. မိန်းကလေးများသည် ယောက်ျားလေးများထက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်း ဆိုင်ရာ အမြတ်ထုတ် ခံရရန် ပို၍ထိခိုက်လွယ်သူများဖြစ်သည်။ (ဖော်ပြချက်)

အဖြေ : မှန်ပါသည်။

အချက်အလက် : မိန်းကလေးများနှင့် အမျိုးသမီးများ၏ နိမ့်ပါးသည့် အနေအထားများနှင့် မိဘများသည်လည်း သားယောက်ျားလေးကို ပို၍တန်ဖိုးထားသောကြောင့် ယေဘုယျအားဖြင့် မိန်းကလေးများသည် လုပ်အားနှင့် လူ့အခွင့်အရေးဆိုင် ရာခေါင်းပုံဖြတ်ခြင်းများကိုပို၍ခံကြရသည်။မိန်းကလေးများသည်ယောက်ျား

လေးများထက် ပိုမို၍ အကာအကွယ်ပေးထားသော ပတ်ဝန်းကျင်တွင်ကြီးပြင်းကြရပြီး ပြင်ပကမ္ဘာနှင့် ထိတွေ့မှုလည်းနည်းပါးသောကြောင့် ကိုယ်ကိုတိုင်စဉ်းစားဆုံးဖြတ်ရသည်ထက်အသက်ကြီးသူများ၏စကားကို ပို၍လိုက်နာကြရတတ်သည်။

ခန္ဓာကိုယ်ကိုထိခိုက်စေသောအလုပ်များလုပ်ရပါကဇီဝဗေဒအန္တရာယ်များသည်လည်း မိန်းကလေး၊ ယောက်ျားလေး နှစ်မျိုးလုံးအတွက် ခံစားရနိုင်ချေမြင့်မားသည်။ ဥပမာအားဖြင့် အရွယ်မရောက်သေးခင် လိင်ဆက်ဆံရန်အတွက် အဓမ္မခိုင်းစေခံရသည့် မိန်းကလေး၊ ယောက်ျားလေးများသည် HIV၊ AIDS တို့ကဲ့သို့ လိင်မှတဆင့် ကူးစက်တတ်သောရောဂါများ ကူးစက်ခံစားရနိုင်ချေရှိသည်။

**၂၁. ကလေးစစ်သားများမှာ ကလေးလုပ်သားများ ဖြစ်ပါသလား။(မေးခွန်း)**

အဖြေ : အောက်ပါအဖြေများအတွက်အမှတ်ပေးပါ။ တရားဥပဒေအရ ဖွင့်ဆိုပါက ကလေးစစ်သားများသည်အဆိုးဝါးဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသောကလေးလုပ်သားတစ်မျိုးပင်ဖြစ်ပါသည်။ ကလေးစစ်သားအဖြစ်ခိုင်းစေခြင်းသည်လည်းအဓမ္မလုပ်သားလုပ်ခိုင်းခြင်းဖြစ်ပါသည်။ ကလေးငယ်၏ စစ်တပ်တွင် အမှုထမ်းလိုသောဆန္ဒနှင့် မသက်ဆိုင်ဘဲ ကလေးလုပ်သားစုဆောင်းခြင်းကိုဦးစားပေးအနေဖြင့် လျင်မြန်စွာပပျောက်အောင်ကြိုးစားသွားရမည်ဖြစ်သည်။

**၂၂. (ယေဘုယျအားဖြင့်) ကလေးလုပ်သားများသည် ကလေးများကို ဘယ်လိုထိခိုက်စေပါသလဲ။ (မေးခွန်း)**

အဖြေ : ပညာရေးနှင့် စိတ်ပိုင်းဆိုင်ရာနှင့်/သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများကို အတားအဆီး ဖြစ်စေသည်။
အဖြေမှားများ : ဘေးမရှိပါ။ ပိုက်ဆံကိုငယ်ငယ်နှင့် ရှာနိုင်သည်။
အကြံပြုချက် : ကလေးငယ်၏ဖွံ့ဖြိုးတိုးတက်မှုကို ဆိုးကျိုးဖြစ်စေသည့်အရာများနှင့်ပတ်သက်၍ အသေးစိတ် ဆွေးနွေးပါ။ (အကျဉ်းချုပ်မှတ်စုကိုကြည့်)

**၂၃. ကလေးလုပ်သားများသည် မည်သို့သောရုပ်ပိုင်းဆိုင်ရာထိခိုက်မှုများ ခံစားရနိုင်ပါသလဲ။ (မေးခွန်း)**

အဖြေ : ကြီးထွားနှုန်းကိုရပ်တန့်စေသည်၊ရုပ်ပိုင်းဆိုင်ရာပုံပျက်ခြင်း၊ဘေးအန္တရာယ်ရှိသောအလုပ်များကြောင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ခြင်း (အခြားသောအဖြေများလည်းမှန်နိုင်ပါသည်)
အဖြေမှားများ : ထိခိုက်မှုမရှိပါ။ ငယ်ငယ်ရွယ်ရွယ်နှင့် မန်နေဂျာဖြစ်နိုင်သည်။
အကြံပြုချက် : အသေးစိတ် ဆွေးနွေးပါ။ (အကျဉ်းချုပ်မှတ်စုကိုကြည့်)

**၂၄. ကလေးလုပ်သားများသည် မည်သို့သောစိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ ခံစားရနိုင်ပါသလဲ။ (မေးခွန်း)**

အဖြေ : ကြောက်ရွံ့မှု၊ ယုံကြည်မှုမရှိခြင်း၊ ရန်လိုခြင်း
အဖြေမှားများ : ထိခိုက်မှုမရှိ၊ မသန်မစွမ်းဖြစ်ခြင်း။
အချက်အလက် : အဖြေသည် အဓိကကိစ္စမဟုတ်ပါ။ အရေးကြီးသည့်အချက်မှာ ထိုထိခိုက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးကြရန်ဖြစ်ပြီး ထိခိုက်မှု မည်မျှအထိပြင်းထန်

## အကျဉ်းချုပ်မှတ်စု : ကလေးလုပ်သား : အဓိကသုံးနှုန်းသည့်ဝေါဟာရများ၊ ကိန်းဂဏန်းအချက်အလက်များနှင့် အကြောင်းရင်းများ၊ သက်ရောက်မှုများ [၅]

### ၁. နိုင်ငံတကာအဆင့် အဓိကသုံးသည့် ဝေါဟာရများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

ကလေးလုပ်သားနှင့်ပတ်သက်၍ အဓိကတရားဝင်နိုင်ငံတကာအဆင့် စံနှုန်းများမှာ -

- ၁၉၈၉ ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ (UN) သဘောတူညီချက်
- ILOအနိမ့်ဆုံးအသက်သဘောတူညီချက်၊၁၉၇၃(နံပါတ်၁၃၈)နှင့်တိုက်တွန်းထောက်ခံချက် အမှတ် ၁၄၆
- ILO ၏ အဆိုးဝါးဆုံးပုံစံ ကလေးလုပ်သားဆိုင်ရာ သဘောတူညီချက် အမှတ် (၁၈၂) နှင့် တိုက်တွန်း ထောက်ခံချက် အမှတ် ၁၉၀

**ကလေးသူငယ်**

- ကလေးသူငယ်ဆိုသည်မှာ အသက် (၁၈) နှစ်အောက်ရှိသည့် ကလေးတစ်ဦးတိုင်းကိုဆိုလို သည်။ (ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ (UN) သဘောတူညီချက်နှင့် ILO သဘောတူညီချက် အမှတ် ၁၈၂)
- အသက် (၁၈) နှစ်အောက်ရှိသူများကို 'ကလေး' ဟုခေါ်ဆိုပြီး ကလေးများသည် အထူးစောင့် ရှောက်ခွင့်ရသင့်သူများဖြစ်သည်။ ကလေးသူငယ်များသည် ၎င်းတို့ဆယ်ကျော်သက်အရွယ် ရောက်သည်အထိ ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးနေဆဲအဆင့်သာဖြစ်ပြီး ၎င်းတို့ တွင် အရွယ်ရောက်ပြီးသူများကဲ့သို့ တရားဝင်ဥပဒေ အခွင့်အရေး အပြည့်အဝမရှိသေးပါ။ (ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ (UN) သဘောတူညီချက်)

**လူငယ်** ဆိုသည်မှာ ယေဘုယျအားဖြင့် အသက် (၁၅) နှစ်မှ (၁၄) နှစ်အတွင်းဖြစ်သည်။ သို့သော် လည်း နေ့စဉ်နှင့် အမျှ ပြောင်းလဲသုံးစွဲနေမှုများအရ တခါတရံ လူငယ်ဆိုသည်မှာ ငယ်ရွယ်သူများ၊ မြီးကောင်ပေါက်များ၊ ဆယ်ကျော်သက်များကို ဆိုလိုခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် အသက် (၁၆) နှစ်မှ (၁၈) နှစ်အတွင်းရှိသူများကို လူငယ်ဟုသတ်မှတ်သည်။

**ကလေးလုပ်သား**

အလုပ်လုပ်နေသည့်ကလေးအားလုံးသည် ကလေးလုပ်သားမဟုတ်ပါ။ အလုပ်သည်ကလေးများ အတွက် အမြဲတမ်းဆိုးဝါးသောအရာမဟုတ်ဘဲ ကျန်းမာရေးကိုကောင်းစေသည့်ပြင် ကလေး ငယ်၏ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထူးတလည် အနှောင့်အယှက်ဖြစ်စေသည်။ ကလေး ငယ်များလုပ်ရသည့် စီးပွားရေးလုပ်ငန်းများသည် ကျန်းမာရေးအတွက်ကောင်းသော/လက်သင့်ခံ နိုင်ဖွယ်ရှိသော သို့မဟုတ် ဘေးဖြစ်စေသော/လက်သင့်ခံနိုင်ဖွယ်မရှိသော အလုပ်များဖြစ် ကြောင်းကို ဆုံးဖြတ်ရန်အလို့ှာ နိုင်ငံတကာအသိုင်းအဝိုင်းမှ အောက်ပါစံပေတံများကို သတ် မှတ်ထားခဲ့ပါသည်။

[၅] အဓိက ရယူသည့် အရင်းအမြစ်များ : ILO Conventions No’s 138 and 182; A Legal Review of National Laws and Regulations related to Child Labour in Myanmar in light of International Laws and Standards by IPEC (ILO: Geneva, 2015); A Legal Review of National Laws and Regulations related to Child Labour in Myanmar in light of International Laws and Standards – Executive Summary by IPEC (ILO: Geneva, 2015); The Tripartite Process of Determining Hazardous Child Labour: Guide for Facilitators - Eliminating Hazardous Child Labour: Step by Step by IPEC (ILO-: Geneva,2012); Myanmar: Child Labour in 2015, Key Facts and Statistics by MOLIP, CSO and ILO (ILO: Yangon, 2016);Myanmar Labour Force, Child Labour, and School to Work Transition Survey 2015 – Executive Summary Report by MOLIP, CSO and ILO,(ILO: Yangon, 2016).

- ကလေးလုပ်သားဆိုသည်မှာ ကလေးငယ်၏ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး၊ စိတ်ဓာတ်စသည်တို့ကို ပျက်ပြား စေသော သို့မဟုတ် ကျောင်း၊ သင်တန်းစသည်တို့တက်ရောက်လေ့လာမှုကို အနှောင့်အယှက် ဖြစ်စေသော အလုပ်များလုပ်နေရသူများဖြစ်သည်။
- ကလေးလုပ်သားများသည် အမျိုးမျိုးသောအလုပ်ပုံစံများနှင့် အသက်အရွယ်အမျိုးမျိုးအတွက် နိုင်ငံတကာ သို့မဟုတ် နိုင်ငံတော်အဆင့်မှ ဥပဒေအရသတ်မှတ်ထားသည့် အလုပ်လုပ်ခွင့်ရှိသည့် အနိမ့်ဆုံးသတ်မှတ်ချက် အောက်တွင်ရှိပြီး အလုပ်လုပ်နေရသည့် ကလေးသူငယ်များဖြစ်သည်။
- ကလေးလုပ်သားသည် ကလေးငယ်များ၏ ငယ်ဘဝ၊ ၎င်းတို့၏ အလားအလာနှင့် ဂုဏ်သိက္ခာတို့ကိုအဟန့်အတားဖြစ်စေပြီး ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာတို့ကို ဘေးဖြစ်စေသည့်အတွက်ကြောင့် ပပျောက် အောင်ဆောင်ရွက်ရမည့် ကိစ္စဖြစ်သည်။

### သင်တန်းပို့ချသူများအတွက် အကြံပြုချက်များ

အဓိကအသုံးပြုသည့် ဝေါဟာရများအတွက် သင့်၏ပရိတ်သတ် အသက်အရွယ်နှင့် ပညာရေးအဆင့် အလိုက် ရှင်းလင်းပြတ်သားသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ရွေးချယ်ရန် အရေးကြီးသည်။ ယေဘုယျအားဖြင့် အထက်တွင် ပါရှိသည့် ကလေးလုပ်သားဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်များမှာ ပထမဆုံးဆွေးနွေးရာတွင် အသုံးပြုရန် လုံလောက်ပါသည်။ ထို့နောက်သင်တန်းပို့ချသူသည် ကလေးများအတွက် လက်ခံနိုင်သောအလုပ်/ လက်သင့်မခံနိုင်သောအလုပ်များနှင့် အဆိုးဝါးဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးလုပ်သားများအကြောင်းဆက်လက်ရှင်းလင်းရန်ဖြစ်သည်။ သို့သော်လည်း အကျဉ်းချုပ်မှတ်စု သည်သင်တန်းပို့ချသူများအတွက် ကလေးလုပ်သားနှင့် ပတ်သက်သော ဝေါဟာရများကို အသေးစိတ်ပိုမိုသိရှိနိုင်ပြီး ကလေးလုပ်သားအမျိုးမျိုး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို နားလည်သဘော ပေါက်ကာ ပရိတ်သတ်မှ မေးမြန်းသည့် မေးခွန်းများကို ပြန်လည်တုံ့ပြန် ဖြေဆိုနိုင်ရန် ဖြစ်သည်။ ဥပမာအားဖြင့် အလုပ်အမျိုးအစားအမျိုးမျိုးအတွက် အလုပ်ခန့်ထားနိုင်သည့် အနိမ့်ဆုံးအသက်နှင့် ပေါ့ပါးသောအလုပ်မှာ မည်သည်တို့ဖြစ်ကြောင်း စသဖြင့် ဖြစ်သည်။

ကလေးလုပ်သားကို ဥပဒေအသုံးအနှုန်းဖြင့် ဆွေးနွေးရာတွင် မြန်မာနိုင်ငံ ILO မှ အသုံးပြုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များမှာ -

- **ကလေးလုပ်သား**ဆိုသည်မှာ က)တရားဝင်အလုပ်လုပ်ခွင့်ရှိသည့်အသက်အောက်ရှိကလေး ခ) တရားဝင် အလုပ်လုပ်ခွင့်ရှိသည့်အသက်ကျော်သော်လည်း အသက် (၁၈) နှစ်အောက်သာရှိသည့်ကလေးနှင့် နိုင်ငံတကာ သဘောတူစာချုပ်များကို ချိုးဖောက်၍ အလုပ်လုပ်ခြင်း သို့မဟုတ် ထိုသို့သောအခြေအနေများတွင်အလုပ်လုပ်ခြင်း၊ အထူးသဖြင့် ကျွန်ပြုခိုင်းစေခြင်းကဲ့သို့သော ကိစ္စရပ်များ၊ ဘေးအန္တရာယ်ရှိသောအလုပ် သို့မဟုတ် အဆိုးဝါးဆုံးပုံစံ ကလေးလုပ်သားအဖြစ် မည်သည့်အလုပ်ကိုမဆိုလုပ်ကိုင်နေရသူကို သတ်မှတ်သည်။
- **ငယ်ရွယ်သောလုပ်သားများ**မှာ တရားဝင် အလုပ်လုပ်ခွင့်ရှိသည့်အသက်ကျော်သော်လည်း အသက်(၁၈)နှစ်အောက်သာရှိသည့်ကလေးသူ၊နိုင်ငံတကာသဘောတူစာချုပ်ပါစည်းကမ်းများအတိုင်း အလုပ်လုပ်နေသူများ ဖြစ်သည်။

### အလုပ်ခန့်အပ်ရန်အတွက် အနိမ့်ဆုံးအသက်

ILO အနိမ့်ဆုံးအသက် သဘောတူညီချက်၊ ၁၉၇၃၊ (အမှတ် ၁၃၈) တွင်ဖော်ပြထားသည်မှာ -

- ဘေးအန္တရာယ်ရှိသောအလုပ်များအတွက် အနိမ့်ဆုံးအလုပ်လုပ်နိုင်သောအသက်ကို (၁၈) နှစ်ဟုလည်းကောင်း
- အနိမ့်ဆုံးအလုပ်လုပ်နိုင်သည့်အသက်ကို (၁၅) နှစ်ဟုသတ်မှတ်ထားသော်လည်း ဖွံ့ဖြိုးတိုး

တက်ဆဲ နိုင်ငံများ အတွက် (၁၄) နှစ်ကို ယာယီအဖြစ်လည်းကောင်း
- အသက် (၁၃) နှစ်ကို ပေါ့ပါးသောအလုပ်များလုပ်ခွင့်ပြုရန်နှင့် ဖွံ့ဖြိုးတိုးတက်ဆဲ နိုင်ငံများ အတွက် (၁၂) နှစ်ကို ယာယီအဖြစ်လည်းကောင်း သတ်မှတ်ဖော်ပြထားသည်။

## ကလေးသူငယ်များအတွက် လက်သင့်ခံနိုင်သော/ လက်သင့်မခံနိုင်သော အလုပ်အမျိုးအစားများ

- **ကလေးသူငယ်များအတွက်လက်သင့်ခံနိုင်သောအလုပ်အမျိုးအစားများ** မှာကိုယ်ပိုင်မိသားစု အတွက် စိတ်ချရသည့် အခြေအနေတရပ်ရပ်တွင် ပေါ့ပါးသောအလုပ်များ သို့မဟုတ်အိမ်မှု ဝေယျာဝစ္စများ
- **ကလေးသူငယ်များအတွက် လက်သင့်မခံနိုင်သော အလုပ်အမျိုးအစားများ** မှာ နိုင်ငံတကာ နှင့် နိုင်ငံတော် အဆင့်မှ သတ်မှတ်ထားသည့် အလုပ်လုပ်ခွင့်ရှိသည့် အနိမ့်ဆုံးအသက် ၏ အောက်နှင့်အဆိုးဝါးဆုံးပုံစံ ကလေးလုပ်သား၊ အသက် (၁၈) နှစ်အောက်ကလေးများ အတွက် ဘေးအန္တရာယ်ရှိသည့်အလုပ်များစသည့်အခြေအနေများတွင် စီးပွားရေးနှင့်အကျိုးရှာလုပ် ငန်းများ၌ လုပ်ရသောအလုပ်များဖြစ်သည်။ ထိုအသုံးအနှုန်းများကို အောက်တွင် အကျဉ်း ချုပ်ထပ်မံဖော်ပြထားပါသည်။

## အိမ်မှုဝေယျာဝစ္စများ

- အိမ်မှုဝေယျာဝစ္စများ (အိမ်အလုပ်များ)ဆိုသည်မှာ ကလေးငယ်၏မိသားစုတွင်းတွင် လုပ်ရ သည့် ချက်ပြုတ်ခြင်း၊ သန့်ရှင်းရေး၊ ကလေးထိန်းခြင်းနှင့်စိုက်ခင်းများ၌ကူခြင်း စသည့်ပေါ့ပါး သည့်တာဝန်များကို ရည်ညွှန်းသည်။ တနေ့လျှင် (၂) နာရီမျှ အိမ်အလုပ်များကို ကူညီခြင်း သည် ကလေးများအတွက် ကျွမ်းကျင်မှုများ၊ မိမိကိုယ်ကို ယုံကြည်ချက်နှင့် တာဝန်ယူလိုစိတ် များ ရရှိဖြစ်ပေါ်စေသော်လည်း အလုပ်တာဝန် သို့မဟုတ် အိမ်မှုကိစ္စကို ကလေး၏အသက် အရွယ်၊ ခွန်အားနှင့်မျှတပြီး ဘေးမဖြစ်စေသည့် အလုပ်များအား ရွေးချယ်စေခိုင်းရန် သတိ ပြုရမည်ဖြစ်သည်။
- ဝေယျာဝစ္စ သို့မဟုတ် ပေါ့ပါးသောအလုပ်ဟူသည့် အသုံးအနှုန်းများအတွက် လက်ခံနိုင် သောအလုပ်မှာမည်သည်တို့ဖြစ်သည်ကိုဒေသအလိုက် ဆွေးနွေးဆုံးဖြတ်သတ်မှတ်နိုင်ရန် အတွက် ILO သဘောတူညီချက်တွင်ဖော်ပြမထားပါ။ လုပ်ရသည့်အလုပ် သို့မဟုတ် အိမ်မှု ကိစ္စသည် ကျောင်းတက်ခြင်း သို့မဟုတ် ကျန်းမာရေးကို မထိခိုက်သင့်ပါ။ ILO ၏အလုပ် လုပ်နိုင်သောအသက်ဆိုင်ရာ တိုက်တွန်းအကြံပြုချက် အမှတ် ၁၄၆ တွင် "ကလေးငယ်၏ ကျန်းမာရေးနှင့်တစ်ကိုယ်ရေဖွံ့ဖြိုးတိုးတက်မှုကိုမထိခိုက်စေသော သို့မဟုတ်ကျောင်းတက် ခြင်းကို အနှောက်အယှက်မဖြစ်စေသော အလုပ်များဖြစ်ပြီး အိမ်တွင်မိဘကို ကူညီခြင်း၊ မိသားစု စီးပွားရေးလုပ်ငန်းတွင် ကူညီခြင်း သို့မဟုတ် ကျောင်းတက်ရန်မလိုသည့်အချိန် များနှင့် ကျောင်းအားရက်များတွင် မုန့်ဖိုးရရန်အတွက် ပိုက်ဆံရှာခြင်း စသည့်လက်ခံနိုင်ဖွယ် ရှိသည့်အလုပ်များ" ဟုဖော်ပြထားသည်။
- ၎င်းတို့ကိုယ်ပိုင်မိသားစုများအတွက် အကျိုးရှိသောလုပ်ငန်း (စီးပွားရေး) နှင့် အကျိုးမရှိသော လုပ်ငန်းများတွင်လုပ်ရခြင်းသည် အဆိုးဝါးဆုံးပုံစံဖြင့် ကလေးလုပ်သားဟုပင်သတ်မှတ်ပြီး ပပျောက်အောင်ဆောင်ရွက်ရန်ဖြစ်သည်။ ကလေးများအတွက် အထူးသဖြင့် ဦးတည်ဖော်ပြ ရမည်ဆိုပါက လယ်ယာထဲတွင်၊ မိသားစုစီးပွားရေး သို့မဟုတ် အိမ်အလုပ်များနှင့် မိသားစု ကို ပြုစုစောင့်ရှောက်ရန်အတွက် ပညာရေးကို စွန့်လွှတ်လိုက်ရသော ကလေးများသည် လည်းထိုအတူပင်ဖြစ်သည်။

## ပေါ့ပါးသည့်အလုပ်

- ILOအလုပ်လုပ်နိုင်သည့်အနိမ့်ဆုံးအသက်ဆိုင်ရာ သဘောတူညီချက်အမှတ် ၁၃၈၊အပိုဒ်ခွဲ ၇ အရ အသက် (၁၃) နှစ် (အသက် ၁၂ နှစ်မှစ၍) ကလေးများကို အလုပ်လုပ်ခွင့်ပြုရန်အတွက် အမျိုးသားဥပဒေ သို့မဟုတ် နည်းဥပဒေများတွင် ပြဋ္ဌာန်းခွင့်ပြုထားသည်။ ထိုအလုပ်များမှာ -
    - ကလေးများ၏ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဘေးမဖြစ်စေရ
    - ကလေးများကျောင်းတက်ရန်၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ သို့မဟုတ် အခြား သင်တန်းများ သို့မဟုတ် လမ်းညွှန်သင်ပြခြင်းများဖြင့် ၎င်းတို့၏ စွမ်းဆောင်ရည်ကို အကျိုးရှိ တိုးတက်စေမည့် ကိစ္စရပ်များ စသည်တို့ကို အဟန့်အတားမဖြစ်စေရ
- ကလေးများသည် ၎င်းတို့၏အိမ်စာများလုပ်ရန်နှင့် လုံလောက်သောအိပ်စက်မှု၊ အားလပ်ချိန်များအတွက် လုံလောက်သောအချိန်များရှိရမည်ဖြစ်ပြီး သို့မဟုတ်ပါက ၎င်းတို့ ကျောင်းတက်ခြင်းမှ အကျိုးကျေးဇူးခံစားရမည်မဟုတ်ပေ။ လတ်တလောသုတေသနမှ[၆] အ တည်ပြုသည်မှာ တနေ့လျှင် (၂) နာရီထက်ပို၍ အလုပ်လုပ်ရခြင်းနှင့် (၈) နာရီထက်နည်း၍ အိပ်စက်ရခြင်းသည် ကလေးငယ်ကျောင်းတွင် လေ့လာသင်ယူနိုင်သည့် စွမ်းရည်အပေါ်ဩသိသာသော သက်ရောက်မှုများကို ဖြစ်စေသည်။

## ကလေးလုပ်သား အဆိုးဝါးဆုံးပုံစံများ

- အဆိုးဝါးဆုံးခိုင်းစေခြင်းခံရသောကလေးလုပ်သား (WFCL) ILO ၏ သဘောတူညီချက်အမှတ်(၁၈၂)မည်သည့်အခြေအနေမဆိုကလေးများအတွက်လက်မခံနိုင်သောအလုပ်များအောက်တွင် အမျိုးအစား လေးမျိုး ခွဲထားသည်။ ၎င်းတို့ကို ဦးစားပေးကိစ္စရပ်အနေဖြင့် မြန်နိုင်သမျှအမြန် ပပျောက်အောင် ဆောင်ရွက်ရမည်။ ပါဝင်သည်များမှာ -
    - က) ကျွန်ပြုခိုင်းစေခြင်းများ သို့မဟုတ် ကျွန်ပြုခိုင်းစေခြင်းနှင့် အလားသဏ္ဍာန်တူပုံစံများ ဖြစ်သည့် ကလေးများကိုရောင်းချခြင်း၊ လူကုန်ကူးခြင်း၊ အကြွေးဖြင့်သိမ်းခြင်း၊ကျေးကျွန်ပြုခြင်းနှင့် အဓမ္မ သို့မဟုတ် အတင်းအကြပ်လုပ်သား၊ လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးများကို အသုံးပြုရန်အတွက် အဓမ္မ သို့မဟုတ် အတင်းအကြပ်လုပ်သားစုဆောင်းခြင်းများ
    - ခ) ပြည့်တန်ဆာလုပ်ငန်း၊ လိင်အပြာစာအုပ်၊ ဇာတ်လမ်းများထုတ်လုပ်ခြင်း သို့မဟုတ် ထိုလုပ်ငန်းများတွင် ဖျော်ဖြေခိုင်းရန်အတွက် ကလေးများကို အသုံးပြုခြင်း၊ ရောင်းဝယ်ခြင်း သို့မဟုတ် ကမ်းလှမ်းခြင်းများ
    - ဂ) တရားမဝင်လုပ်ငန်းများအထူးသဖြင့်နိုင်ငံတကာသဘောတူညီချက်များတွင်ပြဋ္ဌာန်းထားသည့် မူးယစ်ဆေးဝါး ထုတ်လုပ်၊ ရောင်းဝယ်ဖြန့်ဖြူးခြင်းလုပ်ငန်းများတွင် ကလေးများကို အသုံးပြုခြင်း၊ ရောင်းဝယ်ခြင်း သို့မဟုတ် ကမ်းလှမ်းခြင်းများ
    - ဃ) ကလေးငယ်များ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် စိတ်ဓာတ်များကို ဘေးဖြစ်မည့်ဟန်ရှိသော သဘာဝနှင့် အခြေအနေရှိသည့် အလုပ်များ (သဘောတူညီချက်အမှတ် ၁၈၂၊ အက် ၃)
- ပထမသုံးချက် (က၊ ခ နှင့် ဂ) တို့သည် အမျိုးသားဥပဒေအရ ထပ်မံဆွေးနွေးခြင်းမပြုဘဲ တင်းကြပ်စွာ တားမြစ်ခြင်းနှင့် ပပျောက်အောင်ပြုလုပ်ခြင်းများ လုပ်ဆောင်ရမည်ဖြစ်သည်။

[၆] The Tripartite Process of Determining Hazardous Child Labour: Guide for Facilitators - Eliminating Hazardous Child Labour: Step by Step by IPEC (ILO: Geneva, 2012), p. 33.

လေးချက်မြောက် (ဃ) သည် ဘေးအန္တရာယ်ရှိသောအလုပ်အဖြစ်သတ်မှတ်ထားပြီး အမျိုးသားဥပဒေအရာ သတ်မှတ်အရေးယူ ဆောင်ရွက်ရမည်ဖြစ်သည်။

## ဘေးအန္တရာယ်ရှိသောအလုပ်

- ဘေးအန္တရာယ်ရှိသောအလုပ်သည် ကလေးသူငယ်များကို ဘေးအန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေး သို့မဟုတ် စိတ်ဓာတ်ပိုင်းဆိုင်ရာ ထိခိုက်နိုင်ချေများ ဖြစ်စေသည့် မည်သည့် အလုပ်ကို မဆိုရည်ညွှန်းခေါ်ဆိုသည့် အတိုကောက်အသုံးအနှုန်းဖြစ်သည် (ILO ပြဌာန်းချက် အမှတ် ၁၃၈၊ အပိုဒ်ခွဲ ၃) နှင့် ပြဌာန်းချက် ၁၈၂ (အပိုဒ်ခွဲ ၃ဃ)။ ပူးတွဲပါတိုက်တွန်းထောက်ခံချက် အမှတ် (၁၉၀) တွင်ဖော်ပြထားသည့် ကလေးလုပ်သားများအတွက် ဘေးအန္တရာယ်ရှိသောအလုပ်များမှာ -
    - ကလေးငယ်များကို ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ကျူးလွန်စော်ကားမှု များခံရစေသည့်အလုပ်
    - မြေအောက်၊ ရေအောက်၊ အန္တရာယ်ရှိသောအမြင့် သို့မဟုတ် ကျဉ်းမြောင်းပိတ်လှောင်သောနေရာများရှိ အလုပ်
    - အန္တရာယ်ရှိသော စက်ယန္တရား၊ ကိရိယာတန်ဆာပလာများ သို့မဟုတ် လေးလံသော ဝန်များကို ကိုင်တွယ်ရခြင်း၊ သယ်ယူပို့ဆောင်ရခြင်းများလုပ်ရသည့် အလုပ်
    - ကျန်းမာရေးနှင့် မညီညွတ်သောနေရာများ ဥပမာ ကလေးငယ်များကို အန္တရာယ်ရှိသော အရာဝတ္ထုများ၊ ဓာတုဗေဒကြားခံပစ္စည်း သို့မဟုတ် နည်းစနစ်များ၊ အပူရှိန်၊ ဆူညံသည့် အသံများ သို့မဟုတ် ကျန်းမာရေးထိခိုက်အောင် တုန်ခါစေသည့်ပစ္စည်းများနှင့် ထိတွေ့အလုပ်လုပ်ရသော ပတ်ဝန်းကျင်များ
    - အထူးခက်ခဲပင်ပန်းသည့် အခြေအနေများဖြစ်သည့် နာရီပေါင်းများစွာအလုပ်လုပ်ရခြင်း၊ ညအချိန်များတွင်အလုပ်လုပ်ရခြင်း၊ သင့်လျော်ကောင်းမွန်မှုမရှိသောအလုပ်ခွင်ပရဝုဏ် သို့မဟုတ် အလုပ်ရှင်နှင့် အလုပ်လုပ်ရခြင်း (အခန်း ii ၃၊ က - င)
- ပြဌာန်းချက် ၁၃၈ သို့မဟုတ် ၁၈၂ ကိုအတည်ပြုပါဝင်လက်မှတ်ရေးထိုးထားသည့် နိုင်ငံများသည် အသက် (၁၈) နှစ်အောက်ရှိသော ကလေးများအတွက် တားမြစ်ထားရမည့် ဘေးအန္တရာယ်ရှိသောကလေးလုပ်သားများ စာရင်းကိုရေးဆွဲဖော်ထုတ်ရမည်ဖြစ်ပြီးဥပဒေအတွင်း၌ ထည့်သွင်းပြဌာန်းရမည်။

## ၂. မြန်မာနိုင်ငံတွင် ကလေးလုပ်သားဖြစ်ပွားမှုပမာဏ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ဥပဒေနှင့် မူဝါဒများ[၇]

မြန်မာနိုင်ငံတွင် ကလေးလုပ်သားပျံ့နှံ့ ဖြစ်ပွားမှုနှင့် ပတ်သက်သည့် လတ်တလောစာရင်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် ကလေးလုပ်သားများ ကျယ်ပြန့်စွာပျံ့နှံ့ဖြစ်ပွားနေကြောင်းကိုပြသလျက်ရှိသည်။ ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ လုပ်သားအင်အားစစ်တမ်းတွင် အသက် (၅) နှစ်မှ (၁၇) နှစ်အတွင်းရှိ ကလေး (၉.၃%) မှာ ကလေးလုပ်သားများဖြစ်ပြီး ၎င်းတို့အထဲမှ (၅.၁%) မှာ ဘေးအန္တရာယ်ရှိသောအလုပ်များတွင် ဝင်ရောက်လုပ်ကိုင်နေသည်ဟုခန့်မှန်းထားပါသည်။ ကလေးလုပ်သားများသည် နေရာတိုင်းတွင်ပျံ့နှံ့ဖြစ်ပေါ်လျက်ရှိပြီး အသက် ငယ်စဉ်အလုပ်လုပ်ကြခြင်း သို့မဟုတ် စားသောက်ကုန်လုပ်ငန်း၊ လမ်းဘေးဈေးရောင်း၊

[၇] A Legal Review of National Laws and Regulations related to Child Labour in Myanmar in Light of International Laws and Standards (ILO: Geneva, 2015); Myanmar: Child Labour in 2015, Key Facts and Statistics by MOLIP, CSO and ILO (ILO: Yangon, 2016); Myanmar Labour Force, Child Labour, and School to Work Transition Survey 2015 – Executive Summary Report by MOLIP, CSO and ILO(ILO: Yangon, 2016)

အမှိုက်ကောက်ခြင်းနှင့် အသေးစားစက်မှုလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် မိသားစုစိုက်ပျိုးရေးလုပ်ငန်းများ၊ အကြီးစား ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း များ စသည့်ဘေးအန္တရာယ်ရှိသော အလုပ်ပုံစံမျိုးစုံတွင် ဝင်ရောက်လုပ်ကိုင်နေကြသည်။ ကလေးသူငယ်များကိုလိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း၊ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးငယ် များကို အစေခံလုပ်သားအဖြစ် ကုန်ကူးခြင်း၊ အတင်းအကြပ်လက်ထက်ခိုင်းရန်အတွက် အမျိုးသမီးများနှင့် မိန်းကလေးများကို စုဆောင်းပို့ဆောင်ခြင်း၊ လိင်ကိစ္စအလို့ငှာ ကုန်ကူးခြင်းနှင့် ကလေးငယ်များကို လက်နက်ကိုင်ပဋိပက္ခများတွင် အသုံးပြုခြင်းတို့သည် ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည့် စိုးရိမ်ဖွယ်ကိစ္စရပ်များဖြစ်သည်။

မြန်မာနိုင်ငံသည်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကုလသမဂ္ဂသဘောတူညီချက် (CRC) ကို၁၉၉၁ ခုနှစ်တွင် သဘောတူအတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး ILO ၏ အဆိုးဝါးဆုံးပုံစံ ကလေးလုပ်သားများဆိုင်ရာသဘောတူညီချက် အမှတ် ၁၈၂ ကို ၂၀၁၃ တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။ သို့သော် အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက် ILO သဘောတူညီချက်အမှတ် ၁၃၈ ကိုမူ အတည်မပြုရသေးပါ။ မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက်မှ ကလေးသူငယ်များရောင်းချခြင်း၊ ကလေးသူငယ်ပြည့်တန်ဆာနှင့် ကလေးသူငယ်များကို လိင်ပိုင်းဆိုင်ရာ အပြာလုပ်ငန်းများတွင် အသုံးပြုခြင်းဆိုင်ရာ ပထမဆုံး လိုက်နာကျင့်သုံးရမည့် သဘောတူညီချက်များ (Protocol) ကို ၂၀၁၂ တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။ ဒုတိယသဘောတူညီချက်ဖြစ်သည့် ကလေးသူငယ်များကို လက်နက်ကိုင်ပဋိပက္ခများတွင် ပါဝင်စေခြင်းဆိုင်ရာ သဘောတူညီချက်မှာမူ လက်မှတ်ရေးထိုးရန် ဆောင်ရွက်နေဆဲ ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကလေးလုပ်သားတားဆီးကာကွယ်ရေး၊ အဆိုးဝါးဆုံးပုံစံအလုပ်များ၊ ကလေးလုပ်သားမဖြစ်စေရန် ကလေးသူငယ်များကို တရားဥပဒေအရ အကာအကွယ်ပေးခြင်းများဆိုင်ရာများကို ဥပဒေကန့်သတ်ချက်မူဘောင်တွင် သီးသန့်ပြဋ္ဌာန်း ထားခြင်းမရှိသေးဘဲ မတူကွဲပြားသည့် ဥပဒေများတွင် ပြည့်စုံမှုမရှိဘဲ အမျိုးမျိုးအဖုံဖုံကွဲပြားနေပြီး တရားဥပဒေအရ အရေးယူဆောင်ရွက်ရန်အခက်အခဲဖြစ်နေဆဲဖြစ်သည်။ ကလေးသူငယ်ဥပဒေနှင့် ပညာရေးနှင့် အလုပ်သမားဥပဒေများအကြား သဟဇာတဖြစ်မှု၊ ကလေးလုပ်သားဆိုင်ရာ ခိုင်မာအားကောင်းသည့် ဥပဒေကန့်သတ်ချက်မူဘောင်နှင့် ငယ်ရွယ်သည့်လုပ်သားများအား အကာအကွယ်ပေးရေးသည် လည်း မရှိမဖြစ်လိုအပ်သည်။

အဓိက အဓိပ္ပာယ်ဖွင့်ဆိုချက်များတွင် ပါဝင်သည်များမှာ -

- **အလုပ်လုပ်နေသောကလေး**ဆိုသည်မှာ ပြီးခဲ့သည့် (၇) ရက်အတွင်း အချိန်ပြည့် သို့မဟုတ် အချိန်ပိုင်းအလုပ်လုပ်ခဲ့ပြီး လုပ်ခရသော/မရသော ကုန်ထုတ်လုပ်ရေးလုပ်ငန်းဖြစ်စေတစ်နာရီနှင့် အထက်ပိုသော ဈေးကွက် တန်ဖိုးရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခဲ့သူများဖြစ်သည်။[၈]
- **ကလေးလုပ်သား** များမှာ အလုပ်လုပ်နေသောကလေးများဖြစ်ပြီး ၎င်းတို့၏ ကလေးဘဝ၊ အလားအလာနှင့် ဂုဏ်သိက္ခာကို အတားအဆီး ဖြစ်စေပြီး ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို ဘေးဖြစ်စေ သည့်အလုပ်များလုပ်နေရသည့် ကလေးများဖြစ်သည်။
- **ဘေးအန္တရာယ်ရှိသောအလုပ်လုပ်နေရသည့်ကလေးလုပ်သား**သည် ရှည်လျားခက်ခဲပင်ပန်းသော အလုပ်ချိန်များ တွင် လုပ်ရခြင်းများအပါအဝင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှု

[၈] အိမ်အလုပ်လုပ်ခြင်းများ သို့မဟုတ် မိသားစုအတွက် အိမ်မှုဝေယျာဝစ္စများ ကူညီလုပ်ကိုင်ပေးခြင်းများကို စစ်တမ်းအတွင်း အလုပ်လုပ်နေသည့် ကလေး များခန့်မှန်းရာတွင် မထည့်သွင်းခဲ့ပါ။

ရေး သို့မဟုတ် စိတ်ဓာတ်ပိုင်းဆိုင်ရာများ ဘေးအန္တရာယ်ဖြစ်စေမည့် အလုပ်များတွင်လုပ်နေရသည့် ကလေးများကိုဆိုလိုသည်။

- မြန်မာနိုင်ငံတွင် **ပေါ့ပါးသည့် အလုပ်** နှင့်ပတ်သက်သည့် သီးသန့်စည်းမျဉ်းဥပဒေ မရှိပါ။

အထက်ပါ အမျိုးအစားများ အားလုံးတွင်ပါဝင်နေသည့် ကလေးများအတွက် နိုင်ငံတွင်းရှိ အဓိကမူဝါဒမှာ ကျောင်းတက်ရန်အတွက်အခွင့်အလမ်းများကို အတားအဆီးဖြစ်စေခြင်းကြောင့် သင့်လျော်သောစာသင်ကြား လေ့လာမှုတွင် အနှောင့်အယှက်ဖြစ်စေသော အလုပ်များလုပ်ရခြင်း၊ သို့မဟုတ် အချိန်မတိုင်မီကျောင်းထွက်ရခြင်း၊ ကျောင်းတက်ခြင်းနှင့် အလုပ်လုပ်ခြင်းကိုပေါင်းစည်းလိုက်ခြင်းကြောင့် စာသင်ကြားမှုကို စိတ်မဝင်စား ဥပေက္ခာပြုခြင်းများဖြစ်သွားစေနိုင်သည်။ ထို့ကြောင့် ကလေးလုပ်သားများကိုဖြည်းဖြည်းချင်းလျော့နည်းပပျောက်သွားအောင် ဆောင်ရွက်သင့်သည်။

၂၀၁၆ ခုနှစ်တွင်စက်ရုံများအက်ဥပဒေ၊ဆိုင်များနှင့်အလုပ်ရုံများဆိုင်ရာအက်ဥပဒေပြင်ဆင်ချက်အရ အနိမ့်ဆုံး အလုပ်လုပ်နိုင်သည့်အသက်ကို ၁၃ နှစ်မှ ၁၄နှစ်သို့ တိုးမြှင့်သတ်မှတ်ခဲ့သည်။ အသက် ၁၄ နှစ်မှ ၁၆ နှစ်အတွင်း ကလေးများသည် တနေ့လျှင် (၄) နာရီအလုပ်လုပ်ခွင့်ရပြီး အသက် ၁၆ နှစ်မှ ၁၈ နှစ်ကြားကလေးများမှာ အရွယ်ရောက်သူများကဲ့သို့ အလုပ်လုပ်ခွင့်ပြုသည်။ အသက် (၁၈) နှစ်အောက်ရှိ မည်သည့်ကလေးမဆို ညအချိန်နှင့် အချိန်ပိုများလုပ်ခွင့်မပြုပါ။ အသက် ၁၆ နှစ်အောက်ကလေးများနှင့် အရွယ်ရောက်ပြီးသူများ၏ အလုပ်ကို လုပ်နေသည့် လူငယ်များအတွက် အလုပ်လုပ်ရန် ဆေးထောက်ခံစာလိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် အသက် ၁၈ နှစ်အောက်ကလေးများအတွက် တားဆီးပိတ်ပင်ထားသော ဘေးအန္တရာယ်ရှိသောအလုပ် စာရင်းမရှိသေးပါ။ အစိုးရသည် ILO ၏အကူအညီဖြင့် အလုပ်သမား၊ အလုပ်ရှင် အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ကာ မြန်မာနိုင်ငံရှိ ဘေးအန္တရာယ်ရှိသောအလုပ်များစာရင်းကို သတ်မှတ်ရန်လုပ်ဆောင်လျက်ရှိပါသည်။

## ၃. ကမ္ဘာလုံးဆိုင်ရာ ကလေးလုပ်သားနှင့် ပတ်သက်သည့် အချက်အလက်များ[၆]

- ၂၀၁၂ တွင် ကမ္ဘာပေါ်၌ အသက် ၁၈ နှစ်အောက်ကလေးလုပ်သား (၁၆၈) သန်းနီးပါးခန့်ရှိသည်။ ဤအသက်အရွယ်ရှိသည့် ကလေးအားလုံး၏ ၁၀% ရှိသည်။ ထိုကလေးများထဲတွင် အသက် ၅ နှစ်မှ ၁၄ နှစ် အရွယ် ကလေး သန်း ၁၂၀၊ ၇၂% နှင့် အသက် ၁၅ မှ ၁၇ နှစ် ကလေး ၄၇သန်း၊ ၂၈% ရှိသည်။
- ထိုကလေးလုပ်သားများထဲမှ ၈၅ သန်းကျော်သည် ဘေးအန္တရာယ်ရှိသောအလုပ်များတွင် ဝင်ရောက်လုပ်ကိုင်နေ ကြပြီး အဆိုးဝါးဆုံးပုံစံဖြင့်လုပ်နေရသည့် ကလေးလုပ်သားများမှာ စာရင်းအင်းစစ်တမ်းကို ပမာဏကြီးမားစွာ ကောက်ယူထားသည့် အချက်အလက်များတွင်သာ တိုင်းတာနိုင်မည်ဖြစ်သည်။ ဆိုလိုသည်မှာ အသက် ၁၈ နှစ်အောက်ရှိ ကလေးလုပ်သားစုစုပေါင်း၏ တစ်ဝက်ကျော်သည် ၂၀၁၂ ခုနှစ်တွင် ဘေးအန္တရာယ်ရှိသော အလုပ်များ၌လုပ်နေကြသည်။ ထိုဘေးအန္တရာယ်ရှိသည့်အလုပ်များတွင်လုပ်နေသည့် ကလေးများထဲမှ ၃၇ သန်းကျော် သည် အသက် ၅ နှစ် မှ ၁၄ နှစ်အတွင်းရှိပြီး (၄၄%) အသက် ၁၅ မှ ၁၇ နှစ် အရွယ်များမှာ ၄၇ သန်းကျော် ရှိသည် (၅၆% နီးပါး)။

---

[၆]Global Child Labour Trends 2008-2012 (ILO: Geneva, 2013).

- ၂၀၁၂ တွင်တွေ့ရသည့် ထို ၁၆၈ သန်းသောကလေးလုပ်သားများတွင် မိန်းကလေး ၄၁% ရှိပြီး ၅၉% မှာ ယောက်ျားလေးများဖြစ်သည်။ ဘေးအန္တရာယ်ရှိသောအလုပ်လုပ်နေသည့် ကလေး လုပ်သားများမှ ၃၅.၅% မှာ မိန်းကလေးများဖြစ်ပြီး ၆၄.၅% မှာယောက်ျားလေးများ ဖြစ်သည်။ ထိုအချက်သည် တိုင်းတာရရှိနိုင်မှု၊ ကလေးလုပ်သားပုံစံများကြောင့် ယောက်ျား လေးများကို ပိုမိုမြင်တွေ့နေရသည်ကို ညွှန်ပြနေပြီး မမြင်ရသည့် အလုပ်အကိုင်များ၊ကဏ္ဍ များရှိ ကလေးများကိုမူ တိုင်းတာရန်ခက်ခဲနေဆဲပင်ဖြစ်သည်။
- ကျေးလက်ဒေသရှိအလုပ်လုပ်နေသောကလေးအများစုမှာ စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင် လျက်ရှိနေပြီး ဝန်ဆောင်မှုနှင့် ထုတ်လုပ်ရေးလုပ်ငန်းများတွင်လည်းလုပ်ကိုင်ကြသည်။
- ကလေးလုပ်သားများသည်ရှည်လျားပင်ပန်းသောအလုပ်ချိန်များဖြင့်အလုပ်လုပ်ကြရသည်။
- အလုပ်လုပ်နေသည့်ကလေးအများစု အထူးသဖြင့် ကျေးလက်ဒေသများမှကလေးများမှာ လုပ်ခမရသော မိသားစု အလုပ်သမားများဖြစ်သည်။
- လုပ်ခရသောကလေးလုပ်သားများမှာ ပုံမှန်နှုန်းထားထက် နည်းပါးပြီး လုပ်ခသည်လည်း ၎င်းတို့၏ အသက်အရွယ်နှင့် ကျားမကွဲပြားမှုအပေါ်မူတည်၍ အပြောင်းအလဲရှိသည်။ နိုင်ငံ တော်တော်များများနှင့်အလုပ်တော်တော်များများတွင်မိန်းကလေးများ၏လုပ်ခမှာယောက်ျား လေးများထက်နည်းပါးသည်။
- ကလေးအများစုမှာ ညနေခင်း သို့မဟုတ် ညပိုင်းအချိန်များတွင်လည်း အလုပ်လုပ်နေကြရ သည်။ အိမ်အကူ အဖြစ်လုပ်နေကြသည့် မိန်းကလေးတော်တော်များများမှာ အလုပ်ရှင် မိသားစု၏အလုပ်များကိုညအထိအောင်လုပ်ကိုင်ပေးကြရပြီးလိင်ပိုင်းဆိုင်ရာနှောက်ယှက်မှု နှင့် ခေါင်းပုံဖြတ်မှုများအပါအဝင် အမျိုးမျိုးသော နှိပ်စက် စော်ကားမှုများကို ခံစားကြရသည်။
- တခါတရံကလေးများမှ ငွေကြေးအတွက်ရောင်းချခံရခြင်း သို့မဟုတ် အကြွေးဆပ်ရန်အလုပ် လုပ်ရခြင်းများ လည်းရှိပြီး ကျွန်ပြုခံရခြင်းများလည်း ရှိနေဆဲဖြစ်သည်။
- နှစ်စဉ်နှစ်တိုင်း ကလေးများကျောင်းတက်သည့်နှုန်းမှာ သိသာစွာပင်ကျဆင်းလျက်ရှိပြီး အရွယ်မတိုင်ခင် အလုပ်လုပ်ရသည်များဖြင့် အဆုံးသတ်ကြသည်။

## ၄. မြန်မာနိုင်ငံရှိ ကလေးလုပ်သားဆိုင်ရာ အချက်အလက်များ [၁၀]

- အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်းရှိ ကလေးအားလုံး၏ ၁၀% ကျော်မှာ အလုပ်လုပ်နေသည့် ကလေးများဖြစ် သည်။ ကလေးလုပ်သားများသည် ကလေးအရေအတွက်စုစုပေါင်း၏ ၉% ကျော်ရှိပြီး ဘေးအန္တရာယ်ရှိသော အလုပ်တွင် လုပ်နေကြသည့် ကလေးလုပ်သားမှာကလေး စုစုပေါင်း၏ ၅% ရှိသည်။
- စီးပွားရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေကြသည့် ကလေးများတွင် အလုပ်လုပ် နေသည့် ကလေး ၁၀ ယောက်တွင် ၉ ယောက်မှာ ကလေးလုပ်သားများဖြစ်ကြသည် (၁,၁၂၅,၆၆၁ သို့မဟုတ် ၈၈%)။ ယောက်ျားလေး ၅၃% (၆၀၁,၄၇၁) ရှိပြီး မိန်းကလေးမှာ ၄၇% (၅၂၄,၁၉၀) ရှိသည်။
- ကလေးလုပ်သားများထဲမှဘေးအန္တရာယ်ရှိသောအလုပ်လုပ်နေသည့်ကလေးများမှာကလေး လုပ်သားအားလုံး ၏ ၅၅% နီးပါး (၅၄.၈% သို့မဟုတ် ၆၁၆,၈၁၅) ရှိသည်။ ထိုအလုပ်လုပ် နေသည့် ယောက်ျားလေးမှာ ၅၅% (၃၃၇၃၁၈) ရှိပြီး ၄၅% (၂၇၉,၄၇၉) မှာ မိန်းကလေးများ ဖြစ်သည်။

[၁၀] မြန်မာ : ၂၀၁၅ ကလေးလုပ်သားဆိုင်ရာအဓိကအချက်များနှင့်စာရင်းအင်းများ၊ MOLIP, CSO, ILO (ILO: Yangon, 2016); မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် စာသင်ကျောင်းမှအလုပ်သို့ အကူးအပြောင်း စစ်တမ်း၊ ၂၀၁၅၊ အနှစ်ချုပ်ဖော်ပြချက်အစီရင် ခံစာ၊MOLIP,CSO, ILO (ILO: Yangon, 2016);

- ကလေးလုပ်သားများ၏ လေးပုံသုံးပုံ (၇၃% သို့မဟုတ် ၈၂၀,၆၆၆)မှာ ၁၅နှစ်မှ ၁၇နှစ်ဖြစ်ပြီး လေးပုံတစ်ပုံမှာ (၂၅% သို့မဟုတ် ၂၈၃,၀၆၀)မှာ အသက် ၁၂ နှစ်မှ ၁၄ နှစ်အတွင်းဖြစ်သည်။ ကလေးလုပ်သား၏ ၂% (၂၁,၉၃၅) သည်သာ အသက် ၅ နှစ်မှ ၁၁ နှစ်အတွင်းဖြစ်သည်။
- အလုပ်လုပ်နေသည့် ကလေးလုပ်သားအများစုကို ကျေးလက်ဒေသများတွင်တွေ့ရသည်။ ကလေးလုပ်သား၏ ၈၀% (၉၀၃,၆၈၃) မှာ ကျေးလက်ဒေသတွင်ရှိပြီး မြို့ပြတွင်ရှိသည့် ကလေးလုပ်သားမှာ ၂၀% (၂၂၁,၉၇၈) ဖြစ်သည်။
- ကလေးများကို အလုပ်ခန့်ထားသည့် အဓိကလုပ်ငန်းကဏ္ဍမှာ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်း (၆၀.၅%) တို့ဖြစ်ပြီး ထုတ်လုပ်ရေး (၁၂%) ရိုက္ကာကုန်သွယ်ရေး (၁၁%) နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ (၆%) ဖြစ်သည်။
- မြန်မာနိုင်ငံရှိအလုပ်လုပ်နေသောကလေးများရင်ဆိုင်တွေ့ကြုံရသည့် အဓိကဘေးအန္တရာယ်များမှာ အလုပ်လုပ်နေသည့် ကလေး ၄၀% ခံစားကြရသည့် ဖုန်မှုန့် အခိုးအငွေ့များ၊အန္တရာယ်ရှိသည့် ကိရိယာတန်ဆာပလာများကိုင်တွယ်ရခြင်း ၁၆.၅%၊ အလွန်ပူခြင်း သို့မဟုတ် အေးခြင်း ၁၁.၃%၊ ဓာတုဗေဒပစ္စည်းများ နှင့်ပိုးသတ်ဆေးများ ၉.၅% တို့ဖြစ်သည်။အလုပ်လုပ်နေသည့် ကလေးများတွေ့ကြုံနေရသည့် အားလုံး၏ စုပေါင်းအရေအတွက်သည်အလုပ်ခွင်ဘေးအန္တရာယ်၏ ၈၀% ရှိသည်။ စိုက်ပျိုးရေး၊ သတ္တုတူးဖော်ရေး၊ ထုတ်လုပ်ရေး၊ဆောက်လုပ်ရေးလုပ်ငန်းများသည်ကလေးများ ဖုန်မှုန်နှင့်အခိုးအငွေ့များကိုခံစားကြရသည့်အဓိကလုပ်ငန်းများဖြစ်သည်။
- မြန်မာနိုင်ငံရှိကလေးလုပ်သားများ၏ အလုပ်ချိန်များမှာအလွန်ရှည်လျားသည်။ ၂၀၁၅ စစ်တမ်းတွင် **ကလေးများသည်အလွန်အမင်းရှည်လျားသောအလုပ်ချိန်များ** လုပ်ကြရသည်ကို တွေ့ရှိရသည်။ အလုပ်လုပ်နေသည့် ကလေးများ၏ လေးပုံတစ်ပုံခန့်သည် တပတ်တွင် နာရီ ၆၀ ထက်မနည်းအလုပ်လုပ်နေကြရပြီး တနေ့လျှင် ၈ နာရီထက်ကျော်သည်။ အခြားသုံးပုံတစ်ပုံသည် ၅၀ မှ ၅၉ နာရီထိလုပ်ကြရပြီး ကျန်လေးပုံတစ်ပုံမှာ ၄၀ မှ ၄၉ နာရီ ဖြစ်သည်။ ၈ နာရီထက်လုပ်ရသော ကလေးများအရေအတွက်တွင် မိန်းကလေးသည် ယောက်ျားလေးထက်ပိုများသည်။ တပတ်တွင်းအလုပ်ချိန်မှာ မြို့ပြနေမိန်းကလေးများသည် ပိုမိုရှည်လျားပြီး (၅၇.၅ နာရီ) ယောက်ျား လေးများမှာမူ (၅၀.၉ နာရီ) သာရှိသည်။ ကျေးလက်မိန်းကလေးများသည် (၅၁.၂ နာရီ) ရှိပြီး ကျေးလက်နေ ယောက်ျားလေးများမှာ (၅၁ နာရီ) ရှိသည်။
- အလုပ်လုပ်သောမိန်းကလေးနှင့် ယောက်ျားလေးများ၏ လုပ်ခလစာနှင့်ပတ်သက်၍ အရွယ်ရောက်သူများ လုပ်နေသည့်အလုပ်ပင် ဖြစ်ပြီး အလုပ်ချိန်လည်းအတူတူပင် ဖြစ်သော်လည်း ကလေးများက လုပ်ခပိုနည်းသည်။ ကလေးများအကြားတွင် ဒေသ သို့မဟုတ် တည်နေရာ၊ နေ့စား/လခစား စသည်တို့ကို မတွက်ဘဲဆိုရလျှင် ယောက်ျားလေးများက မိန်းကလေးများထက် ပိုရသည်။

## ၅. မိန်းကလေး ကလေးလုပ်သား

အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခံနေရသော ကလေးလုပ်သားများဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၈၂ တွင် ILO အဖွဲ့ဝင်နိုင်ငံများ၌ မိန်းကလေးများ၏ အခြေအနေကိုထည့်သွင်းစဉ်းစားရန်ဖော်ပြထားသည်။ အဘယ်ကြောင့်ဆိုသော် မိန်းကလေးများသည် -

- ယောက်ျားလေးများထက် ပိုမိုငယ်ရွယ်သောအသက်တွင် အလုပ်စတင်လုပ်ကြရသည်။
- တူညီသောအလုပ်တွင်ပင် ယောက်ျားလေးများထက် လုပ်ခလစာနည်းပါးသည်။
- လုပ်ခနည်းပြီး အချိန်ကြာသော လုပ်ငန်းကဏ္ဍနှင့် ဒေသများတွင်သာ အထူးပြုလုပ်ကိုင်ကြသည်။

- ဖုံးကွယ်ထားပြီး စည်းမျဉ်းစည်းကမ်းမရှိသော လုပ်ငန်းများတွင်လုပ်ကြရခြင်းဖြင့် ၎င်းတို့ကို ခေါင်းပုံဖြတ် အမြတ်ထုတ်ရန်နှင့် ညှင်းပန်းနှိပ်စက်ခံရရန် ထိခိုက်လွယ်ဖြစ်စေသည်။
- ၎င်းတို့၏ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် လူမှုဖူလုံရေးတို့ကို အလွန်အမင်းအန္တရာယ် ဖြစ်စေမည့် လုပ်ငန်းများတွင် လုပ်ကိုင်ကြရသည်။
- ပညာသင်ကြားမှုကို မရရှိခြင်း သို့မဟုတ် အိမ်အလုပ်၊ ကျောင်းအလုပ်နှင့် စီးပွားရေးအလုပ် စသည့် တာဝန်သုံးခုကို ထမ်းကြရသည်။

## ၆. အိမ်အကူကလေးလုပ်ငန်း

အိမ်အကူကလေးအလုပ်သည် ကလေးများအတွက် အလွန်ရေပန်းစားသော၊ ယခင်ကတည်းက ထုံးတမ်းစဉ်လာရှိသော အလုပ်ပုံစံများဖြစ်ပြီး အထူးသဖြင့် မိန်းကလေးများအတွက်ဖြစ်သည်။ ဓလေ့ထုံးစံများစွာတွင် မိမိအိမ်ထောင်စုတာဝန်တွင် မိန်းကလေးများ၏အလုပ်သည် မရှိမဖြစ်ဖြစ်ပြီး မိသားစုကူရန်လိုအပ်သည်ဟု မြင်နေကြဆဲဖြစ်သည်။ ဆင်းရဲနွမ်းပါးသော မိသားစုများသည် အခြားသောအလုပ်နေရာများတွင် အလုပ်လုပ်သည်ထက် မိမိတို့၏ သမီးမိန်းကလေးကိုပုဂ္ဂလိက အိမ်ထောင်စုများ သို့မဟုတ် မိသားစု စီးပွားရေးလုပ်ငန်းများတွင် အလုပ်လုပ်သည်က ပိုကောင်း သည်ဟု ယူဆကြသည်။ မြို့ပြရှိမိသားစုများသည် တခါတရံ မိသားစု၊ မိတ်ဆွေသူငယ်ချင်း သို့မဟုတ် အခြားသော အဆက်အသွယ်များမှတဆင့် ကျေးရွာများမှ ကလေးများကို ခေါ်ယူ ခန့်ထားကြပြီး ကလေးငယ်၏ကြီးပြင်းလာမှုကို သူ၏လုပ်အားဖြင့် လဲလှယ်ကြည့်ရှုပြီး ကလေးနှင့် ကလေးမိဘများကိုလည်း အကူအညီပေးရာရောက်သည်ဟု ယူဆကြသည်။

အိမ်အကူကလေးများ၏ နေထိုင်လုပ်ကိုင်မှုအခြေအနေများသည် ရံဖန်ရံခါ ပြင်းထန်ကြမ်းတမ်းပြီး အဓမ္မလုပ်သား သို့မဟုတ် အကြွေးဖြင့်ချည်နှောင်ပေးဆပ်ရခြင်း၊ ထိုအတူ လိင်လုပ်သား၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရခြင်း အစရှိသည့် ကျွန်ပြုခိုင်းစေမှုပုံစံများနှင့်ကြုံတွေ့ကြရသ ည်။ အိမ်အကူကလေးလုပ်သားတစ်ဦးသည် အလုပ်ရှင် မိသားစု အပေါ်တွင် အလုံးစုံမှီခိုရသည့် အနေအထားသို့ရောက်ရန် အလွန်လွယ်ကူပြီး တခါတရံ ပညာဆက်လက်သင်ကြားရန် သို့မဟုတ် သင်တန်းတက်ရောက်ရန် ခွင့်ပြုခံရခြင်းများပင်ရှိသည်။ အိမ်အကူလုပ်ငန်းများတွင် ကလေးလုပ်သားများ ကိုအတွေ့ရများသည်။ ကလေးများ၏ အသိပေးချက်အရ သူတို့သည် အလွန်ရှည်ကြာစွာအလုပ်လုပ်ကြရပြီး အကြွင်းအကျန် များစားသောက်ရခြင်း၊ လုပ်ခနည်းနည်း သာရခြင်း သို့မဟုတ် လုံးဝမရခြင်း၊ ကြမ်းပြင်ပေါ်တွင် အိပ်ရခြင်း ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်မှုများကို ခံကြရခြင်း၊ ခြံဝန်းအတွင်းမှ မထွက်ရခြင်း၊ နီးစပ်သည့် မိသားစုဝင်များနှင့် ခွဲခွာ နေထိုင်ရခြင်း၊ သက်တူရွယ်တူ ကလေးများကဲ့သို့ ကျောင်းတက်ရခြင်း သို့မဟုတ် ကစားရ ခြင်းများ မရှိသလောက် ဖြစ်သည်။ ကလေးအိမ်အကူ အများစုမှာ အသက် ၁၂ နှစ် မှ ၁၇ နှစ်ကြားဖြစ်သော်လည်း စစ်တမ်းတွင်တွေ့ရှိချက်အရ အသက် (၅) နှစ် (၆) နှစ်ကလေးများလည်း ရှိသည်။ အများစုမှာ မိန်းကလေးများဖြစ်သော်လည်း နိုင်ငံတော်တော်များများ တွင် အိမ်အကူအဖြစ် ယောက်ျားလေးများ လုပ်ကိုင်ကြသည်လည်းရှိသည်။

မြန်မာနိုင်ငံတွင်လတ်တလော ကလေးအိမ်အကူအဖြစ်လုပ်ကိုင်နေသည်နှင့်ပတ်သက်၍ သတင်း အချက်အလက် အနည်းငယ်သာသိရှိရသော်လည်း ကျယ်ပြန့်စွာဖြစ်ပေါ်နေပြီး ဖြစ်ဟန်ရှိသည်။ အိမ်အကူကလေးအလုပ်ကိုကလေးသူငယ်ဥပဒေနှင့် အလုပ်သမားအဖွဲ့အစည်းဥပဒေများအ တွင်း၌သာရည်ညွှန်းဖော်ပြထားပြီး အခြားသော အလုပ်သမားဥပဒေများတွင် မတွေ့ရှိရသောကြောင့် ဥပဒေအရအကာအကွယ်ပေးနိုင်မှု အတိုင်းအတာမှာ အကန့်အသတ်ရှိသည်။ ကလေးသူငယ်ဥပဒေ အခန်း ၂၄ တွင် အလုပ်လုပ်ချိန်တိကျစွာသတ်မှတ်ထားပါပြီး (၄ နာရီဟု ယူဆနိုင်ပြီး အနိမ့်

အဆုံးအသက်ကန့်သတ်ချက်ဝင်ပါ) အားလပ်ချိန် (အတိအကျထပ်မံဖော်ပြထားခြင်းမရှိ သလို အချိန်အတိုင်းအတာကိုလည်း ရည်ညွှန်းထားခြင်းမရှိ) လည်းရှိပါက အသက် (၁၆) နှစ်အောက် ကလေးများကို အိမ်အကူအဖြစ်အလုပ်လုပ်ခွင့်ပြုကြောင်းဥပဒေတွင် ပြဋ္ဌာန်းထားသည်။ အသက် ၁၆ နှစ်မှ ၁၈ နှစ်အတွင်း ကလေးများ သည့်မည်သည့် အခြေအနေနှင့် အကာအကွယ်များ မရှိဘဲ အိမ်အကူအဖြစ်လုပ်နိုင်သည်။

အိမ်အကူအလုပ်မှ ကလေးလုပ်သားများနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက အကျဉ်းချုပ်မှတ်စု ကလေးများနှင့် အရွယ်ရောက်ပြီးသူများအတွက် အိမ်အကူလုပ်ငန်း လေ့ကျင့်ခန်း ၁၁.၂.၄ တွင် ဖတ်ရှုနိုင်သည်။

### ၇. ကလေးလုပ်သားဖြစ်ရခြင်းအကြောင်းရင်းများ

- **ပညာရေးကို လက်လှမ်းမီမရရှိနိုင်ခြင်း**

ကလေးများကျောင်းဆက်မတက်ဘဲ အလုပ်လုပ်ရသည့်အကြောင်းရင်းများစွာရှိသည်။ နိုင်ငံတော် တော်များများရှိ အခြေခံပညာရေးသည် အခမဲ့မဟုတ်ဘဲ ကလေးအားလုံးအတွက် ရရှိနိုင်မှု လည်းမရှိကြပေ။ စာသင်ကျောင်းများရှိလျှင်လည်း ပညာရေးအရည်အသွေးသည် ညံ့ဖျင်းခြင်း၊ ပါဝင်သည့်သင်ခန်းစာများသည် သင့်လျော်မှန်ကန်မှု မရှိခြင်းများ ဖြစ်တတ်သည်။ ပညာရေးကို မတတ်နိုင်ခြင်း သို့မဟုတ် မိဘ/ကလေးများကိုယ်တိုင်က ပညာရေး သည်တန်ဖိုးမရှိ ဟုယူဆသည့် အခြေအနေမျိုးတွင် ကလေးများမှာ စာသင်ကျောင်းထက် အလုပ်ခွင်သို့သာ ပိုမို ရောက်ရှိကြသည်။ ယင်းသည် ကလေးသူငယ်များကို ဆင်းရဲနွမ်းပါးမှု ပိုမိုဖြစ်ပေါ်စေပြီး ထုံးတမ်းစဉ်လာအရ လူမှုစီးပွားရေးချို့တဲ့ပြီး ဖယ်ကျဉ်ခံရသည့်အုပ်စုများတွင်သာ ရှိနေစေမည်ဖြစ်သည်။ ရလဒ်အနေဖြင့် ကလေးလုပ်သား အဖြစ်ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းကို လွယ်လင့်တကူခံကြရသည်။

- **ဆင်းရဲနွမ်းပါးမှု**

ဆင်းရဲနွမ်းပါးမှုသည် ကလေးများမဖြစ်မနေအလုပ်လုပ်ကြရသည့် အကြောင်းရင်းဖြစ်သည်။ဆင်းရဲသော အိမ်ထောင်စုများသည်ဝင်ငွေလိုအပ်ပြီး ကလေးများသည်လည်း မိသားစုဝင်ငွေကို ၂၀မှ ၂၅% ခန့်(လေးပုံတပုံ) ခန့်ပါဝင်ကြရသည်။ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများသည် ၎င်းတို့၏ဝင်ငွေကို အစားအသောက်အတွက် သုံးစွဲကြရသောကြောင့် အလုပ်လုပ်နေသည့်ကလေး၏ဝင်ငွေသည် ၎င်းတို့ ရှင်သန်ရပ်တည်ရေးအတွက် အရေးပါသည်။ ထို့သို့ မပြောနိုင်သော်လည်း ဆင်းရဲနွမ်းပါးမှုသည် ကလေးလုပ်သားကိုဖြစ်စေသည့် အကြောင်းရင်းသာဖြစ်သည်။ ပုံစံများစွာခြားနားသည်။ ဆင်းရဲသော မိသားစုတော်တော်များများတွင် တချို့ကလေးများသည် သီးသန့်ခွဲထွက်ပြီး အတန်းတက်လိုကြသည်များလည်းရှိသည်။ ထိုနည်းတူစွာ နိုင်ငံတွင်း ဆင်းရဲသောဒေသတစ်ခုတွင် ကလေးလုပ်သားအများအပြား ထွက်ပေါ်သော်လည်း အခြားဆင်းရဲ သည့်ဒေသတွင်မူ ထွက်ပေါ်ချင်မှထွက်ပေါ်မည်ဖြစ်သည်။ တန်းတူဆင်းရဲသောနိုင်ငံများသည် လည်း ကလေးလုပ်သားဖြစ်ပွားမှု အတော်အတန် မြင့်မားခြင်း/ နည်းပါးခြင်းများရှိပေမည်။ကလေးလုပ်သား သည် ဆင်းရဲနွမ်းပါးမှုကို တည်မြဲစေပြီး ကျွမ်းကျင်မှုအရည်အချင်းမရှိသော အရွယ်ရောက်ပြီးသူများ ဖြစ်လာကာ သူတို့၏ကလေးများကိုလည်း အလုပ်ခွင်သို့တဖန်ပြန်လွှတ်ကြသည်။

- **ထုံးတမ်းအစဉ်အလာ**

မြန်မာနိုင်ငံရှိကလေးများသည် သူတို့၏ မိသားစုနှင့် မိဘများကို ထောက်ပံ့ကူညီရန် အားပေးတိုက်တွန်းခြင်းခံကြရသည်။ တချို့သောနေရာများတွင် ကလေးများသည် မိဘခြေရာလိုက်နင်း ရမည် ထုံးစံပင်ရှိသည်။ သားရေ နယ်လုပ်ငန်းကဲ့သို့ ဘေးအန္တရာယ်ရှိသော အလုပ်ကို မိသားစုမှ လုပ်ကိုင်သည့် ထုံးစံရှိပါက သားသမီးများသည် လည်းထိုလုပ်ငန်းကိုသာ ဆက်လက်လုပ်ကိုင်မည့် အနေအထားဖြစ်သည်။ ပုတ်ပြတ်ပေးသည့် လုပ်ငန်းများနှင့် စိုက်ခင်းများတွင် ကလေးများသည် အခြားမိသားစုဝင်များကို ဝိုင်းကူရန် မကြာခဏအခေါ်ခံရသည်။ ယင်းသည် ဆောက်လုပ်ရေး၊ စိုက်ပျိုးရေးနှင့် အိမ်အခြေပြုလုပ်ငန်းများတွင် အဖြစ်များသည်။

- **ကလေးလုပ်သား တောင်းဆိုမှု**

ကလေးများသည် အရွယ်ရောက်ပြီးသူများထက်စာလျှင် စျေးသက်သာပြီး အကာအကွယ်နှင့် အထောက်အပံ့များရရှိရန် ကိုယ်တိုင်မစီမံနိုင်ဘဲ ကျိုးနွံလိုက်နာတတ်သော လုပ်သားအင်အား ရရှိသည့်အတွက် အလုပ်ရှင်များမှ ကလေးများကို ငှားရမ်းရသည်ကို ပိုမိုနှစ်ခြိုက်ကောင်း နှစ်ခြိုက်ပေမည်။ထို့ကြောင့်ဖြေရှင်းရန်နည်းလမ်းတစိတ်တပိုင်းအနေဖြင့်ကလေးငယ်များထံမှစီးပွားရေးအရခေါင်းပုံဖြတ်အကျိုးအမြတ်ရနေသူများကို ၎င်းတို့ လုပ်ဆောင်နေသည်များအားရပ်တန့်ခိုင်းခြင်းနှင့် သက်ရောက်ခံစားရသည့် ကလေးငယ်နှင့် သူတို့၏ မိသားစုများ ပြန်လည်ထူထောင်ရေးနှင့် ထောက်ပံ့ရေးကို လိုက်နာဆောင်ရွက်ခိုင်းခြင်းများ ရည်ရွယ်လုပ်ဆောင်နိုင်သည်။

ကလေးလုပ်သားဖြစ်ရခြင်းအကြောင်းအရင်းများ သုတေသနအရ ထောက်ပံ့ရေးဆိုင်ရာ အချက်အလက်များ အပေါ်တွင် အခြေခံပြီး အဓိကအားဖြင့် ထိုသို့ဖြစ်ပေါ်စေသည့် တွန်းအားပေးမှုမှာ ဆင်းရဲနွမ်းပါးမှုဖြစ်သည်။ သို့သော် ကလေးလုပ်သားများ၏ လိုအပ်သောတောင်းဆိုမှုသည်ကိုလည်း ထည့်သွင်းစဉ်းစားရန်လိုသည်။ "အဘယ်ကြောင့် အလုပ်ရှင်များ ကလေးလုပ်သားများကို ငှားရမ်း ပါသလဲ"အပြောအများဆုံးဖြေရှင်းချက်မှာ စားရိတ်သက်သာခြင်း နှင့် ကလေးများသည် သွက်လက်ချက်ချာမှုရှိခြင်း အစရှိသည့် အရည်အချင်းများကြောင့်ဖြစ်သည်။ အမှန်တကယ်တွင် ထိုအချက်များမှာလည်း ရေရှည်တည်တံ့မှုမရှိကြောင်း ကမ္ဘာအနှံ့သုတေသနပြုလုပ်ပြီး သက်သေထူရန်လိုအပ်သည်။

ကလေးများကိုငှားရမ်းရသည့် အဓိက အကြောင်းရင်းများမှာ စီးပွားရေးကြောင့် ဖြစ်ဟန်မရှိပေ။ အခြေခံအားဖြင့် ကလေးများသည် သူတို့၏ အခွင့်အရေးကို မသိခြင်း၊ ဒုက္ခနည်းခြင်း၊ ပို၍ကျိုးနွံခြင်း၊ ပို၍ ယုံကြည်စိတ်ချရခြင်း နှင့် အလုပ်ခွင်မှ ပျက်ကွက်မှုနည်းပါးခြင်း စသည့် အချက်များအရ ထိန်းသိမ်းရန်ပိုမိုလွယ်ကူခြင်းကြောင့် ဖြစ်သည်။

- **ကလေးငယ်များအပေါ်တွင် အလုပ်၏ သက်ရောက်မှုများ**

ကလေးများသည် အရွယ်ရောက်ပြီးသူများနှင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာတည်ဆောက်မှုများကွဲပြားသောကြောင့် အရွယ်ရောက်သူများထက်စာလျှင် တချို့သောအလုပ်ဘေးအန္တရာယ်များ၏ တန်ပြန်သက်ရောက်မှုကို ပိုမိုခံစား ရပြီး ခံနိုင်ရည်လည်းပို၍နည်းပါးသည်။ အဘယ့်ကြောင့်ဆိုသော် ကလေးများသည် စိတ်ဓာတ်ပိုင်းဆိုင်ရာအရ မရင့်ကျက်ကြသကဲ့သို့ အလုပ်ခွင်အတွင်း ဖြစ်လာနိုင်ချေရှိသည့် ထိခိုက်မှုဘေးများကိုလည်း သတိပြုမိခြင်း နည်းပါးသည်။

ကလေးများ၏ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဘေးအန္တရာယ်ရှိသောအလုပ်များမှ သက်ရောက်ခံရခြင်းသည် ကြီးစွာသောထိခိုက်ပျက်စီးမှုကို ဖြစ်စေနိုင်သည်။ အလေးအပင်များ သယ်မခြင်း၊ အလုပ်ခွင်အတွင်း သဘာဝမကျသော အနေအထားများဖြင့် အတင်းအကြပ်လုပ်ကြရခြင်း အစရှိသည့် ရုပ်ပိုင်းဆိုင်ရာ အပြင်းအထန် သက်ရောက်မှုများကြောင့် ခန္ဓာကိုယ်ထာဝရပုံပျက်သွားခြင်း သို့မဟုတ် မသန်မစွမ်းဖြစ်သွားခြင်းများကို ဖြစ်စေနိုင်သည်။ ကလေးငယ်များသည် အရွယ်ရောက်ပြီးသူများနှင့်နှိုင်းစာလျှင် ဓာတုဗေဒ ဘေးအန္တရာယ်များနှင့် ဓာတ်ရောင်ခြည်များအန္တရာယ်ကို ပိုမိုခံစားကြရကြောင်း အထောက်အထားများရှိပြီး ရောဂါများကို ခံနိုင်ရည်လည်းပိုမိုနည်းပါးသည်။

ကလေးငယ်များသည် အရွယ်ရောက်ပြီးသူများနှင့် နှိုင်းစာလျှင် ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာနှင့် ခံစားမှုဆိုင်ရာများတွင် ပို၍ထိခိုက်လွယ်ပြီး မတရားဝေဖန်ရှုတ်ချခံရသော၊ ဖိနှိပ်ခံရသော ပတ်ဝန်းကျင်တွင်နေထိုင်အလုပ်လုပ်ရခြင်းဖြင့်စိတ်ဓာတ်ပိုင်းဆိုင်ရာထိခိုက်မှုများကိုအကြီးအကျယ်ပိုမိုခံစားကြရသည်။ ထိုအချက်သည် အလွန်ငယ်သေးသူများနှင့်မိန်းကလေး များအတွက် အထူးတလည်မှန်ကန်သောအချက်ဖြစ်သည်။မိန်းကလေးများနှင့်အမျိုးသမီးများ၏နိမ့်ပါးသည့်အနေအထားများနှင့် မိဘများသည်လည်း သားယောကျ်ားလေးကို ပို၍တန်ဖိုးထားသောကြောင့် ယေဘုယျအားဖြင့် မိန်းကလေးများသည် လုပ်အားနှင့်လူ့အခွင့်အရေး ဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းများကို ပို၍ခံကြရသည်။ မိန်းကလေးများသည် ယောကျ်ားလေးများထက် ပိုမို၍ အကာအကွယ်ပေးထားသော ပတ်ဝန်းကျင်တွင်ကြီးပြင်းကြရပြီး ပြင်ပကမ္ဘာနှင့် ထိတွေ့မှုလည်း နည်းပါးသောကြောင့် ကိုယ်ကိုတိုင်စဉ်းစားဆုံးဖြတ်ရသည်ထက် အသက်ကြီးသူများ၏စကားကို ပို၍ လိုက်နာကြရတတ်သည်။

ခန္ဓာကိုယ်ကို ထိခိုက်စေသော အလုပ်များလုပ်ရပါက ဇီဝဗေဒအန္တရာယ်များသည် မိန်းကလေး၊ ယောကျ်ားလေး နှစ်မျိုးလုံးအတွက် ခံစားရနိုင်ချေမြင့်မားသည်။ ဥပမာအားဖြင့် အရွယ်မရောက်ခင်လိင်ဆက်ဆံရန်အတွက် အဓမ္မခိုင်း စေခံရသည့် မိန်းကလေး၊ ယောကျ်ားလေးများသည် HIV၊ AIDS တို့ကဲ့သို့ လိင်မှတဆင့် ကူးစက် တတ်သောရောဂါများ ကူးစက်ခံစားရနိုင်ချေရှိသည်။

လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး ကျွမ်းကျင်သူများသည် အန္တရာယ်အရှိ ဆုံးအလုပ်အကိုင်များအကြားတွင် စိုက်ပျိုးရေးကဏ္ဍ ကလေးလုပ်သားရာခိုင်နှုန်း အမြင့်မားဆုံးဖြစ်သည်ဟု သုံးသပ်သည်။ ရာသီဥတုဒဏ်ကို ထိတွေ့ခံစားရမှု၊ ငယ်ရွယ်သည့် ခန္ဓာကိုယ်အတွက် အလွန်လေးလံသောဝန်များ၊ ချွန်ထက်သည့် အရာများကြောင့် ပြတ်ရှခြင်း စသည့် မတော်တဆမှုများသည် ကလေးငယ်များ တွေ့ကြုံရသည့် အချို့သော ဘေးအန္တရာယ်များဖြစ်သည်။ ခေတ်သစ်စိုက်ပျိုးရေးနည်းစနစ်များတွင် ဘေးအန္တရာယ်များ ပိုမိုထွက်ပေါ်လာသည်။ ဥပမာအားဖြင့် အဆိပ်ပါသော ဓာတုပစ္စည်းများနှင့် စက်တပ်ကိရိယာများဖြစ်သည်။ လယ်ထွန်စက်၊ ကုန်တင်ကားနှင့် လေးလံကြီးမားသည့် အမိုးမဲ့ကားများဖြင့် စိုက်ခင်းများသို့ သယ်ယူပို့ဆောင်ရာတွင် တိမ်းမှောက်ခြင်းများဖြင့် ကလေးအများအပြား မတော်တဆ သေဆုံးကြသည်။

နိုင်ငံတော်တော်များများတွင် ဘေးအန္တရာယ်များနှင့် ကျန်းမာရေးကို ထိခိုက်ခံစားရမှုများသည် ကျန်းမာရေး ဆိုင်ရာ အထောက်အပံ့များနှင့် ပညာရေးကို လက်လှမ်းမီရရှိမှု ညံ့ဖျင်းခြင်း၊ ဆိုးဝါး သော အိမ်ယာနှင့် သန့်ရှင်းရေး၊ အလုပ်သမားများအတွက် လုံလောက်ကောင်းမွန်သော အစားအသောက်မရှိခြင်းတို့ကြောင့် ထပ်ပေါင်းခံစားကြရသည်။ အမျိုးသားအဆင့် အလုပ်သမားဥပဒေများမှာ သမားရိုးကျစီးပွားရေးလုပ်ငန်း၊ ပြည်သူ့ကဏ္ဍနှင့် ကြီးမားသောပုဂ္ဂလိကလုပ်ငန်းကဏ္ဍများထဲမှ အလုပ်သမားများအတွက်သာ အကျုံးဝင် သောကြောင့် စိုက်ပျိုးရေးနှင့် သမားရိုးကျမဟုတ်သောလုပ်ငန်းများမှ အလုပ်သမားများအတွက် အကာအကွယ် ပေးရေးဥပဒေသည်

အကန့်အသတ်ရှိနေသည်။ နိုင်ငံတော်တော်များများတွင် ကလေးများအလုပ်လုပ်ရသည့် နေရာများသည် မိသားစု၏ ထိန်းသိမ်းမှုကဲ့သို့ ဥပဒေဖြင့် ထိန်းသိမ်းခြင်းမရှိသည့်နေရာများဖြစ်သည်။ တရားဥပဒေဖြင့် အကာအကွယ်ပေးထားခြင်းရှိသော်လည်း ကလေးလုပ်သားဥပဒေဖြင့် အရေးယူဆောင်ရွက်ရန်မှာ ခက်ခဲသည်။

**၈. အဘယ်ကြောင့် ကလေးလုပ်သား မရှိသင့်ပါသလဲ။**

- ကလေးလုပ်သားသည် နိုင်ငံတကာဥပဒေ၊ အမျိုးသားဥပဒေများကို ချိုးဖောက်ပြီး ကလေးငယ်အား ထိခိုက်စေ သော၊ အန္တရာယ်ဖြစ်စေသော အလုပ်ဖြစ်သည်။
- ယင်းသည် ကလေးသူငယ်များကို ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေး သို့မဟုတ် စိတ်ဓာတ်ရေးရာအရ အန္တရာယ်ရှိပြီး ဘေးဖြစ်စေသော အလုပ်များနှင့် လုပ်ငန်းများပါဝင်သည်။
- ကလေးလုပ်သားများ၏ကျောင်းတက်ခြင်းကို အဟန့်အတားဖြစ်စေခြင်း သို့မဟုတ်စာသင်ခြင်း၊ အလုပ်လုပ်ခြင်း အစရှိသည့် ဝန်ထုပ်ဝန်ပိုးများစွာကို ထမ်းစေသလိုဖြစ်စေသည်။
- ကလေးလုပ်သားများကို ၎င်းတို့၏မိသားစုများမှ ခွဲခွာပြီး ကျွန်ပြုသလိုဖြစ်သည့်အလုပ်ဖြစ်သည်။
- ကလေးသူငယ်နှင့် သူတို့၏မိသားစုများကို ဆင်းရဲနွမ်းပါးမှုနှင့် တားဆီးပိတ်ပင်မှုများဖြင့် ဆွဲချသလိုဖြစ်စေသည်။
- ရုပ်ပိုင်းဆိုင်ရာနုံးညံ့မှုနှင့်မရင့်ကျက်သေးသောစိတ်ဓာတ်များကြောင့်အလုပ်ခွင်တွင်ကလေးငယ်များသည် အရွယ်ရောက်ပြီးသူများထက် ထိခိုက်မှုဘေးများကို မလွှဲမရှောင်သာကြုံတွေ့ကြရသည်။
- အမျိုးသားအဆင့် စစ်တမ်းများမှတွေ့ရှိရသည်မှာ အလုပ်လုပ်နေစဉ်အတွင်း အလွန်မြင့်မားသည့် ကလေးသူငယ် အချို့သည် ရုပ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊ ပြုတ်ကျခြင်းများကိုခံစားကြရသည်။
- စိုက်ပျိုးရေးကဲ့သို့ စက်ယန္တရားများနှင့် စက်ကိရိယာများပါဝင်သောကဏ္ဍများတွင် ထိခိုက်ဒဏ်ရာမှု အလားအလာမှာ ပို၍များပြားသည်။ စိုက်ပျိုးရေး၊ သတ္တုတွင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများမှာ ကလေးလုပ်သားများအတွက် ထိခိုက်နိုင်ချေ အလွန်မြင့်မားသောလုပ်ငန်းများဖြစ်သည်။

## ■ လေ့ကျင့်ခန်း ၄.၂.၂ အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံရသောကလေးလုပ်သား များမှာ အဘယ်နည်း။

### ရည်ရွယ်ချက်

- အဆိုးရွားဆုံးပုံစံကလေးလုပ်သားများ (WFCL)နှင့် ကလေးငယ်များ မခံစားနိုင်သည့် ဘေး အန္တရာယ်များမှာ မည်သည်တို့ဖြစ်သည်ကို နားလည်စေရန်။
- မည်သည့်ကလေးမဆို အဆိုးရွားဆုံးပုံစံဖြင့် အလုပ်လုပ်ရသည့် ကလေးလုပ်သားတစ်ဦးဖြစ် လာနိုင်ကြောင်း သိမြင်နားလည်လာစေရန်။
- မိန်းကလေး၊ ယောက်ျားလေးများအနေဖြင့် ကလေးလုပ်သား အဆိုးရွားဆုံးပုံစံများ ဖြစ်လာ ပါက ဖြစ်လာမည့် အကျိုးဆက်များကို သတိပြုသိရှိလာစေရန်။

### ဦးတည်အုပ်စု

ကလေးသူငယ်၊ ငယ်ရွယ်သူများနှင့် အရွယ်ရောက်ပြီးသူများ

### ကြာမြင့်ချိန်

၁၂၀ မိနစ်

### ထိုင်ခုံနေရာချထားမှုများ

အဖွဲ့ငါးဖွဲ့ အုပ်စုလိုက် နေရာချထားမှု

### သင်တန်းသုံးပစ္စည်းများ

- ကလေးလုပ်သားများ၏ အခြေအနေပြကတ်ပြား (၅) ကတ် (သင်ထောက်ကူ ၄.၂.၂ က)
- တဖွဲ့လျှင် ဆောင်ရွက်ရန်စာရင်း မိတ္တူ (၅) စုံ (သင်ထောက်ကူ ၄.၂.၂ ခ)
- သင်ထောက်ကူ ၄.၂.၂ ဂ: နှစ်နှစ်ခန့်ကြာပြီးနောက်
- တဖွဲ့ခြင်းစီအတွက် Flipchart များနှင့် မာကာဘောပင်များ
- ကပ်သည့်တိပ်ခွေ

### သင်တန်းအထောက်အကူပြုပစ္စည်း

၄.၂.၂ က : အဆိုးရွားဆုံးပုံစံကလေးလုပ်သားများ၏ အခြေအနေပြကတ်ပြား
၄.၂.၂ ခ : ဆောင်ရွက်ရန်စာရင်း : ထိုကလေးသည် ဘယ်သူလဲ။
၄.၂.၂ ဂ : နှစ်နှစ်ခန့်ကြာပြီးနောက်
အကျဉ်းချုပ်မှတ်စု : ကလေးလုပ်သား: အဓိကဝေါဟာရများ၊ စာရင်းအင်းများ၊ အကြောင်းရင်းများနှင့် သက်ရောက်မှုများ (လေ့ကျင့်ခန်း ၄.၃.၁)
အကျဉ်းချုပ်မှတ်စု : အဆိုးဝါးဆုံးပုံစံ ကလေးလုပ်သားများ

## ဆွေးနွေးပွဲအစီအစဉ်အဆင့်များ[၁၁]

၁. ဘေးအန္တရာယ်ရှိသောကလေးများအလုပ်ကို ဆွေးနွေးရန်အတွက် you tube ဗီဒီယိုကို ကြည့်ရန် - ၁၅ မိနစ်
၂. အဖွဲ့လိုက်လုပ်ဆောင်ခြင်း : ကလေးလုပ်သားများ၏ အခြေအနေများ - ၂၅ မိနစ်
၃. အဖွဲ့လိုက်လုပ်ဆောင်မှုကို တင်ဆက်ပြသခြင်း - မိနစ် ၃၀
၄. ကလေးလုပ်သားဇာတ်လမ်းများ၊ နှစ်နှစ်ခန့်ကြာပြီးနောက် - ၁၅ မိနစ်
၅. အဆိုးရွားဆုံးပုံစံကလေးလုပ်သားများ၏ဘဝများကို ဆွေးနွေးရန် - ၁၅ မိနစ်
၆. ကလေးငယ်များမခံစားနိုင်သည့်အဆိုးဝါးဆုံးပုံစံကလေးလုပ်သားများဖြစ်စေရန် ဘယ်အရာများကပြုလုပ်ပါသလဲ - ၁၀ မိနစ်
၇. နိဂုံးချုပ်ခြင်း - ၁၀ မိနစ်


## ကြိုတင်ပြင်ဆင်ခြင်း

သင်ထောက်ကူ ၄.၂.၂ က တွင် ညွှန်ကြားသည့်အတိုင်း အခြေအနေပြကတ်ပြားများကို ရွေးချယ်ပြီး သင်ထောက်ကူသုံးခု ၏ မိတ္တူများကိုလည်းပြင်ဆင်ထားပါ။ Flipchart ကို အဆင့် (၁) တွင် အသုံးပြုရန်အတွက် အဆိုးရွားဆုံးပုံစံ ဖြင့်ကလေးလုပ်သားများ ဟူသောစာလုံးကြီးများကိုရေးသားထားပြီး ပြင်ဆင်ထားပါ။

- ကျွန်ပြုခြင်း
- ပြည့်တန်ဆာလုပ်ငန်း
- တရားမဝင်လုပ်ငန်းများ (မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း)
- ဘေးအန္တရာယ်ရှိသောအလုပ်

### အဆင့် ၁ ဘေးအန္တရာယ်ရှိသောကလေးများအလုပ်ကို ဆွေးနွေးရန်အတွက် you tube ဗီဒီယိုကို ကြည့်ရန် - ၁၅ မိနစ်

You tube ဗီဒီယို "ကျွန်ုပ်ကျောင်းသို့သွားလိုသည်" ဟူသောဇာတ်လမ်းကို ပြခြင်းဖြင့် စတင်ပါ။ (၃:၁၀ မိနစ်)



I Wanna Go to School (Myanmar version)

Link: https://www.youtube.com/watch?v=xN9xzm-umwU.
ဗီဒီယို ပြသပြီးနောက် အောက်ပါမေးခွန်းများဖြင့် ဆွေးနွေးမှုကို စတင်ပါ။

[၁၁] SCREAM by IPEC (ILO: Geneva, 2002), Module: The Image မှရယူသည်။

- ကောင်လေးနှင့် ကောင်မလေး ဘာဖြစ်ပါသလဲ။
- သူတို့ကို ဖြစ်သွားတဲ့အရာကို သင်ဘယ်လိုထင်မြင်ပါသလဲ။
- ဤမောင်နှမကဲ့သို့ ကလေးများကို သင်သိပါသလား။

အဆိုးဝါးဆုံးပုံစံ ကလေးလုပ်သားများအကြောင်းကို အောက်ပါမေးခွန်းများဖြင့် ဆွေးနွေးပါ။

- ကလေးများနှင့် လူငယ်များ : သင့်အတွက် အဆိုးဝါးဆုံးအလုပ်ဟာဘာ ဖြစ်ပါမလဲ? သင့်အနေနှင့် သည်းမခံနိုင်လောက်သော အခြေအနေဟု ဘယ်လိုဟာကို ယူဆပါမလဲ။
- အရွယ်ရောက်ပြီးသူများ : ဘယ်လိုအလုပ်မျိုးကို သင်၏ကလေးများအား လုပ်စေလိုပါသလဲ။သင့်အနေနှင့်သည်းမခံနိုင်လောက်သောအခြေအနေ ဟု ဘယ်လိုဟာကို ယူဆပါမလဲ။

အဆင့် ၆ တွင်အသုံးပြုရန်အတွက် အဖြေများစာရင်းကို Flipchart သို့မဟုတ် ဘုတ်ပေါ်တွင်ချရေးပါ။ Flipchart ကို ILO သဘောတူညီချက် ၁၈၂ တွင် သတ်မှတ်ထားသည့် အဆိုးဝါးဆုံးပုံစံဖြင့်ကလေးလုပ်သား ၄ မျိုးဖြင့် အကျဉ်းပြော ပြမိတ်ဆက် ပါ။

## အဆင့် ၂ အဖွဲ့လိုက်လုပ်ဆောင်ခြင်း : ကလေးလုပ်သားများ၏ အခြေအနေများ - ၂၅ မိနစ်

- ကလေးလုပ်သားများထဲတွင် မကြာခဏတွေ့ရှိရသည့် အဆိုးရွားဆုံးပုံစံ ဖြင့်အလုပ်အကိုင်များနှင့်ဘေးအန္တရာယ်များကိုသတ်မှတ်နိုင်ရန်အတွက် အဖွဲ့လိုက်လုပ်ဆောင်မှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း ပါဝင်တက် ရောက်သူများကိုပြောပါ။သင်တန်းသားများကို အဖွဲ့ (၅) ဖွဲ့ခွဲပါ(ကလေး များနှင့် လူငယ်များကို အရွယ်ရောက်ပြီး သူများနှင့် ခွဲထားပါ)။ အဖွဲ့ တစ်ဖွဲ့စီကို (ကလေးလုပ်သားများ၏ အခြေအနေပြကတ်ပြား (၁)ကတ် စီ သင်ထောက်ကူ ၄.၂.၂ က) Flipchart နှင့် မာကာဘောပင်များပေးပါ။ သူတို့အနေဖြင့်အလုပ်အကိုင်တစ်ခုတည်းကိုသာသိထားသောကတ်ပြား တွင်ပါသည့် ကလေး သို့မဟုတ် ကလေးများအတွက် ဇာတ်လမ်းတို တစ်ခုဖန်တီးပေးရန်ပြောပါ။ ၎င်းတို့အနေဖြင့် နာမည်၊ အသက်အရွယ်၊ နေစရာနေရာနှင့် ဆွေးနွေးရန် အခြားမေးခွန်းများဖြစ်သည့် ၎င်းတို့တွင် မိသားစု၊ သူငယ်ချင်း၊ ကစားစရာအရုပ်၊ လုံလောက်သောအစားအစာ၊ အိပ်စက်ခြင်းနှင့် ၎င်းတို့၏နေ့စဉ်လုပ်ရသည့်လုပ်ငန်းများ အစရှိသည် တို့ဖြင့် ဆွေးနွေးရန် လုပ်ဆောင်ခိုင်းပါ။

  (၅) မိနစ်ကြာပြီးနောက် ပထမဆုံးလုပ်ဆောင်ရန်စာရင်း (သင်ထောက် ကူ ၄.၂.၂ ခ) ကို အဖွဲ့များအားပေးပြီး ထိုစာရွက်ပါအချက်များကို ၎င်း တို့၏ ဇာတ်လမ်းများအတွင်းဆွေးနွေးခြင်းရှိမရှိ စစ်ခိုင်းပါ။ မပါပါက ဆောင်ရွက်ရန်စာရင်းတွင်ပါသည့် မေးခွန်းများအတွက်အဖြေများကို၎င်း တို့၏ ဇာတ်လမ်းများတွင် ထပ်ထည့်ခိုင်းပါ။ ဇာတ်လမ်းအတွင်းသို့ထည့် သွင်းမည့် မည်သို့သော အပိုသတင်းအချက်အလက်များကိုမဆို ကြိုဆို ပါသည်။

နောက်ထပ် (၅) မိနစ်အကြာတွင် ဒုတိယလုပ်ဆောင်ရန်စာရင်းကို ထပ်ပေးပြီး နောက်ထပ်ငါးမိနစ်ခြားတိုင်း တတိယ၊ နောက်ဆုံး လုပ်ဆောင်ရန်စာရင်းများကို ပေးသွားပါ။ ဇာတ်လမ်းကို အဆုံးသတ်ရန်အတွက် ငါးမိနစ်အပိုပေးပါ။ ၎င်းတို့၏ဇာတ်လမ်းများကို Flipchart ပေါ်တွင် ရေးနိုင်ပြီး အခြေအနေပြကတ်ပြားများ ထပ်ဖြည့်ခြင်း သို့မဟုတ် သဏ္ဍာန်တူ သရုပ်ဆောင်ပြခြင်းများလည်း ပြုလုပ်နိုင်သည်။

### သင်တန်းပို့ချသူများအတွက် အကြံပြုချက်များ

သင်အဖွဲ့များအကြားလျှောက်သွားနေချိန်ပြီး တိုးတက်မှုအခြေအနေကို ကြည့်ပါ။ ၎င်းတို့၏ ဆွေးနွေးမှုများကို နားထောင်ပြီး အချို့သောမေးခွန်းများမေး၍ သင်ကိုယ်တိုင်လည်းပါဝင်ပါ။ သူတို့၏ဇာတ်လမ်းများကို ပိုမိုတိုးတက်လာအောင် စိတ်တိုင်းကျ ဖန်တီးကြရန် အားပေးပါ။ အဖွဲ့များသည် ကလေးနှင့် သက်ဆိုင်သောအချက်အလက်များကို တခြားအဖွဲ့များရှေ့ချပြရာ၌ ဖြစ်နိုင်သမျှ ဖန်တီးမှုကောင်းကောင်း၊ စိတ်ကူးကောင်းကောင်းဖြင့် ကြိုးစားသင့်ပေသည်။ အဖွဲ့လိုက်လုပ်ဆောင်မှုတွင်လည်း ၎င်းတို့ဆန္ဒရှိပါက သဏ္ဍာန်တူသရုပ်ဆောင်ပြခြင်းများဖြင့် ဇာတ်လမ်းတိုတင်ဆက်လိုပါကလည်း လုပ်ဆောင်နိုင်သည်။ သို့မဟုတ် တင်ဆက်မှုကို ပုံဆွဲပြခြင်း၊ ဘုတ်ပေါ်တွင် သို့မဟုတ် flipchart ပေါ်တွင် အသေးစိတ်စကားပြောပုံစံ ရေးဆွဲခြင်းဖြင့်လည်း တင်ဆက်နိုင်သည်။

## အဆင့် ၃ အဖွဲ့လိုက်လုပ်ဆောင်မှုကို တင်ဆက်ပြသခြင်း - မိနစ် ၃၀

အဖွဲ့အားလုံးသည် ၎င်းတို့၏ (ကလေး(များ))ကို မျက်နှာစုံညီတင်ဆက်ပြသရန်ဖြစ်သည် (တစ်ဖွဲ့ ၅ မိနစ်)။ ကလေးများ တွင်မည်သို့သောဘဝရှိသည်၊ ကလေးများလုပ်နေရသည့် အန္တရာယ်ရှိသောအလုပ်များ စသည်တို့ကို အကျဉ်းချုပ်ဆွေးနွေးပါ။

## အဆင့် ၄ ကလေးလုပ်သားဇာတ်လမ်းများ၊ နှစ်နှစ်ခန့်ကြာပြီးနောက် - ၁၅ မိနစ်

ပါဝင်သူများအား သက်ဆိုင်ရာအဖွဲ့ဆီသို့ပြန်သွားခိုင်းပါ။ သင်ထောက်ကူ၄.၂.၂ ဂ၊ နှစ်နှစ်ခန့်ကြာပြီးနောက် မိတ္တူကို တစ်စုံစီဝေပြီး Flipchart နှင့် မာကာဘောပင်များလည်းပေးပါ။ ရှင်းပြရန်မှာ ယခုအချိန်တွင် ငါးနှစ်ကြာမြင့်ခဲ့ပြီဖြစ်ပြီး သူတို့၏ (ကလေး(များ)) မည်သို့ဖြစ်နေမည်ကို မြင်ယောင်စဉ်းစားခိုင်းပါ။ မည်သည့်အရာများဖြစ်နိုင်မည်ကို အကြီးအကျယ်စဉ်းစားပြီး မေးခွန်းများကိုဖြေခိုင်းပါ။ သူတို့အနေဖြင့် ဖြစ်ပျက်လာနိုင်သည့်အရာများ၊ မေးခွန်းအတွက် အဖြေများကို flipchart ပေါ်တွင်ချရေးနိုင်သည်။

## အဆင့် ၅ အဆိုးဝါးဆုံးပုံစံကလေးလုပ်သားများ၏ဘဝများကို ဆွေးနွေးရန် - ၁၅ မိနစ်

Flipchart များကို နံရံပေါ်တွင် ကပ်စေပြီး ကလေးလုပ်သားများ၏ ဘဝများ များစွာပြောင်းလဲသွားခြင်းရှိမရှိကို အကျဉ်းချုပ် ဆွေးနွေးခိုင်းပြီး ပြောင်းလဲသွားခဲ့ပါက မည်သို့ပြောင်းလဲသည်၊ အဘယ်ကြောင့်ပြောင်းလဲသွားသည်ကို မေးပါ။ ၎င်းတို့၏ အလုပ်များကြောင့်ဖြစ်လာရသည့် အကျိုးဆက်များကို အာရုံစိုက်ဆွေးနွေးပါ။ ကလေးငယ်များကို ထိခိုက်စေမည့် ရုပ်ပိုင်း ဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ (စိတ်နှင့်

ခံစားမှု)များအကြောင်းကို ပြောပါ။ အသေးစိတ်သိရှိရန်အတွက် အကျဉ်းချုပ်မှတ်စု : အဆိုးဝါးဆုံးပုံစံကလေးလုပ်သားများကို ကြည့်ပါ။

## အဆင့် ၆ ကလေးငယ်များမခံစားနိုင်သည့် အဆိုးဝါးဆုံးပုံစံကလေးလုပ်သားများဖြစ်စေရန် ဘယ်အရာများက ပြုလုပ် ပါသလဲ - ၁၀ မိနစ်

အဆင့် ၁ တွင် ပေးထားသည့် အဖြေများဆီသို့ပြန်သွားပါ။ သင်တန်းသားများကို အောက်ပါမေးခွန်းများမေးပါ။

- အဆင့်၁တွင်စာရင်းပြုစုထားသည့်အလုပ်အခြေအနေများနှင့်ပတ်သက်၍ ဤလေ့ကျင့်ခန်းတွင် ဆွေးနွေးခဲ့ပါသလား။
- သင်ဖော်ပြထားသည့်အလုပ်များကို အဘယ်ကြောင့် ဆိုးဝါးသည့်အလုပ်ဟု ပြောရခြင်းဖြစ်ပါသလဲ။
- ထိုအလုပ်များ၏ နောက်ဆက်တွဲအကျိုးဆက်များနှင့် ထိခိုက်နိုင်ချေရှိသည်များကို သင်သိပါသလား။
- လေ့ကျင့်ခန်းပြုလုပ်စဉ်အတွင်းစာရင်းတွင်ပါရှိသည့်အဆိုးဝါးဆုံးအလုပ်များထဲမှ မဆွေးနွေးမိသည့် အလုပ်ရှိပါ သလား။
- ထိုအလုပ်များကို အဘယ်ကြောင့် ရည်ညွှန်းဖော်ပြတာပါလဲ။
- အဆင့် ၁ တွင် စာရင်းပြုစုထားသည့် အလုပ်အားလုံးနှင့် အဖွဲ့တွင်းဆွေးနွေးကြသည့် အလုပ်များကို အဆိုးဝါးဆုံး ပုံစံဖြင့် ကလေးလုပ်သားများဟု ထင်ပါသလား။ ဘာကြောင့်ထိုသို့ထင်/ မထင်တာပါလဲ။

ကလေးများအလုပ်လုပ်နေရသည့် အလုပ်တော်တော်များများသည် ပထမဆုံးမြင်တွေ့ချိန်တွင် ကလေးလုပ်သားများ အတွက် အဆိုးဝါးဆုံးပုံစံများဟု မထင်ရသော်လည်း ထိုအလုပ်များမှာ ကလေးများအတွက် ဘေးအန္တရာယ်ဖြစ်စေသော အခြေအနေများရှိသည်။ ထိုအလုပ်များကို ကလေးများ မခံစားနိုင်သောကြောင့် ဦးစားပေးအနေဖြင့် ပပျောက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်းပြောပြီး နိဂုံးချုပ်ပါ။

## အဆင့် ၇ နိဂုံးချုပ်ခြင်း - ၁၀ မိနစ်

လေ့ကျင့်ခန်းကို ဇာတ်လမ်းများအတွင်းပါရှိသည့် အရေးကြီးသော အမြင်ရှုထောင့်များအား အဓိကထား ဆွေးနွေးခြင်းဖြင့် နိဂုံးချုပ်ပါ။ အဆိုးဝါးဆုံးပုံစံကလေးလုပ်သားများခံစားရနိုင်ချေရှိသည့် အချို့သော ဘေးအန္တရာယ်များကို နမူနာပေးပြီး ထောက်ပြဆွေးနွေးပါ။ ၎င်းတို့မှာ -

- ပြည့်တန်ဆာလုပ်ငန်းနှင့် လိင်အပြာလုပ်ငန်းများအပါအဝင် ကျွန်ပြုခြင်းနှင့် အဓမ္မလုပ်သားပုံစံအခြေအနေများ တွင်ကလေးများပါဝင်ကြခြင်း၊ လုပ်အားကိုအကြီးအကျယ်ခေါင်းပုံဖြတ်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်း - လူမှုရေးပိုင်းဆိုင်ရာနှင့် စိတ်ခံစားမှုဆိုင်ရာများကို ကျူးလွန်နှိပ်စက်ခြင်းများဖြစ်သည်။ ယင်းတို့သည် ခန္ဓာကိုယ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊မသန်မစွမ်းဖြစ်ခြင်း၊အရွယ်မတိုင်မီစောစီးစွာကိုယ်ဝန်ဆောင်ရခြင်း၊မိခင်သေဆုံးရခြင်းနှင့် HIV၊ AIDS အပါအဝင် လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ (ခံစားမှုနှင့် စိတ်ဓာတ်) များကို ထိခိုက်ပျက်စီးစေမည့်အနေအထားရှိသည်။ စိတ်ခံစားမှုဆိုင်ရာအန္တရာယ်များမှာဥပမာအားဖြင့် အခြားသူများ သို့မဟုတ် မည်သူ့ကိုမှ ယုံကြည်မှုမရှိတော့ခြင်း



နှင့်အခြားသူများနှင့် အဆက်အဆံအနည်းငယ်သာရှိတော့ခြင်း(လုပ်ဖော်ကိုင်ဘက်များ၊ သူငွေး၊ ပတ်ဝန်းကျင်ရှိ လူမှုရေးအရအရေးပါသူများ)တို့ဖြစ်သည်။ စိတ်ဓာတ်ပိုင်းဆိုင်ရာထိခိုက်ဘေးဖြစ်စေမှုများမှာလုပ်ဆောင်မှုများတွင် ကောင်းကျိုး၊ ဆိုးကျိုးများကို ကျိုးကြောင်းဆီလျော်စွာ မတွေးခေါ်နိုင်တော့ခြင်း၊ အစီအစဉ်ချမှတ်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်းတို့ကို မလုပ်မကိုင်တတ်တော့ခြင်းများဖြစ်သည်။


- ဘေးအန္တရာယ်ရှိသောအလုပ်များသည် အဆိုးရွားဆုံးပုံစံကလေးလုပ်သားများဖြစ်ပြီးဦးစားပေးအနေဖြင့်တိုက်ဖျက်ရမည့်အရာများဖြစ်ကြောင်း အလေးပေးဆွေးနွေးပါ။ ဘေးအန္တရာယ်ရှိသောအလုပ်အကိုင်များ သို့မဟုတ် လုပ်ငန်းစဉ်များတွင် ကလေးများပါဝင်ခြင်းသည် အလွန်လေးလံသော ဝန်များကိုထမ်းပိုးရခြင်းနှင့် သဘာဝမကျသော အနေအထားများဖြင့် အလုပ်လုပ်ကြရခြင်း အစရှိသည့် ရုပ်ပိုင်းဆိုင်ရာအရ သင့်လျော်မှန်ကန်မှုမရှိသောအလုပ်များလုပ်ခြင်း၏သက်ရောက်မှုဒုက္ခများကိုခံစားကြရသည်။ ထိုဘေးအန္တရာယ်များ သည်ကလေးများ၏ဖွံ့ဖြိုးဆဲခန္ဓာကိုယ်ကို ပုံပျက်သွားစေခြင်း သို့မဟုတ် မသန်မစွမ်း ဖြစ်သွားခြင်းများ ဖြစ်စေနိုင်သည်။ ကလေးများသည် ဓာတုဗေဒပစ္စည်းများနှင့် ဓာတ်ရောင်ခြည်များဒဏ်ကို အရွယ်ရောက်ပြီးသူများကဲ့သို့ ခံနိုင်ရည်မရှိကြဘဲ ရောဂါများကိုလည်း ခံနိုင်ရည်ရှိမှု ပိုမိုနည်းပါးကြသည်။
- ကလေးများသည် အရွယ်ရောက်ပြီးသူများထက် ရုပ်ပိုင်းဆိုင်ရာ၊လိင်ပိုင်းဆိုင်ရာနှင့် ခံစားမှုဆိုင်ရာ ကျူးလွန်နှိပ်စက်မှုများခံရရန် ပို၍ ထိခိုက်လွယ်ပြီး စိတ်ပိုင်းဆိုင်ရာနှင့် ခံစားချက်ဆိုင်ရာ အကြီးအကျယ် ထိခိုက်ပျက်စီးမှုများကို ရလဒ်အနေဖြင့် ခံစားကြရသည်။
- ဘေးအန္တရာယ်ရှိသောအလုပ်မဟုတ်ဟုယေဘုယျအားဖြင့်ယူဆရသောအလုပ်များတွင်လည်း ကလေးများ အတွက်ဘေးအန္တရာယ်များကိုတွေ့ရသည်။ ဥပမာအားဖြင့် အိမ်အကူလုပ်ငန်းသည် သင့်လျော်ပြီး ဘေးကင်းလုံခြုံသောအလုပ်ဟု စဉ်းစားသတ်မှတ်ကြသည်။ သို့သော်လည်းအိမ်အကူလုပ်ရသည့် ယောကျ်ားလေး၊ မိန်းကလေးများသည် နာရီပေါင်းများစွာအလုပ်လုပ်ကြရပြီး ယင်းသည်လည်း ၎င်းတို့အတွက်ခက်ခဲသောအလုပ် ဖြစ်ခြင်း၊ အလုပ်ရှင်မိသားစုမှ အကျဉ်းချထားခြင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ/ စိတ်ပိုင်းဆိုင်ရာများ ညှင်းပန်း နှိပ်စက်ခံရခြင်း စသည့် ဘေးဒုက္ခအန္တရာယ်များကို ခံစားကြရသည်။ ထိုအချက်များသည်လည်း အဆိုးဝါးဆုံးပုံစံ ကလေးလုပ်သားဖြစ်နေကြောင်းညွှန်ပြနေသည့်အချက်များဖြစ် သည်။
- မြန်မာနိုင်ငံတွင် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား၊ ကလေးများဆိုင်ရာနှင့် အခြားသောအရပ်ဖက်အဖွဲ့အစည်းများသည် အသက် (၁၈) နှစ်အောက်ရှိကလေးများအတွက် တားမြစ်ထားသောဘေးအန္တရာယ်ရှိသည့် အလုပ်များနှင့်လုပ်ငန်းစဉ်များစာရင်းကိုပြုစုဖော်ထုတ်လျက်ရှိသည်။ယင်းသည် မြန်မာနိုင်ငံတွင် အဆိုးဝါးဆုံးပုံစံ ကလေးလုပ်သားများ တိုက်ဖျက်ရေးအတွက် အရေးပါသောအဆင့်တစ်ခု ဖြစ်လာမည်ဖြစ်သည်။


## သင်ထောက်ကူ ၄.၂.၂ က : အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သား ခိုင်းစေမှုများ၏အခြေအနေပြကတ်ပြား

**လမ်းညွှန်ချက်များ** - အောက်ဖော်ပြပါ ကလေးလုပ်သားများ၏ အခြေအနေပြကတ်ပြား (၈) ခုမှ သင်၏ ဦးတည်အုပ်စုနှင့် အကိုက်ညီဆုံး ကတ် ၃ ကတ် ၅ ကတ် ကိုရွေးပါ။ ကတ်များကို၄၌ စာအုပ်နောက်ဆုံးနှင့် ILO ရန်ကုန် website တွင်လည်း A 4 အရွယ် သီးသန့်ရယူနိုင်ပါသည်။ ရွေးချယ်ထားသည့် ကတ်ပြား၏ မိတ္တူများကို ၎င်းလေ့ကျင့်ခန်းတွင် အသုံးပြုရန်အတွက် A4 သို့မဟုတ် A3 အရွယ်ရယူပါ။ တစ်ဖွဲ့စီကို တစ်ကတ်စီပေးပါ။


| | |
|---|---|
| <br>၁. လွတ်လပ်မှုမရှိသော<br>ကလေးအိမ်အကူလုပ်သား | <br>၂. ပေးဆပ်ရန်ရှိသည့် နောင်ကြွေးများကြောင့်<br>အုတ်ဖိုတွင် အလုပ်လုပ်နေရသည့် ကလေးများ |
| <br>၃. ပြည့်တန်ဆာ သို့မဟုတ်<br>လိင်အပြာလုပ်ငန်းများတွင် ပါဝင်နေရသည့်<br>ကလေးများ | <br>၄. ပေးဆပ်ရန်ရှိသည့်<br>နောင်ကြွေးများဖြင့် စိုက်ခင်းများတွင်<br>ညပိုင်းအလုပ်လုပ်နေရသည့်ကလေးများ |



၅. မူးယစ်ဆေးဝါးရောင်းဝယ်ရေးနှင့်
ဘိန်းချက်လုပ်ငန်းများတွင်
ကျွန်ပြုခိုင်းစေခံရသည့် ကလေးများ
(ပုံအသစ်ဆွဲပါ၊ ယောကျာ်းလေး/မိန်းကလေး)



၆. ကလေးစစ်သားများ



၇. ဆောက်လုပ်ရေးလုပ်ငန်းတွင် လုပ်နေသည့်
မိန်းကလေး၊ ယောကျာ်းလေးများ



၈. သတ္တုတွင်းတွင် အလုပ်လုပ်နေသည့်
ကလေးများ (ကျောက်စိမ်း၊ ပတ္တမြား၊ ရွှေတွင်း)

## သင်ထောက်ကူ ၄.၂.၂ ခ: ဆောင်ရွက်ရန်စာရင်း : ထိုကလေးသည် ဘယ်သူလဲ?

**လမ်းညွှန်ချက်များ** : ဤစာမျက်နှာကို မိတ္တူ (၅) စုံဆွဲပြီး တစ်ဖွဲ့လျှင်တစ်ရွက်စီပေးပါ။ စာမျက်နှာကို လုပ်ဆောင်ရန်စာရင်း သုံးခုစီဖြတ်ပြီး အဆင့် (၂) လုပ်ဆောင်နေစဉ်အတွင်း (၅) မိနစ်စီခန့်ခြား၍ ပေးပါ။

---

**လုပ်ဆောင်ရန် ၁ : သင်ဘယ်သူလဲ။**

- ကလေး (များ) သည် ယောက်ျားလေး သို့မဟုတ် မိန်းကလေးလား။
- သူ(တို့) ကိုနာမည်ပေးပါ
- ထိုကလေး (များ) သည် အသက်ဘယ်လောက်ရှိပြီထင်ပါသလဲ။
- ကလေး (များ) တွင် မိသားစုရှိပါသလား။
- အလုပ်ခွင်တွင်းနှင့် အလုပ်ခွင်ပြင်ပတွင် ထိုကလေး (များ) သည် ဘယ်လိုသူငယ်ချင်း (သို့) ရန်သူများရှိပါသလဲ။
- ထိုကလေး (များ)၏ အကောင်းဆုံးနှင့် အဆိုးဝါးဆုံး သတိရမှတ်မိသည့် အရာများမှာ ဘာတွေပါလဲ။

---

**လုပ်ဆောင်ရန် ၂ : သင်ဘယ်လိုနေထိုင်ပါသလဲ။**

- ကလေး (များ) ဘယ်နေရာတွင်နေကြပါသလဲ။
- ထိုကလေး (များ) သည် ဆင်းရဲပါသလား သို့မဟုတ် ချမ်းသာပါသလား။
- ကလေး (များ) သည် ကောင်းစွာပြုစုစောင့်ရှောက်ခြင်း သို့မဟုတ် ရိုက်နှက်ခြင်း၊ ဆင်းရဲချို့တဲ့ခြင်း၊ ညှင်းပန်း နှိပ်စက်ခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းကို ခံရပါသလား။
- ကလေး (များ) ၏ ဘ၀အကြီးမားဆုံးရည်မှန်းချက်မှာ ဘာများဖြစ်နိုင်ပါသလဲ။

---

**လုပ်ဆောင်ရန် ၃ : သင်ဘာအလုပ်လုပ်ပါသလဲ။**

- သူ/သူမ/သူတို့သည် ဘာအလုပ်များလုပ်ကြပါသလဲ။
- သူ/သူမ/သူတို့သည် နေ့စဉ်မည်သို့သောဘေးအန္တရာယ်များကို တွေ့ကြုံကြရပါသလဲ။
- ကလေး (များ)၏ ကျား/မ လိင်ကွဲပြားမှုသည် သူ/သူမ/သူတို့၏ အလုပ်အပေါ်တွင် လွှမ်းမိုးမှုရှိပါသလား။
- ဤအလုပ်များကိုလုပ်နေရခြင်းအစား ကလေး (များ) သည် ဘယ်လိုအလုပ်များကိုလုပ်နေရတာ ကြိုက်ပါမလဲ။
- တနေ့တာအတွင်း ဘယ်အချိန်မှာလုပ်နေရတာပါလဲ။

## သင်ထောက်ကူ ၄.၂.၂ ဂ : နှစ်နှစ်ခန့်ကြာပြီးနောက်

**လမ်းညွှန်ချက်များ** : ဤစာမျက်နှာကို မိတ္တူဆွဲပြီး အဆင့် (၄) ၌ တစ်ဖွဲ့လျှင်တစ်ရွက်စီပေးပါ။

---

ယခုအခါ (၅) နှစ်ကြာခဲ့ပြီဖြစ်ပါသည်။ သင်၏ 'ကလေး (များ)' မည်ကဲ့သို့ဖြစ်ပျက်နေမည်ကို မြင်ယောင်ကြည့်ပါ။ အထူးသဖြင့် ၎င်းတို့၏ အလုပ်ခွင်အတွင်း ဖြစ်ပျက်နိုင်သည်များကို စဉ်းစားပါ။ ကိုယ်ဝန်ရှိလာခြင်း၊ HIV ၊ AIDS ကူးစက်ခံရခြင်း၊ စစ်ပွဲတွင်းလိုက်ရခြင်း၊ ပေါက်ကွဲမှုကြောင့် သေဆုံးခြင်း၊ အလုပ်အတွင်းမတော်တဆမှုကြောင့် ဒုက္ခိတဖြစ်ခြင်း အစရှိသဖြင့် ဖြစ်လာနိုင်သည်များကို စဉ်းစားပါ။ မည်သို့ဖြစ်နိုင်သည်၊ ဘာကြောင့်ဖြစ်ရသည်များကို ရှင်းပြပါ။

အောက်ပါမေးခွန်းများကို ဖြေပါ။

၁. ယခုအချိန်တွင် ကလေးများသည် ငါးနှစ်ပိုအသက်ကြီးလာကြပြီး သူ/သူမ/သူတို့မည်သည်တို့ကို လုပ်နေကြမည်ဟု ထင်ပါသလဲ။

၂. အကယ်၍ ကလေး (များ)သည် အလုပ်လုပ်နေဆဲဖြစ်ပါက ထိုအလုပ်ပင်ဖြစ်ပါသလား။ ဘာကြောင့် ထိုသို့ဖြစ်/မဖြစ် နိုင်ပါသလဲ။

၃. ကလေး (များ) သည်အလုပ်ခွင်အတွင်း သေဆုံးခဲ့ကြသည်ဆိုပါက အကြောင်းရင်းမှာမည်သည်ဖြစ်သည်ဟု သင်ထင်ပါ သလဲ။

၄. ငယ်ရွယ်သည့် ယောက်ျား/မိန်းမတို့တွင် အလုပ်ကြောင့်ဖြစ်ရသည့် မည်သည့် ကျန်းမာရေးပြဿနာများ ရှိပါသလဲ။

၅. ငယ်ရွယ်သည့် ယောက်ျား/မိန်းမတို့တွင် စိတ်ပိုင်းဆိုင်ရာပြဿနာများရှိသည်ဟု ထင်ပါသလား။ ဘာကြောင့် ရှိ/မရှိ နိုင်ပါသလဲ။

# အကျဉ်းချုပ်မှတ်စု : အဆိုးဝါးဆုံးပုံစံ ကလေးလုပ်သားခိုင်းစေခြင်း

## အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေခြင်းများမှာ အဘယ်နည်း။

ပြဌာန်းချက်အမှတ် ၁၈၂ အပိုဒ် (၃)တွင် အဆိုးဝါးဆုံးပုံစံကလေးလုပ်သားများကို သတ်မှတ်ထားသည်မှာ -

- ကျွန်ပြုခိုင်းစေခြင်းများ သို့မဟုတ် ကျွန်ပြုခိုင်းစေခြင်းနှင့် အလားသဏ္ဍာန်တူပုံစံများဖြစ်သည့် ကလေးများကိုရောင်းချခြင်း၊ ကုန်ကူးခြင်း၊ အကြွေးဖြင့်သိမ်းခြင်း၊ ကျေးကျွန်ပြုခြင်းနှင့် အဓမ္မ သို့မဟုတ် အတင်းအကြပ်လုပ်သား၊ လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးများကို အသုံးပြုရန်အတွက် အဓမ္မ သို့မဟုတ် အတင်းအကြပ်လုပ်သားစုဆောင်းခြင်းများ။
- ပြည့်တန်ဆာလုပ်ငန်း၊ လိင်အပြာစာအုပ်၊ ဇာတ်လမ်းများထုတ်လုပ်ခြင်း သို့မဟုတ် ထိုလုပ်ငန်းများတွင် ဖျော်ဖြေခိုင်းရန်အတွက် ကလေးများကိုအသုံးပြုခြင်း၊ ရောင်းဝယ်ခြင်း သို့မဟုတ် ကမ်းလှမ်းခြင်းများ။
- တရားမဝင်လုပ်ငန်းများ အထူးသဖြင့် မူးယစ်ဆေးဝါး ထုတ်လုပ်၊ ရောင်းဝယ်ဖြန့်ဖြူးခြင်းလုပ်ငန်းများတွင် ကလေးများကို အသုံးပြုခြင်း၊ ရောင်းဝယ်ခြင်း သို့မဟုတ် ကမ်းလှမ်းခြင်းများ။
- ကလေးငယ်များ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် စိတ်ဓာတ်များကို ဘေးဖြစ်မည့်ဟန်ရှိသော သဘာဝနှင့် အခြေအနေရှိသည့် အလုပ်များ (အတိုကောက်အားဖြင့် ဘေးအန္တရာယ်ရှိသောအလုပ်)။

### အဓမ္မလုပ်သား [၁၂]

အဓမ္မလုပ်သားသည် ILO မှသတ်မှတ်ထားသည့် လူ့အခွင့်အရေးနှင့် လူသားတို့၏လွတ်လပ်မှုကို အတားအဆီးပြုသော ပြင်းထန်သည့် ချိုးဖောက်ကျူးလွန်မှုတစ်ရပ်ဖြစ်ကာ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ ပြုမူခိုင်းစေခြင်း၊ အကြွေးနောင်ကြိုးဖြင့် ကျေးကျွန်သဖွယ် သိမ်းယူခြင်းများ စသည့် ကျူးလွန်မှုများဖြစ်သည်။ တခါတရံတွင် ဤအသုံးအနှုန်းများကို အလွန်နည်းပါး သောလုပ်ခများ အပါအဝင် အလွန်ဆင်းရဲသော၊ ကျန်းမာရေးနှင့် မညီညွတ်သော အခြေအနေများတွင် အလုပ်လုပ်ရသည့် အခြေအနေများကိုလည်း ညွှန်းဆိုအသုံးပြုသည်။ သို့မဟုတ် ဤအသုံးအနှုန်းများကို စီးပွားရေးအရ လိုအပ်ချက်ရှိနေပြီး အခြားရွေးချယ်ရန်မရှိသောကြောင့် အလုပ်ကို မစွန့်နိုင်သော အလုပ်သမားကိုဖော်ပြရာတွင်လည်းသုံးသည်။ အောက်ပါအခြေအနေများသည် ပြင်းထန်သော်လည်း အဓမ္မလုပ်သားများမဟုတ်ပါ။

အဓမ္မလုပ်သားဖြစ်စေသည်များမှာ -

- ဆန္ဒမပါဘဲ အတင်းအကြပ်လုပ်ရခြင်း
- ပြစ်ဒဏ်ပေးမည်ဟု ခြိမ်းခြောက်ခိုင်းစေခြင်း

အောက်ဖော်ပြပါအခြေအနေများဖြစ်ပျက်ပါက ကလေးလုပ်သားများသည် အဓမ္မလုပ်သားများဖြစ်လာသည်။

- အဓမ္မသွေးဆောင်ခြင်း သို့မဟုတ် ပြန်ပေးဆွဲခံရခြင်း
- လိမ်လည်ခြင်း သို့မဟုတ် မမှန်ကန်သောကတိပေးခြင်းများ

[၁၂]A global alliance against forced labour, Report 1B to the 93rd session of the International Labour Conference by ILO (ILO: Geneva, 2005) မှရယူပါသည်။

- တခြားသူတစ်ဦးတစ်ယောက်ထံသို့ ရောင်းချခြင်း
- ရုပ်ပိုင်းဆိုင်ရာ ကန့်သတ်ချုပ်ချယ်ထားခြင်း
- အစားအသောက်၊ နားခိုရန်နေရာ သို့မဟုတ် အခြားလိုအပ်သည့် အရာများအပေါ်တွင် တားမြစ်ကန့်သတ်ထား ခြင်း
- စိတ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်ခံရခြင်း
- လုပ်ခများကို သိမ်းပိုက်ဆုပ်ကိုင်ထားခြင်း သို့မဟုတ် မပေးခြင်း
- ကာယကံရှင်ကလေး သို့မဟုတ် သူ၏ မိသားစု/မိတ်ဆွေသူငယ်ချင်း များကို ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် လိင်ပိုင်း ဆိုင်ရာ ကျူးလွန်နှိပ်စက်ခြင်း (ထိုသို့ ခြိမ်းခြောက်ခြင်း)
- ကျေးကျွန်အဖြစ်ရှိနေသော သို့မဟုတ် ပေးဆပ်ရန်နောင်ကြိုးရှိနေသော မိသားစုတွင် မွေးဖွားလာခြင်း

## ပြန်လည်ပေးဆပ်ရန်နောင်ကြိုးရှိနေသောကလေးလုပ်သား

ပြန်လည်ပေးဆပ်ရန်နောင်ကြိုးဖြင့် အလုပ်လုပ်ရသောစနစ်များမှာ အဓိကအားဖြင့် ပုံစံသုံးမျိုးရှိသည်။[၁၇]

- တခါတရံမြေပိုင်ရှင်များသည် ကျေးလက်မိသားစုများမှ ၎င်းတို့၏ အိမ်မြေကိုငှားရမ်းထားသူတို့၏ကလေးများ၊ သို့မဟုတ် အလုပ်သမားပွဲစားများကို ပိုက်ဆံကြိုပေးပြီး ကလေးများကို စိုက်ပျိုးရေး၊ အိမ်အကူ၊ လိင်လုပ်ငန်း၊ ကော်ဇောနှင့် အထည်အလိပ်လုပ်ငန်း၊ ကျောက်သယ်ခြင်း၊ အုပ်ဖုတ်ခြင်း၊ ပုဇွန်စက်ရုံကဲ့သို့ ပြုပြင်ထုတ်လုပ် သည့်လုပ်ငန်းများတွင် အလုပ်လုပ်ခိုင်းရန် ငှားရမ်းဝယ်ယူလေ့ ရှိသည်။
- အဖြစ်များသည့်ပြန်လည်ပေးဆပ်ရန်နောင်ကြိုးများမှာမိသားစုကြောင့်ဖြစ်ရသည့်နောင်ကြိုးများဖြစ်ပြီး ကလေးများသည် အကြွေးပြန်ဆပ်ရန် သို့မဟုတ် မိသားစုမှ ပေးဆပ်ရန်တာဝန်ရှိသည်များအတွက် အလုပ်လုပ်ပေးရခြင်းဖြစ်သည်။ ချေးငှားပေးသူ တခါတရံ မြေပိုင်ရှင်များမှာ ထိုသို့သောအခြေအနေများတွင် ထာဝရ အခမဲ့ လုပ်သားကို ရရှိနိုင်ရန်အတွက်ပြန်လည်ပေးဆပ်ရမည့်အကြွေးများကို ခက်ခဲစေရန် သို့မဟုတ် ပြန်လည် ပေးဆပ်ခြင်း မပြုနိုင်အောင် လုပ်ဆောင်ပစ်လေ့ရှိသည်။ထိုနည်းဖြင့်မိသားစုတစ်စုသည် မျိုးဆက်များတလျှောက်အကြွေးနောင်ကြိုးဖြင့်အချည်ခံရပြီး မိဘများ (အသက်ကြီးလာလျှင် သို့မဟုတ် အိုမင်းချိနဲ့လာလျှင်)၏နေရာတွင် ကလေးများကို အစားထိုးနေရာယူကြရသည်။
- သမားရိုးကျမဟုတ်ဘဲ ကျယ်ပြန့်စွာဖြစ်ပေါ်နေသည့် အကြွေးနောင်ကြိုးများမှာ ဆင်းရဲခြွတ်ခြုံကျနေသည့် မိဘများက ၎င်းတို့၏ မိသားစုစားရိတ်များအတွက် ၎င်းတို့၏ ကလေးများကို ပိုက်ဆံရှိသော မိသားစုများထံ အခမဲ့လုပ်သားများအဖြစ်ပေးပို့လဲလှယ်ထားပြီး ထိုသို့ပြုလုပ်ခြင်းဖြင့် ၎င်းတို့မိသားစုတွင်ကလေးကိုထားရှိသည်ထက်လည်း ပိုကောင်းမည်ဟုယူဆကြခြင်းဖြစ်သည်။

## စီးပွားဖြစ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း

ကလေးသူငယ်များသည် တခါတရံ နည်းလမ်းတစ်ခု သို့မဟုတ် ပြည့်တန်ဆာလုပ်ငန်း သို့မဟုတ် လိင်အပြာလုပ်ငန်းများကဲ့သို့ စီးပွားဖြစ်လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်းများဖြင့်

[၁၇]Child Right Worldwide, http://www.childright.nl/english/.

လိမ်ညာခံရတတ်သည်။ သို့သော် အသက် (၁၈) နှစ်အောက် ကလေးတစ်ယောက်အနေဖြင့် ထိုလုပ်ငန်းများလုပ်ကိုင်ရန် ကိုယ်တိုင်သဘောတူခွင့်ပြုသည် ဆိုလျှင်ပင် ILO အပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းသည် ယင်းကို အဓမ္မလုပ်သားအဖြစ်ယူဆသည်။ အဘယ့်ကြောင့်ဆိုသော် ကလေးသူငယ်များသည် ထိုသို့လွတ်လပ်သော သို့မဟုတ် အသိပညာရှိသောရွေးချယ်မှုများ လုပ်ရန် အနေအထားမရှိသေးသောကြောင့် ဖြစ်သည်။ စီးပွားဖြစ်လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းသည် ကလေးသူငယ်များအပါ်၌ အရက်စက်ဆုံး ကျူးလွန်သည့် အကြမ်းဖက်မှု ပုံစံတစ်ခုဖြစ်သည်။ ကလေးသူငယ်သားကောင်များသည် ဘယ်လိုမှမခံစားနိုင်သော ကလေး လုပ်သားပုံစံကို ထိခိုက်ခံစားကြရပြီး အလွန်ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်း-လူမှုရေးပိုင်း ဆိုင်ရာနှင့် ခံစားမှုဆိုင်ရာ ဒုက္ခများကို တွေ့ကြုံကြရသည်။ ထိုရလဒ်များသည် တခါတရံ တဘဝ လုံးစာဖြစ်သွားတတ်ပြီး ကိစ္စတော်တော်များများတွင် ကလေးသူငယ်များ အနာဂတ် ဖွံ့ဖြိုး တိုးတက် ရန်အတွက် ဘဝတလျှောက်လုံးခြိမ်းခြောက်မှုများဖြစ်သွားစေသည်။

မိန်းကလေးများကို စီးပွားဖြစ်လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းသည် ပို၍အဖြစ်များသော်လည်း ယောကျာ်းလေးများကို အမြတ်ထုတ်ခြင်းများလည်းရှိသည်။ ဇီဝဗေဒဆိုင်ရာ ဘေးအန္တရာယ်များမှာ မိန်းကလေး၊ ယောကျာ်းလေး နှစ်မျိုးစလုံး အတွက် ထိခိုက်ခံစားရမှုမြင့်မားပြီး ၎င်းတို့၏ ခန္ဓာကိုယ်ကို ထိခိုက်မှုများဖြစ်စေသည်။ ဥပမာအားဖြင့် အရွယ်မရောက် သေးမီ အတင်းအကျပ်လိင် ဆက်ဆံခံရသော ယောကျာ်းလေး၊ မိန်းကလေးများမှာ HIV၊ AIDS တို့ကဲ့သို့ လိင်မှတဆင့် ဖြစ်ပွားတတ်သည့်ရောဂါများ ကူးစက်ခံရနိုင်ချေများပြားသည်။ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများမှာ အလွန်ကြီးမားသည်။ ထိုသို့သောနက်ရှိုင်းသည့်ဒဏ်ရာများရှိထားသည့် ကလေးသူငယ်/လူငယ် များနှင့် ပြောဆိုထားသည့် ဖြစ်ရပ်လေ့လာမှုများ၊ အထောက်အထားများမှသိရသည်မှာ တခါ တရံထိုကလေးသည် ပုံမှန်ဘဝသို့ ပြန်ဝင်ခြင်း၊ ပြန်ရခြင်း မရှိတော့ပေ။ ကလေးတော်တော်များ များသည်လည်း အရွယ်မရောက်မီပင် သေဆုံးကြွေလွင့်ကြရသည်။

**ကလေးစစ်သားများ** [၁၄]

ကမ္ဘာပေါ်ရှိမတူကွဲပြားသောဒေသများမှ အနည်းဆုံး (၁၇) နိုင်ငံရှိ မိန်းကလေး၊ ယောကျာ်းလေး ထောင်သောင်းများစွာ သည် အရွယ်ရောက်ပြီးသူများ၏ စစ်ပွဲများတွင် ပါဝင်တိုက်ခိုက်နေကြရသည်။ အချို့မှာ တိုက်ရိုက်တိုက်ခိုက်မှုများတွင် တိုက်ခိုက်သူများအဖြစ်ပါဝင်ကြရပြီး အချို့မှာ အထောက် အကူပြုလုပ်ငန်းများတွင်ဖြစ်သည်။ (ဥပမာ ထမင်းချက်၊ ပစ္စည်းသယ်သူ၊ သတင်းပို့သူ သို့မဟုတ် သူလျှိုများအဖြစ်) သို့မဟုတ် လိင်ပိုင်းဆိုင်ရာများအတွက်ဖြစ်သည်။ ၎င်းတို့သည် သွေးဆောင်ခြင်း၊ အဓမ္မစုဆောင်းခြင်း သို့မဟုတ် ကိုယ်တိုင်ပါဝင်ရန် ဆုံးဖြတ်ကြခြင်း (ဥပမာအားဖြင့် ရှင်သန်ရေး အတွက် အကာအကွယ်ပေးရန် သို့မဟုတ် လက်စားချေရန်) များလည်းရှိသည်။ သို့သော်လည်း ကိုယ်တိုင်စတင်မှုများကို ခွဲခြမ်းလေ့လာသောအခါ ၎င်းတို့သည် အနိုင်အထက်ခြိမ်းခြောက်ခံရခြင်း နှင့် နောက်ဆက်တွဲ အကျိုးဆက်များကို ဂရုမပြု မိကြခြင်းများကြောင့်ဖြစ်ကြောင်းသိရသည်။

ကလေးများကို လက်နက်ကိုင်ပဋိပက္ခများတွင် အသုံးပြုခြင်းသည် အဆိုးဝါးဆုံးပုံစံ ကလေးလုပ် သားများဖြစ်ပြီး လူ့အခွင့်အရေးကိုချိုးဖောက်ခြင်းနှင့် စစ်ရာဇဝတ်မှုလည်းဖြစ်သည်။ ILO သဘောတူညီချက် အမှတ် ၁၈၂ တွင် ကလေးများကို လက်နက်ကိုင်ပဋိပက္ခများတွင် အသုံးပြုရန် အတွက် အဓမ္မ သို့မဟုတ် မဖြစ်မနေစုဆောင်းခြင်းသည် အဆိုးဝါးဆုံးပုံစံဖြင့်ကလေးလုပ်သား

[၁၄] ILO: Child Labour and Armed Conflict, http://ilo.org/ipec/areas/Armedconflict/lang--en/index.htm (accessed 31 January 2017).

များ ဖြစ်သည်ဟု သတ်မှတ်ထားသည်။ ကလေးသူငယ်များ၏ အခွင့်အရေးနှင့်ပတ်သက်၍ ဆန္ဒအလျောက်လိုက်နာကျင့်သုံးရမည့် နောက်ဆက်တွဲသဘောတူညီချက်တွင် လက်နက်ကိုင် ပဋိပက္ခများ၌ ကလေး သူငယ်များပါဝင်စေရန် မည်သည့်စုဆောင်းမှုကိုမဆို တားမြစ်ထားပြီး အသက် (၁၈) နှစ်အောက် ကလေးများကို လက်နက်ကိုင်စစ်တပ် သို့မဟုတ် အဖွဲ့များအတွင်းသို့ ဆန္ဒအလျောက် သို့မဟုတ် အတင်းအကြပ် ပါဝင်စေခြင်းများ ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု တရားရုံးမှ ရောမဥပဒေ (Rome statute) တွင် စစ်ရာဇဝတ်မှုအဖြစ် သတ်မှတ် ထားပြီး အသက် (၁၅) နှစ်အောက်ကလေးများကို စစ်မက်ရေးရာများ၌ စစ်မှုမထမ်းမနေရ သို့မဟုတ် စစ်သားစာရင်းသွင်း ခြင်းများကို တစ်ခုခြင်း တရားစွဲဆို အပြစ်ဒဏ်ချမှတ်ရန် သတ်မှတ်ထားသည်။ မှတ်သားရန်အချက်မှာ ကလေးသူငယ်ကို လက်နက်ကိုင်တပ်ဖွဲ့တွင် သူ၏သဘောဆန္ဒအလျောက်ပါဝင်စေခြင်းမှာလည်း သင့်လျော်မှန်ကန်မှုမရှိဘဲ ထိုကလေးများ သည် ထိုသို့လွတ်လပ်စွာ၊ အသိဉာဏ်ရှိသောဆုံးဖြတ်ချက်များ ချမှတ်နိုင်ခြင်းမရှိကြသေးသောကြောင့်ဖြစ်သည်။

အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ပွားခဲ့သည့် လက်နက်ကိုင် ပဋိပက္ခများ တွင် ကလေးများသည် မြန်မာလက်နက်ကိုင်တပ်ဖွဲ့ (တပ်မတော်) နှင့် တိုင်းရင်းသားလက်နက်ကိုင် နှစ်ဖက်လုံးမှ အတင်းအကြပ်စုဆောင်းသိမ်းသွင်းခြင်းကို ခံခဲ့ကြရသည်။ နှစ်ဖက်စလုံးမှ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များနှင့် ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးများကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း လုပ်ဆောင်ခဲ့သော်လည်း အခြေအနေမှာ ထိရှလွယ်ဖြစ်နေခဲ့ပြီး တပ်မတော်နှင့် အချို့သောလက်နက်ကိုင် တိုင်းရင်းသားအဖွဲ့များအကြားတွင် ပဋိပက္ခများ ဆက်လက်တည်ရှိနေဆဲဖြစ်ပါသည်။ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးများကို အသုံးပြုခြင်း၊ ကလေးသူငယ် အဓမ္မလုပ်သားများမှာ အမှန်တရားသာဖြစ်ပါသည်။[၁၅] လက်နက်ကိုင်ပဋိပက္ခများမှ ကလေးသူငယ်များ၏ ပြဿနာများဖြစ် သည့် အသုံးချခံရခြင်း၊ စုဆောင်းခြင်း သို့မဟုတ် လက်နက်ကိုင်ပဋိပက္ခများကြောင့် သက်ရောက်ခံရခြင်းများကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဖြေရှင်းချက် ၁၆၁၂ နှင့် မြန်မာနိုင်ငံရှိ အဓမ္မလုပ်သားများ ဆိုင်ရာ ILO ၏ အစီရင်ခံစာများတွင် အတိအလင်းလက်ခံဖော်ပြခဲ့ပြီးဖြစ်သည်။

တပ်မတော်မှတပ်သားစုဆောင်းမှုမှာ မြန်မာနိုင်ငံတွင် ဒေသအလိုက် အခြေအနေ အမျိုးမျိုးကွဲပြားသည်။ အောက်ပါ အတိုင်း အကျဉ်းချုပ်ဖော်ပြနိုင်သည်။

၁) အဓမ္မ စုဆောင်းခြင်း/အသုံးပြုခြင်း။ ကိုယ်ထိလက်ရောက်ကျူးလွန်မှုများ ပါဝင်သည်။

၂) လိမ်လည်လှည့်ဖျား၍ စုဆောင်းခြင်း/အသုံးပြုခြင်း။ ငယ်ရွယ်သူများနှင့် မိသားစုနှင့် မနေလိုတော့ဘဲ ရှန်းကန် လှုပ်ရှားလိုသည့် ဆင်းရဲသောကလေးငယ်များကို သင်တန်းကောင်းကောင်း၊ အလုပ်နှင့် လစာကောင်းကောင်း၊ အခြားသော မက်လုံးများပေးပြီး မမှန်ကန်သော ကတိပြုသိမ်းသွင်းခြင်းများပါဝင်သည်။

၃) စေတနာ့ဝန်ထမ်း စုဆောင်းခြင်း/အသုံးပြုခြင်း။ ယင်းမှာ စီးပွားရေးလိုအပ်ချက်၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများမရှိခြင်းကြောင့်ဖြစ်သည်။တခါတရံယောကျ်ားလေးများသည် စစ်သားစုဆောင်းရေးဌာနများသို့ ကိုယ်တိုင်လာရောက်လျှောက်ထားကြခြင်းများဖြစ်ပြီး

[၁၅] A Legal Review of National Laws and Regulations related to Child Labour in Myanmar in light of International Laws and Standards – Executive Summary by IPEC (ILO: Geneva, 2015), p. 1

တခါတရံ ၎င်းတို့၏ မိဘများမှ လာသွင်းကြခြင်းဖြစ်သည်။

၄) ဆယ်တန်းစာမေးပွဲကျခြင်း သို့မဟုတ် ချစ်သူရည်းစားမှပစ်သွားခြင်းတို့ကြောင့် စိတ်ညစ်လာသော ငယ်ရွယ်သူများ၏ ကိုယ်ရေးကိုယ်တာပြဿနာများကို ဖြေရှင်းရန်အတွက် ဝင်ရောက်ကြခြင်းများရှိပြီးယင်းသည်မြန်မာတွင်သာမဟုတ်သောဆယ်ကျော်သက်လူရွယ်များ၏ ကြီးမားသောပြဿနာများဖြစ်သည်။

၅) ပဋိပက္ခဖြစ်ပွားသည့်ကာလအတွင်း အသစ်စုဆောင်းရရှိသော ကလေးစစ်သားများမှာ ပဋိပက္ခဖြစ်ပွားနေသည့် နေရာဒေသများမှ တပ်ရင်းများသို့ စေလွှတ်နေရာချထားခြင်းခံရသည်။

တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ ကလေးသူငယ်များကို လက်နက်ကိုင်ပဋိပက္ခများအတွက် စုဆောင်းခြင်း/ အသုံးပြုခြင်းဆိုင်ရာအချက်အလက်များကို ရရှိနိုင်မှုမှာအကန့်အသတ်ရှိနေဆဲသာဖြစ်ပြီး မည်သည့်နိုင်ငံတကာအဖွဲ့အစည်းမှ ထိုတိုင်းရင်းသားများထိန်းချုပ်သည့် နေရာဒေသများသို့ သွားခွင့်မရှိသောကြောင့်ဖြစ်သည်။ သို့သော်လည်း အချို့သောစစ်ဆေးအတည်ပြုပြီးသည့် အစီရင်ခံစာများတွင် တင်ပြထားချက်များအရ တိုင်းရင်းသားဒေသများတွင် နေထိုင်သည့် တိုင်းရင်းသားများမှာ ၎င်းတို့၏တိုင်းရင်းသားတပ်ဖွဲ့များသို့ဝင်ရောက်ရန် တာဝန်ဝတ္တရားရှိသည် ဟူသည့်စိတ်ဓာတ်သည် လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးငယ်များကို စုဆောင်းအသုံးပြုရန်ဖြစ်စေနိုင်သည့် အဓိကအကြောင်းရင်းဖြစ်သည်။ ထို့အပြင်တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များသို့ စုဆောင်းခြင်း/ဝင်ရောက်ခြင်းမပြုမီ ကလေးများကို အသက်အရွယ်စစ်ဆေးရန်မှာ ခက်ခဲပြီး တိုင်းရင်းသားဒေသများတွင် နိုင်ငံသားမှတ်ပုံတင် ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်းများမှာ ရှားပါးခြင်းကြောင့်ဖြစ်သည်။ တပ်မတော်မှ ယောကျ်ားလေးများကိုသာ စုဆောင်းခြင်းသော်လည်း တိုင်းရင်းသားလက်နက်ကိုင်များမှာ ယောကျ်ားလေး/မိန်းကလေး နှစ်မျိုးလုံးကို စုဆောင်းဟန်ရှိပါသည်။

## ကလေးလုပ်သားများတွေ့ကြုံရသည့် ဘေးအန္တရာယ် အမျိုးအစားများ [၁၆]

အလုပ်လုပ်နေသောကလေးများနှင့် လူငယ်များအတွက် အမျိုးမျိုးသောဘေးအန္တရာယ်များ တွေ့ကြုံရနိုင်ပါသည်။ ၎င်းတို့ ကို သတ်မှတ်ရာတွင် ကျန်ရစ်ခဲ့စေခြင်းမရှိစေရန်အတွက် စံသတ်မှတ်ချက်မူဘောင်ကို အသုံးပြုပါက အထောက်အကူ ဖြစ်စေမည်ဖြစ်သည်။ လုပ်ငန်းခွင်အတွင်းကျန်းမာရေးဆိုင်ရာတွေ့ကြုံရမှုများမှာ -

- ဇီဝဗေဒအန္တရာယ်များ - ဘေးအန္တရာယ်ရှိသော တိရစ္ဆာန်များနှင့် ပိုးမွှားများ၊ အဆိပ်ရှိသော သို့မဟုတ် ချွန်ထက်သည့် အပင်များ၊ ဘက်တီးရီးယား၊ ကပ်ပါးကောင်များ သို့မဟုတ် ဗိုင်းရပ်စ်ပိုးများ (HIV၊ အသည်းရောင် အသားဝါ)
- ဓာတုဗေဒအန္တရာယ်များ - အဆိပ်ရှိဓာတ်ငွေ့များ၊ အရည်များ (ပျော်ရည်၊ ဆေးရည်)၊သတ္တုများ (ကျောက်ဂွမ်းမှုန့်၊ ပြဒါး၊ ဆီလီကွန်၊ ခဲ)၊ အငွေ့များ (ယာဉ်အိတ်ဇော၊ ကော်များ)၊စိုက်ပျိုးရေးသုံး ဓာတုဗေဒ ပစ္စည်းများ (ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ပိုးမွှားသတ်ဆေးများ)၊ ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ။
- လုပ်ငန်းခွင်တွင်းမှ ဘေးအန္တရာယ်များ - သယ်ရ၊ မ ရသောအလုပ်များ သို့မဟုတ် လေးလံသည့် ဝန်များကို သယ်ရခြင်း၊ ထပ်ခါထပ်ခါလုပ်ရသော သို့မဟုတ် အားအင်စိုက်ထုတ်ရ

[၁၆] The Tripartite Process of Determining Hazardous Child Labour: Guide for Facilitators - Eliminating Hazardous Child Labour: Step by Step by IPEC (ILO: Geneva, 2012), p. 46.

သောလုပ်ရှားမှုများ၊ ပုံစံမကျသော အနေအထားဖြင့်အလွန်ကြာမြင့်စွာလုပ်ရသောအလုပ်များ။

- ရုပ်ပိုင်းဆိုင်ရာဘေးအန္တရာယ်များ - အလွန်အကျွံဖြစ်နေသောအပူချိန် (ပူခြင်း/ အေးခြင်း)၊ အသံ၊ တုန်ခါမှုများ၊ ဓာတ်ရောင်ခြည်လှိုင်းများ။
- စိတ်ပိုင်းဆိုင်ရာ ဘေးအန္တရာယ်များ - စိတ်ဖိစီးမှု၊ ခြိမ်းခြောက်ခံရခြင်း၊ ငြီးငွေ့ဖွယ်အလုပ်များ၊ ရွေးချယ်ပိုင်ခွင့်မရှိခြင်း၊ စိတ်လုံခြုံမှုမရှိခြင်း၊ နှောင့်ယှက်ခံရခြင်းများ၊ ညှင်းပန်းနှိပ်စက်မှု (လိင်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု)၊ တာဝန်ကြီးစွာယူရခြင်းများ။
- လူမှုရေးရာ ဘေးအန္တရာယ်များ - သက်တူရွယ်တူများ၊ မိဘများနှင့် ခွဲခွာ၍ အထီးကျန်နေရခြင်း၊ မူးယစ်ဆေးဝါး သို့မဟုတ် အရွယ်ရောက်သူများ လုပ်ကိုင်ပြုမူရသည်များနှင့် လုပ်ကိုင်ရခြင်းများ။
- အခြားသော ရုပ်ပိုင်းဆိုင်ရာ ဘေးအန္တရာယ်များ - ပြုတ်ကျနိုင်ခြင်း၊ အရာဝတ္ထုများနှင့် ညပ်နိုင်ခြင်း၊ ပိနိုင်ခြင်း၊ ပြတ်ရှမှု သို့မဟုတ် အပူလောင်ခြင်းများ။
- အလုပ်ခွင်အခြေအနေများ - ရှည်လျားသောအလုပ်ချိန်၊ ညအလုပ် သို့မဟုတ် အထီးကျန်အလုပ်လုပ်ရခြင်း၊ ရာဇဝတ်မှုထူပြောသောနေရာများ၊ သို့မဟုတ် ညအချိန်များတွင် ထွက်၍ အလုပ်လုပ်ရခြင်းများ။

သတိပြုရမည်မှာ အလုပ်ခွင်အတွင်းမိန်းကလေးများတွေ့ကြုံရသည့် ဘေးအန္တရာယ်များသည် ယောကျာ်းလေးများ တွေ့ကြုံရသည်များနှင့် တူကောင်းမှတူပေမည်။ လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်များကို သတ်မှတ်သည့်အခါတွင် ကျားမကွဲပြားမှုကြောင့် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များကို ထည့်သွင်းစဉ်းစားရန်လိုသည်။

"လုပ်ငန်းခွင်မှ အန္တရာယ်များသည် အဘယ်ကြောင့် ကလေးများအတွက် ထိခိုက်လွယ်စေသနည်း" ဟူသော အချက်အလက်များပိုမိုရလိုပါက လေ့ကျင့်ခန်း ၁၁.၃.၃ 'လုပ်ငန်းခွင်တွင်း ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေး' မှအကျဉ်းချုပ်မှတ်စု၊ လေ့ကျင့်ခန်း ၁၁.၂.၄ မှ 'အရွယ်ရောက်ပြီးသူများနှင့် ကလေးငယ်များ၏ အိမ်အကူလုပ်ငန်းများ' မှ အကျဉ်းချုပ်မှတ်စုတို့ကိုကြည့်ပါ။

## အလုပ်အကိုင်များရှိဘေးအန္တရာယ်နမူနာများ[၅၇]

| အလုပ်အကိုင်/ လုပ်ငန်း | အဓိက အလုပ်တာဝန် | ဘေးအန္တရာယ် များနှင့်ထိခိုက် နိုင်ချေရှိသည်များ | ဖြစ်လာနိုင်သည့် အကျိုးဆက်များ |
|---|---|---|---|
| စိုက်ပျိုးရေး | စက်ယန္တရားများ၊ စိုက်ပျိုးရေးသုံး ဓာတုပစ္စည်းများ၊ တိရစ္ဆာန်များနှင့် အလုပ်လုပ်ရခြင်း၊ သီးနှံများ ဆွတ်ခူးရခြင်း နှင့် သယ်ယူခြင်း | ဘေးကင်းလုံခြုံမှု မရှိသော စက်ယန္တရားများ၊ ဘေးအန္တရာယ် ရှိသော အရာဝတ္ထုများ (ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အလေးအပင်များ မရခြင်း၊ အလွန် မြင့်သော အပူချိန်) | ဓာတုဗေဒ အဆိပ်သင့်ခြင်း (နာတာရှည်၊ ပြင်းထန်သော ရောဂါ များ) ရှိခြင်း၊ အကိုက် ခံရခြင်းနှင့် အခြားသော ခန္ဓာကိုယ် ထိခိုက်မှုများ၊ ရောဂါများ။ |
| အိမ်အကူ | အိမ်မှုကိစ္စများ | နာရီပေါင်းများစွာ လုပ်ရခြင်း၊ အထီး ကျန်ခြင်း၊ လွတ်လပ်စွာ မသွားလာနိုင်ခြင်း၊ ညှင်းပန်း နှိပ်စက်မှုနှင့် အကြမ်းဖက်မှုပုံစံ အားလုံး။ | ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခြင်း၊ လူမှုရေးရာ အထီးကျန်ခြင်း။ |
| ပြည့်တန်ဆာ | ဧည့်သည်များကို နည်းလမ်းမျိုးစုံဖြင့် ကျေနပ်အောင် ပြုစုရခြင်း | လိင်မှုကူးသော ရောဂါများ၊ HIV၊ AIDS ကူးစက်ခံ ရခြင်း။ လိင်ပိုင်း ဆိုင်ရာ၊ စိတ်ခံစားမှု ဆိုင်ရာ နှိပ်စက် ညှင်းပန်းခံရခြင်း။ | ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ခံစားမှုဆိုင်ရာများ ထိခိုက်ခြင်း။ စောစီးစွာ ကိုယ်ဝန်ဆောင်ရခြင်း၊ မိခင်သေဆုံးခြင်း၊ သားသမီးမရဘဲ မြုံသွားခြင်း။ |

[၅၇] SCREAM by IPEC (ILO: Geneva, 2002), Module: Basic information မှရယူပါသည်။

| | | | |
|---|---|---|---|
| သတ္တုတွင်းလုပ်ငန်း | မြေအောက်သို့မဟုတ် မြေပေါ် တွင်တူးဖော်ရခြင်းများ။ လေးလံသော ဝန်များ ထမ်းပိုးရခြင်းများ။ | ဖုန်မှုန့်များ၊ ဓာတ်ငွေ့၊ အခိုးအငွေ့၊ အလွန်ကဲသော စိုစွတ်မှုနှင့် အပူချိန်အဆင့်များကို ခံစားရခြင်း။ ပုံသဏ္ဍာန်မမှန်သော အနေအထားဖြင့် အလုပ်လုပ်ရခြင်း (ခန္ဓာကိုယ်ကို ကုန်း၍၊ ဒူးထောက်၍၊ လဲလျောင်း၍၊ ဂူများအတွင်း) | ဖုန်မှုန့်ကြောင့် ဖြစ်သည့်အဆုတ်ရောဂါ (silicosis)၊ အဆုတ်တွင်းရှိ ဖိုင်ဘာမျှင်များ ပျက်စီးသည့် အဆုတ်ရောဂါ (Pulmonary fibrosis)၊ ကျောက်ဂွမ်းမှုန့်ကို ရှူရှိုက်သော ကြောင့်ဖြစ်သည့် အဆုတ်နာ (Asbestosis)၊ အဆုတ်လေပွန်များပျက်စီးပြီး အသက်မရှူနိုင်သည့်ရောဂါ (Emphysema) နှင့် ကြွက်သား/ အရိုးများ ပုံပျက်ခြင်း၊ အရိုးကျိုးခြင်း နှင့် ပြုတ်ကျမှု၊ ဂူတွင်းနေထိုင်ခြင်း ဖြင့်သေဆုံးရခြင်းများ။ |
| ဆောက်လုပ်ရေးလုပ်ငန်း | မြေတူးခြင်း၊ အလေးအပင်များ မ ခြင်း၊ ကျောက်တုံး၊ ကျောက်ဆောင်များခွဲရခြင်း၊ သဲနှင့်ဘိလပ်မြေများ ကော်ရခြင်း၊ သတ္တုဆိုင်ရာ အလုပ်များ။ | ပြုတ်ကျသည့် ပစ္စည်းများပိခြင်း၊ ချွန်ထက်သော အရာများနင်းမိခြင်း၊ အမြင့်မှပြုတ်ကျခြင်း၊ ဖုန်မှုန့်၊ အပူနှင့် ဆူညံသံများ ထိတွေ့ခံစားရ ခြင်း၊ အလေးအပင် မရခြင်းများ။ | ဆူညံသံ၊ တုန်ခါမှုနှင့် ဘေးအန္တရာယ် ရှိသောအရာများကြောင့် ကျန်းမာရေး ချို့တဲ့ခြင်း။ မတော်တဆမှုများနှင့် အမြင့်မှ ပြုတ်ကျခြင်း ကဲ့သို့ ထိခိုက်မှုများကြောင့် မသန်မစွမ်းဖြစ်ခြင်း။ |

| | | | |
|---|---|---|---|
| ပင်လယ်ရေနက်ငါးဖမ်းလုပ်ငန်း | သန္တာကျောက်တန်းများနှင့်ပိုက်ကွန်တို့ချိတ်ရန်အတွက် ရေအနက် (၆၀) မီတာ ခန့်အထိ ရေငုပ်ရခြင်း။ | မြင့်မားသည့် အပူချိန်ဒဏ်ကို ခံရ ခြင်း၊ အသားစား သတ္တဝါများ၊ အဆိပ်ရှိသတ္တဝါများ ၏ တိုက်ခိုက်ခြင်း ကိုခံရခြင်း၊ ကျပ်တည်းပြီး သန့်ရှင်းမှုမရှိသော အခြေအနေများ၊ အထီးကျန်အလုပ် လုပ်ရခြင်း၊ အဓမ္မ လုပ်သားဖြစ်ရပ်များ မှာ အဖြစ်များသည်။ | ရေဖိအားဒဏ်ကြောင့် နာမကျန်းဖြစ်ခြင်း (နားစည်ကွဲခြင်း)၊ သေဆုံးခြင်း သို့မဟုတ် ထိခိုက် ဒဏ်ရာရခြင်း၊ အစာအိမ် အူလမ်းကြောင်း နှင့် အခြား ဆက်သွယ်ရေး ဆိုင်ရာ ရောဂါများ။ |
| အုတ်ဖုတ်ခြင်း | ရွှံ့စေးကို ပြုပြင် ထုတ်လုပ်ခြင်း (ကြိတ်ခြင်း၊ ချေခြင်း၊ မွှေခြင်း၊ စစ်ဆေးခြင်းနှင့် ရောနှောခြင်း) | ဆီလီကိတ်၊ ခဲနှင့် ကာဗွန်မို နောက်ဆိုဒ်တို့ နှင့် ထိတွေ့ခြင်း၊ အလွန်လေးလံသော ဝန်ထုပ်ဝန်ပိုးများ ထမ်းရခြင်း၊ အုတ်ဖို မှအပူလောင်ခြင်း၊ မတော်တဆ ထိခိုက်နိုင်သော ကိရိယာများ ကိုင်တွယ်ရခြင်း။ | ကြွက်သားနှင့် အရိုးအဆစ်များ ပုံသဏ္ဍာန်ပျက်ခြင်း၊ ထိခိုက်ဒဏ်ရာ ရခြင်း။ |
| ကော်ဇော ရက်ခြင်း | လက်ဖြင့် ရက်ရခြင်း - လွန်းနှင့် ကော်ဇော ကိုရက်ခြင်း | မှုန့်မှုန်းအမှုန်များနှင့် သိုးမွေးမှထွက်သော အမှုန်များညစ်ညမ်းမှုကို ရှူရှိုက်မိခြင်း။ ဆိုးဝါးသော အလုပ်လုပ်ရသည့် အနေအထား (ဆောင့်ကြောင့်ထိုင်) ညံ့ဖျင်းသော အလင်းနှင့် လေဝင်လေထွက်။ | အသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါများ။ ကြွက်သားနှင့် အရိုး အဆစ်ဆိုင်ရာ ရောဂါများ။ အရွယ် မတိုင်မီ မျက်စိဒဏ်ဖြစ်ခြင်းနှင့် အမြင်အာရုံ ချို့ယွင်းခြင်း၊ ဓာတုဗေဒအဆိပ် အတောက်မိခြင်း၊ လုပ်ငန်းခွင်ပြင်ပမှ ရောဂါဘယ များ။ |

| | | | |
|---|---|---|---|
| သားရေနယ်<br>လုပ်ငန်း | သားရေနယ်ခြင်း၊<br>သားရေနှင့်<br>အရေခွံများကို<br>တာရှည်ခံအောင်<br>စီမံခြင်း။ | တိုက်စားမှုပြုရသည့်<br>ဓာတုဗေဒ<br>ပစ္စည်းများနှင့်<br>သားရေများမှ<br>ဘက်တီးရီးယားများ<br>ကူးစက်ထိတွေ့<br>မှုကိုခံစားရခြင်း။ | မီးသွေးကာဘွန်<br>မှုန့်များကြောင့်<br>ဒဏ်ရာဖြစ်ခြင်း၊<br>အရေပြားများ နီရဲ<br>ရောင်ကိုင်းခြင်းနှင့်<br>မှိုရောဂါ<br>ကူးစက်ခြင်းများ။ |
| ဖန်စက်ရုံ | အရည်ကျိုထားသည့်<br>ဖန်ပစ္စည်း များကို<br>ဆွဲထုတ်ရခြင်း၊<br>အရည်ကျိုရာတွင်<br>သုံးသည့်မြေနများကို<br>သယ်ပိုးရခြင်း။ | ဓာတ်ရောင်ခြည်မှ<br>ထွက်ရှိသည့် အပူနှင့်<br>အပူပေးရာမှ<br>ထွက်လာသည့်<br>ဖိစီးမှုများ။<br>အဆိပ်ရှိအငွေ့များ၊<br>ဆီလီကာအမှုန့်များ၊<br>ပူလောင်ကွဲရှ<br>နေသည့်ဖန်စများ<br>အပေါ်သို့ နင်းမိခြင်း၊<br>ကိုင်တွယ်ရခြင်းများ။ | မတော်တဆ<br>ထိခိုက်ဒဏ်ရာများ၊<br>မျက်လုံးကို<br>ထိခိုက်မှုများ၊<br>ဓာတုဗေဒအဆိပ်<br>အတောက်များ၊<br>အသက်ရှူလမ်းကြောင်း<br>ဆိုင်ရာ ရောဂါများ၊<br>အပူလောင်ခြင်း၊<br>ပြတ်ရှခြင်းများ။ |
| မီးခြစ်နှင့်<br>မီးရှူးမီးပန်း<br>ထုတ်လုပ်ခြင်း | ပူလောင်သည့်<br>ဓာတုဗေဒ<br>ပစ္စည်းများ<br>ရောခြင်း<br>(ရေနွေးငွေ့)၊<br>မီးခြစ်ဆံများ<br>ပြုလုပ်ခြင်း<br>နှင့် မီးရှူးပန်း<br>အတွင်းသို့<br>ယမ်းများ<br>ထည့်သွင်းရခြင်း။ | အန္တရာယ်ရှိသော<br>ဓာတုဗေဒ<br>ပစ္စည်းများ၊ မီး၊<br>ပေါက်ကွဲတတ်သည့်<br>ပစ္စည်းများနှင့်<br>ထိတွေ့ခြင်း | ဓာတုဗေဒပစ္စည်း<br>အဆိပ်သင့်မှုများ<br>စုပေါင်းသက်ရောက်ခြင်း၊<br>အသက်ရှူလမ်းကြောင်း<br>ဆိုင်ရာ ရောဂါများ၊<br>အပူလောင်ခြင်း၊<br>ပေါက်ကွဲမှုကြောင့်<br>ထိခိုက်ဒဏ်ရာ<br>ရ ခြင်းနှင့် သေဆုံးခြင်း။ |

| | | | |
|---|---|---|---|
| အမှိုက်ကောက်ခြင်း | အောက်ကျသည့် မသန့်ရှင်းသော အလုပ်၊ ဆေးရုံများ/ဓာတုဗေဒ စက်ရုံများမှ အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ ပါရှိနေသည့် အမှိုက်ပုံများတွင် တခါတရံ လက်ဗလာဖြင့် ပြန်လည်အသုံးပြုနိုင်သောပစ္စည်းများကို ရှာဖွေခြင်း | ဖန်ကွဲ/သတ္တုများကြောင့် ပြတ်ရှခြင်း၊ အန္တရာယ်ရှိသောအရာများနှင့်ထိတွေ့ခြင်း၊ ပုပ်ပွနေသည့် အရာများထံမှ ထွက်လာသည့် အနံ့ဆိုးများ၊ ယင်ကောင်များထံမှ ကူးစက်ရောဂါများ၊ အကြွင်းအကျန်များကို စားသုံးခြင်း။ | ပြတ်ရှမှုများကြောင့် မေးခိုင်ရောဂါဖြင့်သေဆုံးခြင်း၊ ဓာတုဗေဒ အဆိပ်သင့်ခြင်းနှင့် ကူးစက်ရောဂါများကူးစက်ခြင်း၊ သယ်ဆောင်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ အပူလောင် ခြင်း (မီးသိန်းဓာတ်ငွေ့များနှင့် ပေါက်ကွဲမှုများမှတဆင့်) |
| ကျောက်သင်ပုန်းထုတ်လုပ်ခြင်း | လေးလံသော ဝန်ထုပ်ဝန်ပိုးများ သယ်ရခြင်း၊ ခဲတံများနှင့် ကျောက်သင်ပုန်းများ ပြုလုပ်ခြင်း။ | လေးလံသော ဝန်ထုပ်ဝန်ပိုးများ သယ်ရခြင်းကြောင့် ထိခိုက်သက်ရောက်မှုများ၊ ဆီလီကာပါသောအမှုန်များနှင့် ထိတွေ့ခြင်း။ | ကြွက်သားနှင့် အရိုးအဆစ်ဆိုင်ရာ ရောဂါများ၊ အဆုတ်ရောဂါများနှင့် အရွယ်မတိုင်ခင် မသန်မစွမ်း ဖြစ်ခြင်းများ။ |

မတူညီသောအလုပ်အကိုင်များမှ ကလေးလုပ်သားများ၏ ဘေးအန္တရာယ်များနှင့်ပတ်သက်၍ အသေးစိတ်ပိုမိုသိရှိလိုပါက ကလေးလုပ်သားပပျောက်ရေး နိုင်ငံတကာစီမံချက် (IPEC) ၏ website http://www.ilo.org/public/english/standards/ipec/themes/hazard/index.htm, နှင့် ILO ရန်ကုန်၏ website: http://www.ilo.org/yangon/areas/childlabour/lang--en/index.htm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ထပ်မံဖတ်ရှုရန်အတွက် အရင်းအမြစ်များ

All-China Women's Federation & Sichuan Women's Federation, Xiao Fang Goes to Town, Anti-Trafficking Participatory Training Manual, UNICEF: Beijing, 2004.

Haspels, Nelien & Jankanish, Michele (eds.), Action Against Child Labour, ILO: Geneva, 1999.

Haspels, Nelien & Suriyasarn, Busakorn, Promotion of Gender Equality in Action against Child Labour and Trafficking: A Practical Guide for Organizations(GECL Guide), ILO: Bangkok, 2003.

ILO, A Global Alliance Against Forced Labour, Report 1B to the 93rd session of the International Labour Conference, Geneva, 2005.

ILO, Gender Equality Mainstreaming Strategies in Decent Work Promotion: Programming Tools – GEMS Toolkit, Geneva, 2010.

ILO, International Programme on the Elimination of Child Labour (IPEC), A Legal Review of National Laws and Regulations Related to Child Labour in Myanmar in Light of International Laws and Standards, ILO: Geneva: 2015, (full report, Executive Summary):
http://www.ilo.org/ipec/Informationresources/WCMS_IPEC_PUB_27436/lang--en/index.htm,
http://www.ilo.org/ipec/Informationresources/WCMS_IPEC_PUB_27437/lang--en/index.htm.
ILO, IPEC, Global Child Labour Trends 2008 to 2012, ILO: Geneva, 2013.

ILO, IPEC, Supporting Children's Rights through Education, Arts and the Media (SCREAM) – Stop Child Labour Education Pack, ILO: Geneva, 2002.

ILO, IPEC, The Tripartite Process of Determining Hazardous Child Labour: Guide for Facilitators - Eliminating Hazardous Child Labour: Step by Step, ILO: Geneva, 2012.

InFocus Programme on Promoting the Declaration, The International Labour Organization's Fundamental Conventions, ILO: Geneva, 2002.

Ministry of Labour, Immigration and Population (MOLIP), Central Statistical Organization (CSO) & ILO, Myanmar: Child Labour in 2015, Key Facts and Statistics, MOLIP; CSO; ILO: Yangon, 2016.

MOLIP, CSO & ILO, Myanmar Labour Force, Child Labour, and School to Work Transition Survey 2015 – Executive Summary Report, ILO: Yangon, 2016.

Nwe Nwe Aye & Aye Aye Tun, A Manual on Adolescent Reproductive Health:"Fledglings": Teens in Myanmar (Fledglings Manual), Save the Children UK: Yangon, June 2000.

Terhorst, Rosalinda, Haspels, Nelien, Gender and Development for Cambodia (GAD/C) & Expansion of Employment Opportunities for Women (EEOW), Women Workers' Rights and Gender Equality: Easy Steps for Workers in Cambodia (WWRGE Manual – Cambodia), ILO: Bangkok, 2004.

## အသုံးဝင်သော Website များ

BBC: In Depth, Child Rights,

http://www.bbc.co.uk/worldservice/people/features/childrensrights

Child Right International Networks (CRIN), https://www.crin.org/en

Child Workers in Asia, http://asiasociety.org/child-workers-asia

ILO-Yangon, Child Labour in Myanmar,

http://www.ilo.org/yangon/areas/childlabour/lang--en/index.htm

International Programme on the Elimination of Child Labour (IPEC),

http://www.ilo.org/public/english/standards/ipec/index.htm

Fundamental Principles and Rights at
Work Branch (FUNDAMENTALS)

International Labour Organization
4 route des Morillons
CH-1211 Geneva 22 – Switzerland
Tel.: +41 (0) 22 799 61 11
Fax: +41 (0) 22 798 86 95

fundamentals@ilo.org - www.ilo.org/childlabour

@ILO_Childlabour

ILO Yangon Office

No. 1 Kanbae (Thitsar) Road
Yankin Township
Yangon – Myanmar
Tel: +(951) 233 65 39
Fax: +(951) 233 65 82

yangon@ilo.org - www.ilo.org/yangon